# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နတ်တော်လဆန်း (၃)ရက် ၊ စနေနေ့ ၊ (22-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၀၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ ရွေးကောက်ပွဲကို ဆင်နွဲမည်**
**နိုင်ငံတော်သစ် ရှေ့သို့ချီ။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်မှ ၂၁-၁၁-၂၀၂၅ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအတွင်း သက်ဆိုင်ရာအထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးရန် ဆောင်ရွက်ခဲ့ပါသည်။

၂။ အဆိုပါနေ့ရက်များအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ မဲပေးပိုင်ခွင့်ရှိသည့် စာမျက်နှာ ၁၈ ကော်လံ ၄

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၄၆၅ ဦးကို နယ်မြေခံတပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။ စာမျက်နှာ ၁၇ ကော်လံ ၁



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ရွှေလောင်းမြို့နယ် မရမ်းချောင်ရွာ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး** စာမျက်နှာ - ၁၆

**ပြည်ပသို့ ပို့ကုန်များတင်ပို့ခဲ့ပြီး နိုင်ငံတော်သို့ ပို့ကုန်ရငွေ အပြည့်အဝပြန်လည်ပေးသွင်းမှုမရှိသည့်အပြင် မြန်မာနိုင်ငံပဲမျိုးစုံ၊ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများကို ဆဲဆို၊ ခြိမ်းခြောက်ခဲ့သူများ ဖော်ထုတ်ဖမ်းဆီးအရေးယူ** စာမျက်နှာ -၂၂




ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာစာပေအကျိုးအားထုတ်ကြိုးပမ်းခဲ့သူများကို ဂုဏ်ပြုချီးမြှောက်

နိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာထမ်းဆောင်ခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာပေအနုပညာရှင်များကို အသိအမှတ်ပြုသည့်အနေဖြင့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုတို့ကို နိုင်ငံတော်က စိစစ်ရွေးချယ်ချီးမြှင့်လျက်ရှိသည်။ ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများကို နိုဝင်ဘာ ၂၀ ရက်တွင် စာပေဆုများပေးအပ်ချီးမြှင့်ခဲ့ရာ ဆုရရှိသည့်စာပေပညာရှင်ကြီးများ၊ စာရေးဆရာကြီးများနည်းတူ စာပေချစ်မြတ်နိုးသူတိုင်း ကြည်နူးဝမ်းသာဖြစ်ကြရသည်။

ယခုနှစ်တွင် နိုင်ငံတော်အဆင့်အခမ်းအနားဖြင့် ဆုချီးမြှင့်ခဲ့သည့် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်ငါးဦးရှိပြီး ဆုရရှိသည့်ဆရာကြီးများအားလုံးသည် ပညာဂုဏ်ရည်၊ စာပေဂုဏ်ရည်များပြည့်ဝကြသူများဖြစ်သည်။ အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်ကစပြီး နှစ်စဉ်ချီးမြှင့်ပေးအပ်ခဲ့ရာ ယခင်နှစ်ထိ စာပေပညာရှင်ကြီး ၄၈ ဦးကို အမျိုးသားစာပေတစ်သက်တာဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။ ထို့ပြင်၂၀၂၄ ခုနှစ်အတွက် ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၉၅၉ အုပ်အတွင်းမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၄ မျိုးကို ရွေးချယ်ခဲ့ပြီး စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၄၇ စောင်အတွင်းမှ ဘာသာရပ် ၁၄ မျိုးအနက် ဆုချီးမြှင့်ရန်ထိုက်တန်သည့် စာမူပေါင်း ၃၀ ကို ရွေးချယ်ခဲ့ပြီးဆုများချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

**"နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်ပြည်သူများ၏ကောင်းကျိုးကို ရှေးရှုသည့်ခေတ်မီ အသိပညာ၊ အတတ်ပညာများကို ဖြန့်ဖြူးပေးသည့်သုတစာပေများ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုအစဉ်အလာများကို လေးစားမြတ်နိုးတန်ဖိုးထားစိတ်များထက်သန်လာအောင် လှုံ့ဆော်ပေးသည့် ရသစာပေများကို အားထုတ်ရေးဖွဲ့ခဲ့ကြသည့်စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို အမျိုးသားစာပေဆုအဖြစ်ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုလျက်ရှိကြောင်း၊ ထိုကဲ့သို့ကောင်းမွန်သည့်အစဉ်အလာကို ၁၉၄၈ ခုနှစ်ကစတင်ခဲ့ပြီး ယခုဆိုပါက နှစ်ပေါင်း ၇၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း"** စသည်ဖြင့် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်သော၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

စာပေသည် လူတို့၏စိတ်ဓာတ်ကို သိမ်မွေ့စေတတ်သကဲ့သို့ မေတ္တာတရားကိုလည်း ကြီးမားလေးနက်စေသည့်အပြင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ တာဝန်သိစိတ်တို့ကိုလည်း ပေးစွမ်းနိုင်သည်။ ထိုသို့ပေးစွမ်းနိုင်သော စာကောင်းပေမွန်များကို ရေးသားသောစာဆိုတော်များ၊ စာပေပညာရှင်ကြီးများသည် ကလောင်စွမ်းဖြင့် တိုင်းပြည်နှင့်လူမျိုးအတွက်ကြီးမားသည့် အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးသည့်သူများဖြစ်သည်။ ထိုစာပေပညာရှင်ကြီးများ၊ စာပေအနုပညာရှင်များက စာပေအားဖြင့်နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးဆက်လက်သယ်ပိုးနိုင်ရန်၊ နိုင်ငံ၏ဂုဏ်ရောင်ထွန်းပြောင်စေရန်အတွက် မျိုးဆက်သစ်ကလောင်ရှင်များကို စေတနာကောင်းဖြင့်လက်ဆင့်ကမ်းခဲ့ကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စာဆိုတော်များ၊ စာပေပညာရှင်များကို ယခုကဲ့သို့ဖော်ထုတ်အားပေးချီးမြှောက်ပေးသည့် နိုင်ငံတော်အစိုးရနှင့်စာပေချစ်မြတ်နိုးသူ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ စေတနာတရားများသည် အထောက်အပံ့ကောင်းတစ်ရပ်ပင်ဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများ ရွေးချယ်ချီးမြှင့်ခံရသော စာပေပညာရှင်ကြီးများနှင့် စာပေဆုရရှိသူအပေါင်း၏ မြန်မာစာပေအကျိုးအတွက် အားထုတ်ကြိုးပမ်းခဲ့ကြသည့် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုချီးမြှောက်ခဲ့သည့်အပေါ် လေးစားဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ရေးသားလိုက်ရပါသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရွေးကောက်ပွဲကျင်းပရန် ၃၆ ရက် သာ လိုတော့သည်။
လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။
ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉
မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၈၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၈၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် နှမ်း ၁၅၁၁ ကေစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မော်လိုက်မြို့နယ်တွင် ၉၁၅ ကေ၊ ဖောင်းပြင်မြို့နယ်တွင် ၁၇၄ ကေ စုစုပေါင်း ၁၀၈၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မော်လိုက်ခရိုင်အတွင်း ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၁၅၁၁ ကေစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၈၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးချဲ့စိုက်ပျိုးနိုင်တဲ့အနေအထားမှာရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် နှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၉၅၃ ကေ၊ ဖောင်းပြင်မြို့နယ်တွင် ၅၅၈ ကေ စုစုပေါင်း ၁၅၁၁ ကေ ဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်တွင် ကွမ်းသီးခြောက်များအရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ကွမ်းသီးခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ကွမ်းသီးခြောက်များ နိုဝင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ဘက်က ထွက်တဲ့ ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေပါတယ်။ ဒီဘက်ကနေထွက်တဲ့ ဒေသထွက်ကွမ်းသီးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ကွမ်းသီးခြောက်တွေက အရင်ကထက် ရှားလာတာကြောင့် အဝယ်လိုက်နေတာ ဖြစ်ပါတယ်။ ကွမ်းသီးအရောင်းအဝယ်ကောင်းလာတော့ လုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေနဲ့ ကွမ်းသီးစိုက်တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်။ ညောင်တုန်းမြို့နယ်ဘက်ကထွက်တဲ့ ကွမ်းသီးတွေက အရည်အသွေးကောင်းပါတယ်"ဟု ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဒေသထွက်ကွမ်းသီးအစိမ်းများကိုဝယ်ယူပြီး ရောင်းတန်းဝင်သည့်အနေအထားထိ အခြောက်ခံကာ ပြန်လည်ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါဒေသတွင် ကွမ်းသီးစိမ်း၊ ကွမ်းသီးနု၊ ကွမ်းသီးခြောက်များ ထွက်ရှိပြီး ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီး ၃၆ နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂ ကွန်ဗင်းရှင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကျင်းပ




**မန္တလေး နိုဝင်ဘာ ၂၁**

၃၆ နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့်ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့်မြှင့်တင်ဆောင်ရွက်ရန်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့သည့် ၁၉၈၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်ကို ကမ္ဘာ့ကလေးများနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ယခုနှစ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ဆောင်ပုဒ်မှာ "နေ့စဉ်အခွင့်အရေးများ မြှင့်တင်ရေး၊ ကလေးများအသံနားထောင်ပေး" ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ် ကျင်းပလာခဲ့ရာ ၃၆ နှစ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်နေသော ကလေးသူငယ်များကိုလည်း ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုအသိုက်အဝန်း ပြန်လည်ဝင်ဆံ့နိုင်ရေးတို့ကို ဆက်စပ်ဝန်ကြီးဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး စီမံချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်းနှင့် ကလေးအားလုံး အကောင်းဆုံးအကျိုးစီးပွားဖြစ်စေရန် ဘက်စုံ၊ ကဏ္ဍစုံမှ ဝိုင်းဝန်းပူးပေါင်းကာ အကောင်အထည်ဖော် မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် Video Clip နှင့် အမှတ်(၁) မူလတန်းကြိုကျောင်း၊ ကလေးပြုစုရေးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ နားမကြားသောကလေးများကျောင်း၊ ရေပ်မွန် အမျိုးသမီးပရဟိတဂေဟာ၊ ပြည်လုံးချမ်းသာပရဟိတဂေဟာ၊ အမျိုးသမီးကလေးများ သင်တန်းကျောင်းတို့မှ ကလေးသူငယ်များ၏ တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက တေးသရုပ်ဖော် အကများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အဖွဲ့များကို ဂုဏ်ပြုငွေများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၉၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မတ်ပဲ ဧက ၁၉၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)



# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဓနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဓနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့် ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဓနိချပ်ရေ ၇၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ဓနိချပ်ရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အောက်တိုဘာလအတွင်း ဓနိချပ်ရေအများအပြားကို ရန်ကုန် ဈေးကွက်ထဲ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ တင်ပို့ရောင်းချခဲ့တဲ့ ဓနိချပ်တွေက ရောင်းပန်းလှသလို အရည်အသွေးလဲ ကောင်းပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလထဲမှာ ရန်ကုန်ဈေးကွက်က ဓနိဝယ်ယူမှု များပြားခဲ့ပါတယ်။ ဝယ်ယူမှုများပြားခဲ့တဲ့အတွက် ဒေသခံဓနိစိုက်ပျိုးတောင်သူတွေနဲ့ ဓနိထိုးလုပ်သားတွေပါ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဓနိစိုက်ပျိုးရေးလုပ်ငန်းကို ကျေးရွာ ၁၄ ရွာက ဒေသခံများက အဓိက စိုက်ပျိုးကြကြောင်း၊ အဆိုပါ ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ထိုသို့ ဓနိချပ်များဝယ်ယူမှုများပြားလာခြင်းကြောင့် ဓနိစိုက်ပျိုးတောင်သူများ၊ ဓနိထိုးလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ်မှ ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# သစ်အယ်သီး၏ ကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာလပြည့်ခင်



သစ်အယ်ပင်သည် မျိုးခွဲမျိုးစိတ်များပြားသော ရွက်ကြွေပင်မျိုးဖြစ်သည်။ သစ်အယ်ပင်သည် ဝက်သစ်ချပင်မျိုးတို့နှင့်မျိုးတူဖြစ်၍ ဖဂေးစီအီး (Fagaceae) မျိုးရင်းတွင်ပါဝင်သည်။

**သစ်အယ်ပင် အမျိုးအစားများ**

သစ်အယ်ပင်ကို ရှေးဂရိနှင့် ရောမလူမျိုးများက စတင်စိုက်ပျိုးခဲ့ရာမှ နိုင်ငံအသီးသီးသို့ ပျံ့နှံ့သွားခဲ့ခြင်းဖြစ်သည်။ ကမ္ဘာအရပ်ရပ်ရှိ သမပိုင်းဇုန်များ၌ ပေါက်ရောက်သော သစ်အယ်ပင်အမျိုးမျိုးရှိသည့် အနက် စားသုံးရန်အတွက် အဆန်ကောင်းစွာရရှိသော သစ်အယ်ပင်လေးမျိုးမှာ ကက်စတာနီးယား (Castanea) မျိုးခွဲဝင်များဖြစ်ပြီး ရုက္ခဗေဒအမည်ဖြင့် စပိန်သစ်အယ်မျိုး ကက်စတာနီးယားဆက်တီဗာ၊ အမေရိကန်သစ်အယ်မျိုး ကက်စတာနီးယားဒင်တေတား၊ ဂျပန်သစ်အယ်မျိုး ကက်စတာနီးယားကရီနေတာ၊ တရုတ်သစ်အယ်မျိုး ကက်စတာနီးယားမောလစ်ဆီမာတို့ဖြစ်ကြသည်။ အဆိုပါ သစ်အယ်မျိုးတို့သည် အမြင်လှအရောင်တောက်ပြီး အရသာချိုသည့် အသီး၏ အစေ့အဆန်ကို စားနိုင်သည့်အပြင် သစ်အယ်သားကိုလည်း အသုံးပြုနိုင်ပြီး အခေါက်သည် သားရေနယ်လုပ်ငန်းအတွက် အသုံးဝင်သောကြောင့် စီးပွားရေးတွက်ခြေကိုက်သော အဖိုးတန်သစ်ပင်မျိုးဖြစ်သည်။

**မြန်မာနိုင်ငံတွင် ပေါက်သောသစ်အယ်မျိုး**

မြန်မာနိုင်ငံတွင် သစ်အယ်ပင်အမျိုးပေါင်း ၁၄ မျိုးခန့်ရှိပြီး စား၍ကောင်းသော အစေ့အဆန်ရရှိသည့် ကက်စတာနီးယားဆက်တီဗာဟုခေါ်သော သစ်အယ်မျိုးသည် မြန်မာနိုင်ငံမြောက်ပိုင်း တောင်တန်းဒေသများ၌ စိုက်ပျိုးဖြစ်ထွန်းသည်။ ထို့ပြင် သစ်အယ်ပင်ကို ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ရှိ ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၃၀၀၀ ကျော်သည့်ဒေသများတွင် ကောင်းစွာစိုက်ပျိုးဖြစ်ထွန်းသည်။

**သစ်အယ်သီးအဆန်**

ဝက်သစ်ချပင်မျိုးတို့နှင့် မျိုးတူဖြစ်၍ ဖဂေးစီအီး မျိုးရင်းတွင်ပါဝင်ပြီး သေးသွယ်ရှည်လျား၍ ကြောင်မြီးနှင့်တူသော အဝါရောင်ပွင့်တံမျိုးနှစ်မျိုးပွင့်ရာ တစ်မျိုးတွင်ပွင့်တံတစ်ခုလုံး အဖိုပွင့်များသာဖြစ်ပြီး အခြားတစ်မျိုးမှာ ပွင့်တံ၏အပေါ်ပိုင်းတွင် အဖိုပွင့်များပွင့်၍ အောက်ခြေတွင် အမပွင့်များပွင့်သည်။ ထိုအမပွင့်များသည် ဆူးကဲ့သို့သော အမွေးများ ထူထပ်စွာပါဝင်သည့် အသီးအဖြစ်ကြီးထွားလာပြီး အတွင်း၌အဆန်ချောင်သော တစ်စေ့သီးတစ်ခုမှသုံးခုထိပါပြီး တချို့သောအသီးမျိုးများတွင် တစ်ဆန်တည်းသာ အဖတ်တင်လေ့ရှိသည်။ ထိုသို့ တစ်ဆန်တည်းသာကျန်သောအမျိုးများမှာ အဆန်စားရန်ကောင်းမွန်သောမျိုးများဖြစ်သည်။ စပိန်သစ်အယ်၊ သစ်အယ်ချိုဟုလည်းခေါ်သော ဥရောပသစ်အယ်သီးဆန်သည် ဥရောပနှင့်အမေရိကနိုင်ငံများ၌ စားသုံးကြသည့် သစ်အယ်သီးဆန်ဖြစ်ပြီး စပိန်၊ အီတလီနှင့် ပေါ်တူဂီနိုင်ငံတို့မှာ ပြည်ပသို့သစ်အယ်သီးဆန် အများဆုံးတင်ပို့သောနိုင်ငံများဖြစ်သည်။ အမေရိကန် သစ်အယ်သီးဆန်သည် ဥရောပသစ်အယ်သီးဆန်နှင့်နှိုင်းယှဉ်ပါက သေးငယ်ပြီး အရောင်မွဲသော အမွေးနုများနှင့် ဖုံးလွှမ်းနေသောကြောင့် အမြင်မလှသော်လည်း အရသာတွင် အမေရိကန်သစ်အယ်သီးဆန်၏ အရသာက ပိုမိုကောင်းမွန်သည်။

**သစ်အယ်သီးစားသုံးမှုပုံစံ**

ပထမတန်းစား သစ်အယ်သီးအစေ့ဆန်များကို အစိမ်းအတိုင်းဖြစ်စေ၊ လှော်၍ဖြစ်စေ၊ ပြုတ်၍ဖြစ်စေ စားကြသည်။ ဒုတိယတန်းစားသစ်အယ်သီးအစေ့ဆန်များကို အခြောက်ခံကာ မာအောင်ပြုလုပ်ပြီး အမှုန့်ကြိတ်၍ ဂျုံ၊ ပြောင်းတို့အစား စွပ်ပြုတ်၊ ပေါင်မုန့်နှင့် အခြားအစားအသောက်များ၌ ထည့်သွင်းအသုံးပြုကြသည်။ အသေးစားသစ်အယ်သီးအစေ့များကို နွားစာ၊ ဝက်စာစသည်ဖြင့် တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြသည်။

တရုတ်ကြိမ်စေ့ (Roasted Chestnut) ဟုခေါ်သည့် သစ်အယ်သီးလှော်နည်းကို တင်ပြလိုသည်။ သစ်အယ်သီး၏ ခုံးသည့်ဘက်အခြမ်း၏ အလယ်မှ အခွံကိုဓားနှင့်ခွဲပြီး အိုးထဲသို့ထည့်ပြီး မီးပြင်းပြင်းနှင့် ၁၀ မိနစ်ခန့်ပြုတ်ရမည်။ သစ်အယ်သီးကို ပြုတ်ပေးခြင်းဖြင့် လှော်သည့်အချိန်ကို သက်သာစေပြီး အထဲမှအသားများခြောက်မသွားစေရန်ဖြစ်သည်။ ၁၀ မိနစ်ခန့်ကြာပြုတ်ပြီးနောက် ဆယ်၍ရေစစ်ပြီးလှော်ပေးရသည်။ အလုပ်ရှုပ်သက်သာစေရန် မုန့်ဖုတ်စက်ထဲသို့လည်း ထည့်၍လှော်ပေးနိုင်သည်။ သစ်အယ်သီးကို ကွဲကြောင်းပါသည့်ဘက်ကို ကွဲကြောင်းလှန်ထားပြီး ခဲပတ်စက္ကူခင်းထားသော ဗန်းထဲသို့ထည့်ကာ မုန့်ဖုတ်စက်ထဲသို့ထည့်ပြီး အပူချိန် ၂၀၀ ဒီဂရီစင်တီဂရိတ်နှင့် မိနစ် ၂၀ ခန့်ကင်ပြီးနောက် အသင့်စားသုံးနိုင်ပြီဖြစ်သည်။

**သစ်အယ်ပင်၏ အသုံးဝင်ပုံအမျိုးမျိုး**

သစ်အယ်ပင်အရွက်များသည် အစိမ်းရင့်ရောင်ပြောင်လက်နေပြီး ရှည်ဝိုင်းဝိုင်းပုံသဏ္ဌာန်နှင့် အရင်းကြီး၍အဖျားသွယ်ပြီး အရွက်နားတွင် လွှသွားကဲ့သို့ ခပ်ကျဲကျဲ ချွန်မြသောအသွားရှိသည်။ အကြေးများနှင့်အခေါက်များကိုလည်း အမြောင်းများနှင့် ထင်ရှားစွာမြင်ရသည်။ ရောဂါအမျိုးမျိုးကြောင့် အပင်ညှိုးနွမ်းခြောက်သွေ့လာ၍ဖြစ်စေ၊ သစ်သားအလို့ငှာသုံးချင်၍ဖြစ်စေလဲဖြတ်ချလိုက်လျှင် ပင်ငုတ်တုတ် အပေါက်မြန်သော အပင်မျိုးဖြစ်ပြီး ဝက်သစ်ချသားအဖြစ်သုံးနိုင်ပြီး များသောအားဖြင့် ထင်းအဖြစ်အသုံးပြုကြသည်။ သစ်အယ်ပင်အသားကောင်းပါက တယ်လီဖုန်းတိုင်၊ ခြံဝင်းတိုင်နှင့် အချို့အဆောက်အအုံများ ဆောက်လုပ်ရာတွင်သုံးကြသည်။ သစ်ကြော ကျစ်လစ်သိပ်သည်းမှုမရှိသဖြင့် အရောင်တင်၍ မလှသော်လည်း နေအိမ်အဆောက်အအုံ အတွင်းဘက်ကျသောနေရာများတွင် ထည့်၍သုံးနိုင်သည်။ သစ်အယ်သားသည် လေဒဏ်မိုးဒဏ်ကြောင့်ဖြစ်စေ၊ မြေကြီးနှင့် အစဉ်ထိနေသောကြောင့်ဖြစ်စေ ဆွေးမြည့်ပျက်စီးမှုမရှိခြင်းသည် ၎င်း၏ထူးခြားသည့် ဝိသေသလက္ခဏာဖြစ်သည်။

**သစ်အယ်သီးတွင်ပါဝင်သောအာဟာရဓာတ်များ**

အာဟာရပြည့်ဝသော အခွံမာသီးများသည် အရသာရှိရုံမက ကျန်းမာရေးအတွက်လည်း အထူးကောင်းမွန်သည်။ ထို့အတူ သစ်အယ်သီးသည် ခန္ဓာကိုယ်အတွက်လိုအပ်သည့် ဗီတာမင် E၊ ဗီတာမင် C၊ ကျန်းမာရေးကောင်းစေသောအဆီ (Healthful Fat)၊ ပရိုတင်း (Protein)၊ အစာကြေစေသော အမျှင် (Dietary Fiber) အစရှိသည့် အာဟာရဓာတ်များအပြင် သတ္တုဓာတ်များ၊ ရှုပ်ထွေးသော ကစီဓာတ်မော်လီကျူးများ၊ ပရိုတင်းများ၊ Lipid ပါဝင်မှုမြင့်မားသည်။

**သစ်အယ်သီး ၁၀၀ ဂရမ်တွင်ပါဝင်သော သတ္တုဓာတ်များ**

သစ်အယ်သီး ၁၀၀ ဂရမ်တွင် ဗီတာမင် B1 ၀ ဒသမ ၂၂ မီလီဂရမ်၊ ဗီတာမင် B2 ၀ ဒသမ ၁၂ မီလီဂရမ်၊ ဗီတာမင် PP ၂ မီလီဂရမ်၊ ဗီတာမင် C ၅၁ မီလီဂရမ်တို့ပါဝင်ပြီး အဓိကသတ္တုဓာတ်များဖြစ်သည့် ဖော့စဖရတ် ၈၀ ဒသမ ၈၈ မီလီဂရမ်၊ ပိုတက်စီယမ် ၄၉၄ ဒသမ ၃၈ မီလီဂရမ်၊ ထုံးဓာတ် ၂၆ ဒသမ ၂၃ မီလီဂရမ်၊ HARDWARE ၀ ဒသမ ၄၇ မီလီဂရမ်၊ ဆိုဒီယမ် ၇ ဒသမ ၈၈ မီလီဂရမ်၊ မဂ္ဂနီးစ် ၂၁ ဒသမ ၇၅ မီလီဂရမ်၊ သွပ် ၆၂ မီလီဂရမ်၊ ကြေးနီ ၁၆၅ မီလီဂရမ်တို့လည်း ကြွယ်ဝစွာပါဝင်သည့်အပြင် ကာဗိုဟိုက်ဒရိတ် ၁၆၂ ကယ်လိုရီ ၆၅ ရာခိုင်နှုန်း၊ ပရိုတင်း ၁၃ ဒသမ ၂၄ ကယ်လိုရီ ၁၀ ရာခိုင်နှုန်းနှင့် Lipitor ၈ ဒသမ ၂၈ ကယ်လိုရီ ၂၅ ရာခိုင်နှုန်းပါဝင်သည်။ သစ်အယ်သီးသည် ကိုလက်စထရောကိုကျစေပြီး အင်ဆူလင်တိုးစေပါသည်။ သစ်အယ်သီးကိုစားသုံးခြင်းအားဖြင့် လူ့ခန္ဓာကိုယ်ရှိအင်္ဂါများစွာအတွက် ရရှိနိုင်သည့် ကျန်းမာရေးအကျိုးကျေးဇူးများစွာကို ဆက်လက်တင်ပြအပ်သည်။

❖ အာဟာရပြည့်ဝသော အခွံမာသီးများသည် အရသာရှိရုံမက ကျန်းမာရေးအတွက်လည်း အထူးကောင်းမွန်သည်။ ထို့အတူ သစ်အယ်သီးသည် ခန္ဓာကိုယ်အတွက်လိုအပ်သည့် ဗီတာမင် E၊ ဗီတာမင် C၊ ကျန်းမာရေးကောင်းစေသောအဆီ (Healthful Fat)၊ ပရိုတင်း (Protein)၊ အစာကြေစေသောအမျှင် (Dietary Fiber) အစရှိသည့် အာဟာရဓာတ်များအပြင် သတ္တုဓာတ်များ၊ ရှုပ်ထွေးသော ကစီဓာတ်မော်လီကျူးများ၊ ပရိုတင်းများ၊ Lipid ပါဝင်မှုမြင့်မားသည်။ ❖

**အူမကြီးလှုပ်ရှားမှုကောင်းမွန်စေသောသစ်အယ်သီး**

Dietary Fiber ပါဝင်မှုကြောင့် အူမကြီးလုပ်ဆောင်ချက်ကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်နိုင်သည်။

**ကိုယ်အလေးချိန်ကျစေသောသစ်အယ်သီး**

လေ့လာချက်များအရ သစ်အယ်သီးတွင် ကိုယ်အလေးချိန်ကျစေသော အချက်များကို တွေ့ရှိရပြီး အဝလွန်ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်သည်။

**ကင်ဆာဖြစ်ပွားမှုအန္တရာယ်ကို လျော့ကျစေသော သစ်အယ်သီး**

သစ်အယ်သီးတွင်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants)နှင့် ဗီတာမင် E ပါဝင်ခြင်းကြောင့် ကင်ဆာဖြစ်စေသည့်ဆဲလ်များကို တိုက်ဖျက်နိုင်ပြီး ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေသည်။

**ကိုလက်စထရောလျော့ကျစေနိုင်ခြင်း**

သုတေသနပညာရှင်များ၏ ၂၀၁၃ ခုနှစ်တွင် လေ့လာချက်များအရ သစ်အယ်သီးသည် နှလုံးနှင့်ပတ်သက်သော ရောဂါများဖြစ်ပွားနိုင်သည့် Lipoprotein Cholesterol ကို လျော့ကျစေသည်ဟု သိရသည်။ သစ်အယ်သီးစားပေးခြင်းဖြင့် နှလုံးကို ထိခိုက်စေသည့် ထို Lipoprotein Cholesterol ကို လျော့ကျစေသောကြောင့် နှလုံးနှင့်ပတ်သက်သော ရောဂါများဖြစ်ပွားမှုကို လျော့ကျစေနိုင်သည်။

**အင်ဆူလင်ပမာဏကိုတိုးစေနိုင်ခြင်း**

သစ်အယ်သီးကို စားသုံးပေးခြင်းဖြင့် အင်ဆူလင်ပမာဏကို တိုးပွားစေသောကြောင့် အမျိုးအစား-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေကို လျော့ကျစေနိုင်သည်။

**နှလုံးကျန်းမာစေနိုင်ခြင်း**

သစ်အယ်သီးတွင်ပါဝင်သည့် အာဟာရဓာတ်များက နှလုံးသွေးကြောဆိုင်ရာ ရောဂါဖြစ်ပွားမှုကို လျော့ကျစေနိုင်သောကြောင့် သစ်အယ်သီးကို စားသုံးပေးခြင်းဖြင့် နှလုံးကျန်းမာရေးကို ကောင်းမွန်စေနိုင်သည်။

**ရောင်ရမ်းမှုကိုလျော့ကျစေနိုင်ခြင်း**

သစ်အယ်သီးကို စားသုံးပေးခြင်းဖြင့် ရောင်ရမ်းမှုကို လျော့ကျရန် ကူညီနိုင်သည်။

သစ်အယ်သီးဖြင့် ဓာတ်မတည့်သူများလည်း ရှိနိုင်သောကြောင့် သတိထားစားသုံးသင့်သည်။

**သစ်အယ်သီးအနှစ်ချုပ်**

အစာလည်းဆေး ဆေးလည်းအစာဆိုသကဲ့သို့ သစ်အယ်သီးကို သင့်တင့်မျှတစွာ စားသုံးပေးခြင်းဖြင့် အူမကြီးလှုပ်ရှားမှုကောင်းမွန်စေခြင်း၊ ကိုယ်အလေးချိန်ကျစေခြင်း၊ ကင်ဆာဖြစ်ပွားမှုအန္တရာယ်ကို လျော့ကျစေခြင်း၊ ကိုလက်စထရောလျော့ကျစေခြင်း၊ အင်ဆူလင်ပမာဏကို တိုးစေခြင်း၊ နှလုံးကျန်းမာစေခြင်းနှင့် ရောင်ရမ်းမှုကိုလျော့ကျစေခြင်းအစရှိသည့် ကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်း တယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော် မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက် လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာ စေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျ လေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေး ကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

## မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၉၈၉၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မင်းကင်း နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး ခရိုင် မင်းကင်းမြို့နယ်တွင် ယခု နှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက် ပျိုးခဲ့သော မိုးစပါး ၉၈၉၈ ဧက ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၁၇၂၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော မိုးစပါး စိုက်ခင်းများကို ယခုနှစ် အောက် တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ကြ ရာ ယနေ့တွင် ၉၈၉၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧက လျှင် ၇၇ ဒသမ ၄၉ တင်း ထွက်ရှိ ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ မိုးစပါး ၃၁၇၂၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါ တယ်။ အဲဒီစိုက်ပျိုးထားတဲ့မိုးစပါး စိုက်ခင်းတွေ အခုလက်ရှိရိတ်သိမ်း နေပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေဆောင် ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေ အနေနဲ့ မိုးစပါးတွေအချိန်မီ စိုက် ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက် ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် မိုးစပါး စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုး ရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်းနှင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ် သိမ်းပြီး စပါးများ အမိုးအကာ အောက် အချိန်မီရောက်ရှိရေး အသိပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် စိုက်ပျိုး ထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက် နှုန်း ကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ က မျိုးကောင်းမျိုးသန့်ရွေးချယ် စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊တမန်းနှိုးပေါင်း ထိုးခြင်း၊ ဓာတ်မြေဩဇာစနစ် တကျသုံးစွဲခြင်း စသည့်နည်းပညာ ပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက် အောင် စိုက်ပျိုးနိုင်ပါက ဒေသ တွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ် ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ် ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

## ဖျာပုံမြို့နယ် ငါးအိမ်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖျာပုံ နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ ခရိုင် ဖျာပုံမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ငါးအိမ်စုကျေးရွာ၌ ဒသမ အကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်း ကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်း က အဆိုပါကျေးရွာ၌ ကျင်းပပြု လုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖျာပုံမြို့နယ် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်ကကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူ များ၊ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ နှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေး ရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေး ငွေထုတ်ချေးရာတွင် လိုက်နာရ မည့်စည်းကမ်း သတ်မှတ်ချက် များကို ရှင်းလင်းပြောကြားပြီး ငါးအိမ်စုကျေးရွာရှိ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင် များထံ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၉၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်နှင့် တာဝန်ရှိသူများ က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ ငါးအိမ်စုကျေးရွာတွင် ဒသမ အကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၃၈၆ ဒသမ ၅ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၁၆၉ သိန်း၊ ရေလုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် ခြောက်သိန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂၆ ဒသမ ၅ သိန်း၊ အခြား လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ်ခုနစ်သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၂ ဦး ကို ငွေကျပ် ၅၉၅ သိန်း ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

## လူငယ်တန်ဖိုး အားသစ်ပျိုး

- လူငယ်ကွဲ့ လူငယ်၊
  နုသစ်ပျို တန်ဖိုး
  လျှံဖြိုးမောက်ကြွယ်၊
  တန်ဖိုးရှိ ဘဝနယ်
  အလှခြယ် အားမာန်ပြည့်၊
  စိတ်အကြံ ကောင်းမြတ်
  ပေါင်းစပ်မမေ့။

- အားမာန်ကြွယ် မောက်လျှံပြည့်
  လမ်းမှန်ရှိ ရွေးချယ်ပါ၊
  ပန်းတိုင်ဆီ လှမ်းတက်
  ထမ်းရွက်ဝန်တာ၊
  လူငယ်ကွဲ့ အောင်မြေသာ
  ဆောင်စေရာ ဇွဲမာန်တင်း၊
  အိပ်မက်နယ် ထိုးဖောက်
  တိုးလျှောက်စေမင်း။

- လူ့ဝန်းကျင် ရောင်အလင်း
  ဆောင်နှင်းခဲ့ နုသစ်ပျို၊
  လူငယ်တွေ ဂုဏ်ပုဒ်
  မမြုပ်စေလို၊
  ဇွဲမာန်တင်း ဖျက်မဖြို
  အေးရိပ်ခို အစဉ်လှ၊
  တန်ဖိုးဂုဏ် ကိုယ်စီထားလို့
  ထင်ရှားဘဝ။ ။

ငြိမ်းချမ်းအောင်(နတ်တလင်း)

## မလှိုင်မြို့နယ် ကျောက်ဖူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီ လာခရိုင် မလှိုင်မြို့နယ် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်ဖူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မလှိုင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံ ကိန်း တာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ အလုပ် အကိုင်အခွင့်အလမ်းနှင့် မိသားစု ဝင်ငွေများတိုးပွားလာပြီး ဆင်းရဲ မှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၄၀ ဖြင့် စိုက်ပျိုး ရေးလုပ်ငန်းများ ဆောင်ရွက်ထား ရှိမှုအခြေအနေများ၊ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက် များအတိုင်း အမှန်တကယ်လိုက် နာဆောင်ရွက်မှုရှိ၊ မရှိနှင့် လ အလိုက်ဖြည့်သွင်းရမည့် စာရင်း ဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီး မှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့် ပတ် သက်၍လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်ဖူးကျေးရွာ တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ် ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်နေကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# နိုင်ငံတကာ သတင်းများ

## အိန္ဒိယနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ကြား လေကြောင်းကုန်စည်ပို့ဆောင်ရေး မကြာမီစတင်မည်

**ဒေလီ နိုဝင်ဘာ ၂၁**

အိန္ဒိယနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ကြား လေကြောင်းကုန်စည် ပို့ဆောင်ရေးလုပ်ငန်းကို မကြာမီကာလအတွင်း စတင်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တာလီဘန်အဖွဲ့၏ ကုန်သွယ်ရေးဝန်ကြီးနိုရုဒင်အဇီဇီ နယူးဒေလီမြို့သို့ ရောက်ရှိနေချိန်တွင် အိန္ဒိယနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ကြား လေကြောင်းကုန်စည်ပို့ဆောင်ရေး ပြန်လည်စတင်မည့်သတင်းကို အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားခြင်းဖြစ်သည်။

အိန္ဒိယနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ကြား ကုန်သွယ်ရေးမြှင့်တင်ရန်နှင့် ကုန်စည်စခန်းများဖွင့်လှစ်ရန် တာလီဘန်ကုန်သွယ်ရေးဝန်ကြီး နိုရုဒင်အဇီဇီက အိန္ဒိယအစိုးရကို တိုက်တွန်းထားသည်။

နယ်စပ်ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီးနောက် ပါကစ္စတန်နှင့် ထိစပ်နေသော နယ်စပ်တစ်လျှောက် ပိတ်ထားရသည့် အာဖဂန်နစ္စတန်နိုင်ငံသည် ကောက်ပဲသီးနှံ၊ ဆေးဝါးပစ္စည်းများနှင့် စက်မှုလုပ်ငန်းသုံးကုန်ပစ္စည်းများ ရရှိရေးအတွက် ရှန်းကန်နေရသည်။

အိန္ဒိယနှင့် အာဖဂန်နစ္စတန်နှစ်နိုင်ငံလုံးမှာ အိမ်နီးချင်း ပါကစ္စတန်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာနေကြသည့် နိုင်ငံများဖြစ်ကြသည်။

အိန္ဒိယအစိုးရအနေဖြင့် တာလီဘန်အဖွဲ့ကို အာဖဂန်နစ္စတန်၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်မပြုသေးသော်လည်း အိန္ဒိယနိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့မှာ သမိုင်းကြောင်းအရ ဆက်ဆံရေးကောင်းမွန်ခဲ့သော နိုင်ငံများဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပါကစ္စတန်နိုင်ငံ၌ စက်ရုံဘွိုင်လာအိုး ပေါက်ကွဲမှုဖြစ်ပွား၊ အလုပ်သမား ၁၅ ဦးသေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၁**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ကော်ထုတ်လုပ်ရေးစက်ရုံ တစ်ရုံ၌ ယနေ့တွင် ဘွိုင်လာအိုးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး အလုပ်သမား ၁၅ ဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

ကော်စက်ရုံပေါက်ကွဲမှုကြောင့် စက်ရုံမန်နေဂျာကို ပါကစ္စတန်ရဲတပ်ဖွဲ့က ဖမ်းဆီးထားသော်လည်း စက်ရုံပိုင်ရှင်မှာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကော်စက်ရုံ ဘွိုင်လာအိုးပေါက်ကွဲမှုဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို မသိရှိရသေးကြောင်း သိရသည်။

အဆိုပါ ကော်စက်ရုံပေါက်ကွဲမှုကြောင့် စက်ရုံအဆောက်အအုံမှာ ဆိုးရွားစွာပျက်စီးခဲ့ပြီး အနီးနားရှိ နေအိမ်များလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားထားသည်။

လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေး စည်းမျဉ်းများ လျော့နည်းမှုကြောင့် ပါကစ္စတန်၌ စက်မှုလုပ်ငန်း မတော်တဆမှုများနှင့် စက်ရုံမီးလောင်မှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

ထို့ပြင် ၂၀၂၄ ခုနှစ်ကလည်း ဖိုင်ဆာလာဘတ်မြို့၌ ချည်စက်ရုံတစ်ရုံတွင် ဘွိုင်လာအိုးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အလုပ်သမား ၁၂ ဦး သေဆုံးခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ရုရှားသမ္မတ ပူတင် အနောက်ဘက်စစ်ဒေသကွပ်ကဲမှုဌာနချုပ်သို့ရောက်ရှိစဉ် ကူပီယန့်ခ်မြို့ကိုထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း ရုရှားစစ်ဦးစီးချုပ် အစီရင်ခံတင်ပြ




**မော်စကို နိုဝင်ဘာ ၂၁**

ယူကရိန်းနိုင်ငံ အရှေ့မြောက်ပိုင်း ကူပီယန့်ခ်မြို့ကို ရုရှားတပ်များက ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း ရုရှားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဗယ်လာရီဂျီရာဆီမော့ဗ်က နိုဝင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားအနောက်ဘက်စစ်ဒေသကွပ်ကဲမှုဌာနချုပ်သို့ သမ္မတပူတင်ရောက်ရှိနေချိန်တွင် ကူပီယန့်ခ်မြို့ ထိန်းချုပ်ထားမှုကို ဗိုလ်ချုပ်ကြီး ဂျီရာဆီမော့ဗ်က အစီရင်ခံတင်ပြခဲ့ခြင်းဖြစ်သည်။

အနောက်ဘက် စစ်ဒေသ လက်အောက်ခံ တပ်ဖွဲ့များအနေဖြင့် ကူပီယန့်ခ်မြို့ကို ထိန်းချုပ်ထားပြီး ယူကရိန်းတပ်များကို အော့စ်ကိုးလ်မြစ် လက်ဝဲဘက်ကမ်းပါး၌ ဝန်းရံပိတ်ဆို့ထားကြောင်း ဗိုလ်ချုပ်ကြီးဂျီရာဆီမော့ဗ်က ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားတပ်များအနေဖြင့် ပိုခရော့ဗ်မြို့ကိုလည်း ၇၀ ရာခိုင်နှုန်းထိ ထိန်းချုပ်ထားပြီးဖြစ်ကြောင်း ရုရှားစစ်ဦးစီးချုပ်က သမ္မတပူတင်နှင့်တွေ့ဆုံစဉ် တင်ပြခဲ့သည်။

အနောက်ဘက်စစ်ဒေသကွပ်ကဲမှုဌာနချုပ်ခရီးစဉ်အတွင်း သမ္မတပူတင်သည် ဗိုလ်ချုပ်ကြီးဂျီရာဆီမော့ဗ်အပြင် အခြားသော ရုရှားထိပ်တန်း ဗိုလ်ချုပ်ကြီးများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယူကရိန်းနှင့် ပဋိပက္ခစတင်ခဲ့သည့် ၂၀၂၂ ခုနှစ်မှစ၍ လက်ရှိအချိန်ထိ ရုရှားတပ်များသည် ယူကရိန်းတစ်နိုင်ငံလုံး အကျယ်အဝန်း၏ ၂၀ ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်ထားနိုင်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂျပန်နိုင်ငံတွင် ကမ္ဘာ့အကြီးဆုံးနျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြန်လည် လည်ပတ်နိုင်ဖွယ်ရှိ

**တိုကျို နိုဝင်ဘာ ၂၁**

ဂျပန်နိုင်ငံတွင် ကမ္ဘာ့အကြီးဆုံး နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ပြန်လည်စတင်လည်ပတ်ရန် ဂျပန်နိုင်ငံ နီအိဂါတာစီရင်စု အုပ်ချုပ်ရေးမှူးက သဘောတူထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မိမိအနေဖြင့် ကာရှီဝါဇာကီ-ကီရီဝါ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံကို လုပ်ငန်း ပြန်လည် လည်ပတ်ခွင့်ပေးရန် မိမိသဘောတူထားကြောင်း နီအိဂါတာစီရင်စုအုပ်ချုပ်ရေးမှူး ဟာနာဇူမီက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

သို့ရာတွင် ကာရှီဝါဇာကီ- ကီရီဝါ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအနေဖြင့် လုပ်ငန်းပြန်လည်လည်ပတ်နိုင်ရန် ဂျပန်အဏုမြူစွမ်းအင်အေဂျင်စီ၏ နောက်ဆုံးအတည်ပြုချက် ရယူရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ကာရှီဝါဇာကီ- ကီရီဝါ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၂၀၁၁ ခုနှစ်အတွင်း ဖူကူရှီးမားနျူကလီးယားကပ်ဘေး ပေါ်ပေါက်ခဲ့ပြီးနောက် စက်လည်ပတ်မှု ရပ်တန့်ထားခဲ့သည်။

အကယ်၍ စက်ရုံလည်ပတ်ခွင့် ပြန်လည်ရရှိခဲ့ပါက ကာရှီဝါဇာကီ-ကီရီဝါ စက်ရုံသည် ဖူကူရှီးမား နျူကလီးယားကပ်ဘေး ပေါ်ပေါက်ပြီးနောက်ပိုင်း လုပ်ငန်းပြန်လည်လည်ပတ်မည့် ပထမဆုံးသော ဂျပန် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံ ဖြစ်လာမည်ဖြစ်သည်။

သဘာဝသယံဇာတ ရှားပါးသည့် ဂျပန်နိုင်ငံသည် ရုပ်ကြွင်းလောင်စာအပေါ် မှီခိုနေရမှုကို လျှော့ချရေးအတွက် နျူကလီးယားစွမ်းအင်ကို ပြန်လည်အသုံးပြုရန် ဆန္ဒရှိနေကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ရာသီဥတုပြောင်းလဲမှုထိပ်သီးညီလာခံကျင်းပစဉ် ညီလာခံခန်းမဆောင် မီးလောင်မှုဖြစ်ပွား

**ရီယိုဒီဂျနေရိုး နိုဝင်ဘာ ၂၁**

ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောဒေသ ဘီလမ်းမြို့၌ နိုဝင်ဘာ ၂၀ ရက်က cop-30 ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ထိပ်သီးညီလာခံ ကျင်းပနေစဉ် ညီလာခံ ခန်းမဆောင်အတွင်း မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး နိုင်ငံတကာ သဘောတူညီချက်ရရှိရေးအတွက် နိုင်ငံတကာမှ ကိုယ်စားလှယ်များ ဆွေးနွေးနေစဉ် မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားစဉ် ညီလာခံ တက်ရောက်နေသည့် အရေအတွက် ထောင်နှင့်ချီရှိသော နိုင်ငံတကာ ကိုယ်စားလှယ်များကို ဘရာဇီးရဲတပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးသမားများက အရေးပေါ်ခေါ်ထုတ်ပေးခဲ့ရသည်။

မီးလောင်မှုအတွင်း မီးခိုးငွေ့များ ရှူရှိုက်မိခဲ့သည့် ကိုယ်စားလှယ် ၁၃ ဦးကို ဆေးဝါးကုသမှုများ ပြုလုပ်ပေးထားကြောင်း ဘရာဇီးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

cop-30 ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုထိပ်သီးညီလာခံ ခန်းမဆောင် မီးလောင်မှုကို မီးသတ်တပ်ဖွဲ့က ခြောက်မိနစ်အတွင်း ထိန်းချုပ်နိုင်ခဲ့သည်။

ဘီလမ်းမြို့ cop- 30 ထိပ်သီးညီလာခံ၌ နိုင်ငံပေါင်း ၁၉၀ ကျော်မှ ကိုယ်စားလှယ်များ တက်ရောက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ရှီကျိယန်အမျိုးအစား ဂြိုဟ်တုသုံးစင်းကို အောင်မြင်စွာလွှတ်တင်ခဲ့



**ပေကျင်း နိုဝင်ဘာ ၂၁**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ရှီကျိယန်အမျိုးအစားဂြိုဟ်တု သုံးစင်းကို နိုဝင်ဘာ ၁၉ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း နိုဝင်ဘာ ၂၀ ရက်သတင်းများအရ သိရသည်။

ရှီကျိယန်-၃၀ အေ၊ ရှီကျိယန်-၃၀ ဘီ၊ ရှီကျိယန်-၃၀ စီ အမည်ရှိ အထက်ပါ ဂြိုဟ်တုသုံးစင်းကို လောင်းမတ်ချ်-၂ စီ ဒုံးပျံဖြင့် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချိကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ စီ ဒုံးပျံသည် သယ်ဆောင်ထားသည့် ရှီကျိယန် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ရှီကျိယန် ဂြိုဟ်တုများကို အာကာသပတ်ဝန်းကျင် စူးစမ်းလေ့လာရေး လုပ်ငန်းများနှင့် ဆက်စပ်နည်းပညာများကို စမ်းသပ်ရာတွင် အသုံးပြုမည်ဖြစ်သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရှီကျိယန်ဂြိုဟ်တုများကို ရှန်ဟိုင်းအာကာသနည်းပညာကုမ္ပဏီက တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၉ ရက် ရှီကျိယန် မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၆၀၈ ကြိမ်မြောက်မစ်ရှင်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

**Ref : Xinhua News**
**Trs : KKO**


## နာဆာ၏ လကမ္ဘာကင်းထောက်အာကာသယာဉ်(အယ်လ်အာရ်အို)က လမျက်နှာပြင်ဥက္ကာချိုင့်ဝှမ်းသစ်တစ်ခုကို ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် နိုဝင်ဘာ ၂၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ လကမ္ဘာကင်းထောက် အာကာသယာဉ် (အယ်လ်အာရ်အို)သည် လမျက်နှာပြင် ဥက္ကာချိုင့်ဝှမ်းသစ်တစ်ခုကို ရှာဖွေတွေ့ရှိထားကြောင်း နိုဝင်ဘာ ၂၀ ရက်သတင်းများအရ သိရသည်။

အဆိုပါ လမျက်နှာပြင် ဥက္ကာချိုင့်ဝှမ်းသစ်မှာ အရွယ်အစားအားဖြင့် အချင်း ၇၂ ပေ (၂၂ မီတာ) ထိရှိကြောင်း နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အယ်လ်အာရ်အို အာကာသယာဉ်က ရရှိထားသော အချက်အလက်များအရ အဆိုပါဥက္ကာချိုင့်ဝှမ်းသစ်သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ တို့ကြား တစ်ချိန်ချိန်တွင်ပေါ်ထွက်ခဲ့သော ဥက္ကာချိုင့်ဝှမ်းဖြစ်နိုင်



ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာ၏ အယ်လ်အာရ်အို အာကာသယာဉ်သည် ရှေးယခင်ကလည်း လမျက်နှာပြင်ပေါ်၌ ပေါ်ထွက်လာသော ဥက္ကာချိုင့်ဝှမ်းသစ်များကို ရှာဖွေတွေ့ရှိခဲ့ဖူးသည်။

၂၀၀၉ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် အယ်လ်အာရ်အို အာကာသယာဉ်သည် လက်ရှိအချိန်ထိ လမျက်နှာပြင် ဥက္ကာချိုင့်ဝှမ်းပေါင်း ၂၀၀ ကျော်ကို ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

အယ်လ်အာရ်အို အာကာသယာဉ်က ရှာဖွေတွေ့ရှိခဲ့သော လမျက်နှာပြင် ဥက္ကာချိုင့်ဝှမ်းများထဲတွင် ရုရှား၏ လူနာ-၂၅ အာကာသယာဉ် ပျက်ကျမှုကြောင့် ပေါ်ထွက်ခဲ့သော ဥက္ကာချိုင့်ဝှမ်းလည်း ပါဝင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၉ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၂၁**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၉ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် နိုဝင်ဘာ ၁၉ ရက်တွင် လွှတ်တင်ခဲ့ကြောင်း နိုဝင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

နိုဝင်ဘာ ၁၉ ရက် မစ်ရှင်အောင်မြင်ခဲ့မှုကြောင့် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဂြိုဟ်တုကွန်ရက်တွင် အင်တာနက်ဝန်ဆောင်မှုပေးနိုင်သည့် ဂြိုဟ်တုစင်းရေမှာ ၈၀၀၀ ကျော်ထိ ရှိလာမည်ဖြစ်သည်။

စပေ့အိတ် ကုမ္ပဏီသည် အထက်ပါမစ်ရှင်အပါအဝင် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ မစ်ရှင်ပေါင်း ၁၄၈ ခုလွှတ်တင်ခဲ့ရာ ၁၀၇ ခုမှာ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သော မစ်ရှင်များဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## Hydralazine ခေါ် သွေးကျဆေးတစ်မျိုးက ဦးနှောက်ကင်ဆာဆဲလ်ကြီးထွားမှုကို တားဆီးနိုင်ဖွယ်ရှိ

**နယူးယောက် နိုဝင်ဘာ ၂၁**

ကမ္ဘာတစ်ဝန်းရှိ လူနာသန်းပေါင်းများစွာ သုံးစွဲခဲ့ကြသည့် Hydralazine သွေးကျဆေးတစ်မျိုးသည် ဦးနှောက်ကင်ဆာဆဲလ်ကြီးထွားမှုကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၂၀ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

Hydralazine အမည်ရှိ သွေးကျဆေးတစ်မျိုးသည် သွေးဖိအားမြင့်တက်မှုကို လျှော့ချပေးသည့်ဆေးဖြစ်ပြီး ကိုယ်ဝန်ဆောင်ကာလ သွေးဖိအားမြင့်တက်မှုကိုလည်း ထိန်းချုပ်ပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးတီးယားတက္ကသိုလ်မှ သုတေသန ပညာရှင်များသည် Hydralazine သွေးကျဆေးဖြင့် ဦးနှောက်ကင်ဆာရောဂါကို ကုသနိုင်ခြင်း ရှိ၊ မရှိကို စမ်းသပ်လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

သုတေသနပညာရှင်များသည် ဂလီယိုဘလပ်စတိုးမား (Glio-blastoma) ဦးနှောက်ကင်ဆာဆဲလ်များကို Hydralazine ဆေးဖြင့် လက်တွေ့စမ်းသပ်ခဲ့ကြခြင်းဖြစ်သည်။

စမ်းသပ်မှုကာလ သုံးရက်အကြာတွင် ဂလီယိုဘလပ်စတိုးမား ဦးနှောက်ကင်ဆာဆဲလ်များမှာ ကြီးထွားမှု ရပ်တန့်သွားကြောင်း သိရသည်။

Hydralazine ဆေးသည် အောက်ဆီဂျင် အာရုံခံအင်ဇိုင်း (ADO) များကို ပိတ်ပင်ပေးခြင်းဖြင့် ဦးနှောက်ကင်ဆာဆဲလ်များ ကြီးထွားမှုကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

**Ref : Russia Today**
**Trs : KKO**

## အစာခြေလမ်းကြောင်း ဗက်တီးရီးယားစုဖွဲ့မှုပုံစံနှင့် အော်တစ်ဇင်ရောဂါဖြစ်ပွားမှုတို့ကြား ဆက်စပ်မှုမရှိ

**ဒပ်ဗလင် နိုဝင်ဘာ ၂၁**


အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားစုဖွဲ့မှုပုံစံနှင့် အော်တစ်ဇင်ရောဂါ ဖြစ်ပွားမှုတို့ကြား ဆက်စပ်မှုမရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ နိုဝင်ဘာ ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အော်တစ်ဇင်ရောဂါလူနာများကြားတွင် အူမကြီးရောင်ရမ်းမှုရောဂါအပါအဝင် အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးပြဿနာများ ဖြစ်ပွားမှုနှုန်း မြင့်မားနေတတ်ကြောင်း သိရသည်။

သို့ဖြစ်ရာ အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားစုဖွဲ့မှုပုံစံနှင့် အော်တစ်ဇင်ရောဂါဖြစ်ပွားမှုတို့ကြား ဆက်စပ်မှုရှိနိုင်သည်ဟု အချို့ဆေးပညာရှင်များက ယူဆခဲ့ကြောင်း၊ အဆိုပါအယူအဆမှာ လွဲမှားနေပြီး အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားစုဖွဲ့မှုနှင့် အော်တစ်ဇင်ရောဂါတို့ ကြား ဆက်စပ်မှုမရှိကြောင်း အိုင်ယာလန် သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အော်တစ်ဇင်ရောဂါသည် မျိုးဗီဇနောက်ခံ အကြောင်းတရားများ၊ မွေးရာပါချို့ယွင်းမှုများ၊ လေထုညစ်ညမ်းမှုကဲ့သို့ နောက်ခံအကြောင်းတရားများနှင့် အခိုင်အမာဆက်စပ်နေပြီး အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားစုဖွဲ့မှုနှင့်ဆက်စပ်နေကြောင်း ပြသနိုင်သည့် ခိုင်မာသောသက်သေမျိုး မရှိကြောင်းအိုင်ယာလန်သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ၂၀၂၅ ခုနှစ် ATP Stefan Edberg Sportsmanship ဆုအတွက် ဆန်ခါတင်စာရင်းကို အယ်ကာရက်ဇ် ဦးဆောင်နေ

**လန်ဒန် နိုဝင်ဘာ ၂၁**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် ATP Tour အဖွဲ့ချုပ်က ၂၀၂၅ ခုနှစ် ATP Stefan Edberg Sportsmanship ဆုအတွက် ဆန်ခါတင်စာရင်းကို ထုတ်ပြန်ခဲ့ရာ ကမ္ဘာ့အဆင့်(၁) နေရာဖြင့် ၂၀၂၅ ခုနှစ် တင်းနစ်ရာသီကိုအဆုံးသတ်ခွင့်ရမည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်က ဦးဆောင်နေကြောင်း Forbes သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




အယ်ကာရက်ဇ်နှင့်အတူ ဆန်ခါတင်စာရင်းတွင် ကနေဒါ တင်းနစ်ကစားသမား ဖိလစ်အူကာ၊ ဘူလ်ဂေးရီးယား တင်းနစ်ကစားသမား ဒီမီထရော့ဗ်၊ နော်ဝေ တင်းနစ်ကစားသမား ကပ်စပါရုဒ်တို့လည်း ပါဝင်လာကြောင်း သိရသည်။

ATP Stefan Edberg Sportsmanship ဆုကို ကပ်စပါရုဒ်သည် ၂၀၂၂ ခုနှစ်တွင် လည်းကောင်း၊ အယ်ကာရက်ဇ်က ၂၀၂၃ ခုနှစ်တွင် လည်းကောင်း၊ ဒီမီထရော့ဗ်က ၂၀၂၄ ခုနှစ်တွင် လည်းကောင်း အသီးသီးဆွတ်ခူးထားသည်။

ATP Stefan Edberg Sportsmanship ဆုသည် တစ်နှစ်တာအတွင်း ATP Tour ၌ အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့သော ကစားသမားကို ချီးမြှင့်ပေးသည့်ဆုဖြစ်သည်။

အယ်ကာရက်ဇ်က "အခုလို ကစားသမားတိုင်း တန်ဖိုးထားရတဲ့ ဆုအတွက် ဆန်ခါတင်စာရင်းမှာ ပါဝင်ခွင့်ရခဲ့တာကို ဝမ်းသာဂုဏ်ယူပါတယ်။ ဒီဆုကို ၂၀၂၃ ခုနှစ်တုန်းက တစ်ခါရခဲ့ဖူးတယ်။ အဲ့ဒီတုန်းက ခံစားချက်ကို အခုထိမမေ့သေးပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ATP Tour ၏ တစ်နှစ်တာ အကောင်းဆုံး နည်းပြဆုအတွက် ဆန်ခါတင်စာရင်းကိုလည်း ထုတ်ပြန်လာခဲ့ရာ ဂျန်နစ်ခ်ဆင်နာ၏ နည်းပြနှစ်ဦးဖြစ်သည့် အီတလီနည်းပြ ဒါရင်းကာဟေးလ်နှင့် ဆိုင်မွန်၊ အယ်ကာရက်ဇ်၏ နည်းပြများဖြစ်သည့် စပိန်နည်းပြ ဂျူအန်ကားလို့စ်နှင့် ဆမ်မြူရယ်၊ ဖိလစ်အူကာ၏ နည်းပြဖြစ်သူ မော်ရိုကို နည်းပြ ဖွန်တန်၊ ဘင်ရှယ်လ်တန်၏ နည်းပြဖြစ်သူ အမေရိကန်နည်းပြ ဘရိုင်ယန်ရှယ်လ်တန်တို့က ဆန်ခါတင်စာရင်းတွင် ပါဝင်လာကြောင်း သိရသည်။

Ref : Forbes
Trs : AZL

## ဘက်တစ်အသင်းက အစ္စကို ကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုး

**မက်ဒရစ် နိုဝင်ဘာ ၂၁**

ဘက်တစ်အသင်းက ကွင်းလယ်ကစားသမား အစ္စကိုကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန်ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အစ္စကိုသည် ဘက်တစ်အသင်းနှင့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း အသင်းတာဝန်ရှိသူများက ကစားသမား၏ စွမ်းဆောင်ရည်ကောင်းများကြောင့် လုပ်ခလစာတိုးမြှင့်၍ နောက်ထပ် တစ်နှစ်သက်တမ်းတိုးရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အသင်းဥက္ကဋ္ဌ ဟာရီးက ကစားသမားနှင့် ပုဂ္ဂိုလ်ရေးသဘောတူညီမှု ရထားသော်လည်း ဆီဗီလာအသင်းနှင့် ဒါဘီပွဲစဉ်မတိုင်မီ လက်မှတ်ရေးထိုးရန်စီစဉ်ထားပြီး စာချုပ်တွင် သက်တမ်းတိုးခွင့်ပါရှိမည်ဖြစ်သည်။

အစ္စကိုက "ကျွန်တော့်အနေနဲ့ ဘက်တစ်အသင်းနဲ့ ဆုဖလားမရရှိသေးသမျှ အသင်းက ထွက်ခွာမှာမဟုတ်ပါဘူး။ ဒါကြောင့် ဘက်တစ်အသင်းနဲ့ သက်တမ်းတိုးသွားမှာဖြစ်သလို အသင်းနဲ့ ကာလရှည်လက်တွဲသွားမှာပါ"ဟု ပြောကြားခဲ့သည်။

ဘက်တစ်အသင်းသည် အန်တိုနီကို တစ်နှစ်လုပ်ခ ယူရို ၇ ဒသမ ၈ သန်းထိ လုပ်ခလစာအမြင့်ဆုံးပေးချေခဲ့ပြီးနောက် အစ္စကိုကိုလည်း လုပ်ခလစာတိုးမြှင့်၍ သက်တမ်းတိုးမည်ဖြစ်သောကြောင့် အစ္စကိုသည် အန်တိုနီနှင့်အတူ အသင်းတွင် လုပ်ခလစာအများဆုံး ကစားသမားဖြစ်လာမည် ဖြစ်ကြောင်း သိရသည်။

Ref : Goal.com
Trs : ML



## မန်ယူအသင်းက ရီးရဲလ်မက်ဒရစ်အသင်းမှ ချူအာမန်နီကို မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရ

**မက်ဒရစ် နိုဝင်ဘာ ၂၁**

မန်ယူအသင်းက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား ချူအာမန်နီကို ခေါ်ယူရန်အတွက် မြင့်မားသော ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို သန်း ၇၀ အပြင် အပိုဆုကြေး ယူရို သန်း ၂၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

မန်ယူအသင်း ကွင်းလယ်ပိုင်းတွင် ဝါရင့်ကွင်းလယ်ကစားသမား ကက်စ်မဲရီးအနေဖြင့် အနာဂတ်မရေမရာဖြစ်နေပြီး ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်သည့်အတွက် ၎င်း၏နေရာတွင် ချူအာမန်နီနှင့်အစားထိုးရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ချူအာမန်နီကို မိုနာကိုအသင်းတွင် ရှိစဉ်ကတည်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ဖူးပြီး ချူအာမန်နီက ရီးရဲလ်မက်ဒရစ်အသင်းသို့သာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့သောကြောင့် လက်လွှတ်ခဲ့ရပြီး ယခုအခါ ဒုတိယအကြိမ် ပြန်လည်ကြိုးပမ်းလာခြင်းဖြစ်သည်။

ချူအာမန်နီသည် လက်ရှိနည်းပြ အလွန်ဆိုလက်အောက်တွင် ကာမာဗင်ဂါကိုကျော်ဖြတ်ပြီး အဓိကကစားသမားတစ်ဦးအဖြစ် ပွဲထွက်ခွင့် ရနေသူဖြစ်သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက မန်ယူအသင်း၏ကမ်းလှမ်းမှုကို ပယ်ချခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ချူအာမန်နီအပြင် အယ်လ်ဟီလာအသင်းမှ ကွင်းလယ်ကစားသမား နီဗက်ကိုလည်း ခေါ်ယူရန်အတွက် ပစ်မှတ်ထားနေကြောင်း သိရသည်။

Ref : Goal.com
Trs : STA

## အာဆင်နယ်အသင်းက အဓိကတိုက်စစ်ကစားသမား ဆာကာကို ၂၀၃၀ ပြည့်နှစ်ထိ ကာလရှည်သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆို

**လန်ဒန် နိုဝင်ဘာ ၂၁**

အာဆင်နယ်အသင်းက အသင်းမှ အဓိက တိုက်စစ်ကစားသမား ဆာကာကို ၂၀၃၀ ပြည့်နှစ်ထိ ကာလရှည် သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အသက် ၂၄ နှစ်ရှိ ဆာကာသည် အာဆင်နယ်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် အသင်းနှင့်အတူ စတင်ပါဝင်ကစားခဲ့ကာ လက်ရှိ ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် အကောင်းဆုံး ညာတောင်ပံ တိုက်စစ် ကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။

အာဆင်နယ်အသင်းနှင့် ဆာကာတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး ဆာကာကို ရီးရဲလ်မက်ဒရစ်အသင်း အပါအဝင် ဥရောပ ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန်ပစ်မှတ်ထားနေသောကြောင့် အာဆင်နယ်အသင်းက လက်မလွှတ်လိုသည့် အတွက် ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုး စာချုပ်သစ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဆာကာသည် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက ဒဏ်ရာပြဿနာများကြောင့် ရှန်းကန်ခဲ့ရပြီး ပြိုင်ပွဲစုံတွင် ၁၂ ဂိုးသာ သွင်းယူနိုင်ခဲ့သူဖြစ်သည်။

ဆာကာသည် အာဆင်နယ်အသင်းနှင့်အတူ ဘောလုံးရာသီ ရှစ်ရာသီအတွင်း ပြိုင်ပွဲစုံ ၂၇၇ ပွဲထိ ပါဝင်ကစားပေးထားပြီး ၇၆ ဂိုးထိ သွင်းယူပေးထားနိုင်ခဲ့ကြောင်း သိရသည်။

Ref : Sky Sports
Trs : STA

### အားကစားသတင်းအတိုအထွာများ

- အာဆင်နယ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့က စိတ်ဝင်စားနေသည့် တိုက်စစ်မှူးဂီရက်ဆီကို မန်ယူအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ ဖြင့် ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။
- လူငယ်ကစားသမား ဒိုမန်းကို အာဆင်နယ်အသင်းက စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရထားသော်လည်း ဥရောပကလပ်အသင်း ငါးသင်းက ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်နေကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက တိုက်စစ်မှူး ဟာလန်းကို ခေါ်ယူရန်အတွက် နည်းပြဂွါဒီယိုလာစိတ်ဝင်စားနေသည့် ကွင်းလယ်ကစားသမား ဗယ်ဗာဒီကိုပါ အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် ကမ်းလှမ်းရန်စီစဉ်နေကြောင်း သိရသည်။ ML

# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအတွက် သတင်းစာရှင်းလင်းပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှယူ- ၁၇ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(G)အတွက် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း သတင်းစာရှင်းလင်းပွဲခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ အခမ်းအနားသို့ မြန်မာအသင်းနည်းပြ ဦးကျော်ဇေယျနှင့်အတူ အုပ်စုတွင်းမှ အာဖဂန်နစ္စတန်အသင်းနည်းပြ Mohammad Mohammadi၊ အိုမန်အသင်းနည်းပြ Ahmed Salim Said၊ ဆီးရီးယားအသင်းနည်းပြ Yaser Almustafa၊ နီပေါအသင်းနည်းပြ Sanjeet Singh တို့ တက်ရောက်ကြပြီး ဒေသတွင်းမီဒီယာများ၏ မေးမြန်းမှုများကို အသီးသီး ဖြေကြားခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ အခမ်းအနားတွင် မြန်မာအသင်းနည်းပြ ဦးကျော်ဇေယျက “ဒီပွဲအတွက်ပြင်ဆင်တာ ရှစ်လလောက်ရှိပါပြီ။ လိဂ်-၂ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သလို ထိုင်းနိုင်ငံမှာ ကျင်းပခဲ့တဲ့ လူငယ်ဖိတ်ခေါ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာမှာ တတိယနေရာရခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်မှာ တရုတ်နိုင်ငံကိုသွားပြီး တရုတ် ယူ-၁၇အသင်းနဲ့ခြေစမ်းပွဲ နှစ်ပွဲကစားခဲ့တာ တစ်ပွဲနိုင်၊တစ်ပွဲရှုံးခဲ့ပါတယ်။ ခြေစစ်ပွဲအောင်မြင်ဖို့ တစ်ပွဲချင်းကို အကောင်းဆုံးပြင်ဆင်ကစားသွားမှာ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

အာရှယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(G) အဖွင့်ပွဲစဉ်များကို နိုဝင်ဘာ ၂၂ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ကစားသွားမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို ပရိသတ်များ အနေဖြင့် အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **STA**

# မန်စီးတီးအသင်း ကစားသမားဟောင်း ဖာနန်ဒင်ဟို ကစားသမားဘဝမှအနားယူ

**မန်ချက်စတာ နိုဝင်ဘာ ၂၁**

ဥရောပကလပ် မန်စီးတီးအသင်းနှင့် ဘရာဇီးလက်ရွေးစင်အသင်းတို့တွင် ကစားခဲ့စဉ်က အောင်မြင်မှုရရှိခဲ့သည့် ကွင်းလယ်ကစားသမား ဖာနန်ဒင်ဟိုသည် ကစားသမားဘဝမှ အနားယူကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

ဖာနန်ဒင်ဟိုသည် အက်သလက်တီကိုပါရာနန်စီအသင်းနှင့် ကစားသမားဘဝ စတင်ခဲ့သော်လည်း ဥရောပကလပ် ရှက်တာဒိုးနက်အသင်းကခေါ်ယူခဲ့ရာ အသင်းတွင် ခြေစွမ်းပြသခဲ့ပြီးနောက် မန်စီးတီးအသင်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

၎င်းသည် မန်စီးတီးအသင်းတွင် အဓိက ကစားသမားတစ်ဦးဖြစ်လာခဲ့ပြီး ပြိုင်ပွဲစုံ ၃၈၃ ပွဲတွင် သွင်းဂိုး ၂၆ ဂိုးထိ သွင်းယူကာ အသင်းအတွက် အဓိက ဆုဖလားများအပါအဝင် စုစုပေါင်း ဖလား ၁၂ လုံး ရယူပေးခဲ့သည့် အသင်း၏ ဂန္ထဝင်ကစားသမားတစ်ဦး ဖြစ်လာခဲ့သည်။

ဖာနန်ဒင်ဟိုသည် ရှက်တာဒိုးနက်အသင်းတွင် ကစားခဲ့စဉ်က ယူကရိန်း အမှတ်ပေးဖလား ခြောက်ကြိမ်နှင့် ယူရိုပါလိဂ်ဖလားတစ်ကြိမ်ရခဲ့ပြီး ဘရာဇီးလက်ရွေးစင် အသင်းတွင်လည်း ၂၀၁၄ ကမ္ဘာ့ဖလားနှင့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် အဓိက ကစားသမားအဖြစ် ပါဝင်ခြေစွမ်းပြနိုင်ခဲ့သည်။

ဖာနန်ဒင်ဟိုသည် ကစားသမားဘဝတွင် ၂၀၀၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ကစားခဲ့သည့် ဥရောပကလပ်အသင်းများတွင် အောင်မြင်မှုရခဲ့ပြီးနောက် ကစားသမားဘဝစတင်ခဲ့သည့် အက်သလက်တီကိုပါရာနန်စီအသင်းသို့ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ပြန်လည်ရောက်ရှိခဲ့ပြီး အသက် ၄၀ အရွယ်တွင် အနားယူခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**



# ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန် Play-off အဆင့်တွင် အီတလီအသင်းနှင့် မြောက်အိုင်ယာလန်အသင်းတို့ ယှဉ်ပြိုင်မည်

**ရောမ နိုဝင်ဘာ ၂၁**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ ဥရောပဇုန် အုပ်စုပွဲစဉ်များအပြီး Play-off အဆင့်ပွဲစဉ်များကို ထုတ်ပြန်ခဲ့ရာ ၂၀၂၆ ခုနှစ် မတ် ၂၇ ရက် အီတလီနိုင်ငံ ရောမမြို့တွင် အီတလီအသင်းနှင့် မြောက်အိုင်ယာလန်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ ဥရောပဇုန်တွင် အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုပထမနေရာရခဲ့သည့် အသင်း ၁၂ သင်းအနေဖြင့် ခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်ခဲ့ကြပြီး လက်ကျန်လေးနေရာအတွက် အုပ်စုဒုတိယနေရာတွင် ရှိသည့် အသင်းများက Play-off ပွဲစဉ် ဆက်လက်ကစားပြီး အနိုင်ရမည့် အသင်းလေးသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

အီတလီအသင်းသည် ပြီးခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ခြေစစ်ပွဲ နှစ်ကြိမ်ဆက် မအောင်မြင်ခဲ့ဘဲ လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခြင်းမရှိခဲ့ကာ Play-off ပွဲစဉ် ဆက်လက်စားရမည်ဖြစ်ပြီး ရှုံးနိမ့်မည်ဆိုပါက သုံးကြိမ်ဆက် ပြိုင်ပွဲဝင်ခွင့် လွဲချော်မည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ ဥရောပဇုန် Play-off ပွဲစဉ်များ အဖြစ်အုပ်စု(A)တွင် အီတလီအသင်းနှင့် မြောက်အိုင်ယာလန်အသင်း၊ ဝေးလ်အသင်းနှင့် ဘော့စ်နီးယားအသင်း၊ အုပ်စု(B)တွင် ယူကရိန်းအသင်းနှင့် ဆွီဒင်အသင်း၊ ပိုလန်အသင်းနှင့် အယ်လ်ဘေးနီးယားအသင်း၊ အုပ်စု(C)တွင် တူကီယဲအသင်းနှင့် ရိုမေးနီးယားအသင်း၊ ဆလိုဗက်ကီးယား အသင်းနှင့် ကိုဆိုဗိုအသင်း၊ အုပ်စု(D)တွင် ဒိန်းမတ်အသင်းနှင့် မြောက်မက်ဆီဒိုးနီးယားအသင်း၊ ချက်အသင်းနှင့် အိုင်ယာလန်အသင်းတို့ တွေ့ဆုံကြမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# CME Group Tour Championship အမှတ်ပေးဇယားကို ဆိုမီလီ ဦးဆောင်

**ဖလော်ရီဒါ နိုဝင်ဘာ ၂၁**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် CME Group Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမှတ်ပေးဇယားကို တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဆိုမီလီက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ ဦးဆောင်ထားနိုင်ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်မယ် ကော့ပက်ဇ်က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ထိုင်းဂေါက်သီးရိုက်မယ် သီတီကူလ်၊ တောင်ကိုရီးယား ဂေါက်သီးရိုက်မယ်များဖြစ်ကြသော အင်ဂျီဟီ၊ ကင်စီယန်း၊ ဂျပန် ဂေါက်သီးရိုက်မယ် ဟာတာအိုကာတို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဗိုလ်စွဲရန် ရေပန်းစားနေသည့် ပြိုင်ပွဲဝင်များက အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နေကာ အကြိတ်အနယ်ရှိခဲ့ပြီး နောက်ဆုံးနေ့ထိ ယှဉ်ပြိုင်သွားရဖွယ်ရှိနေသည်။

ဆိုမီလီက “ကျင်းစိမ်တဲ့အချိန်မှာ ကျွန်မအနေနဲ့ လိုင်ဒီယာကိုရဲ့ စနစ်တွေကို အတုယူပြီးတော့ ရိုက်ခဲ့တာပါ။ လိုင်ဒီယာကိုရဲ့ နည်းစနစ်ပိုင်းက တော်တော်လေးကောင်းပါတယ်။ ကျွန်မအနေနဲ့ အရမ်းကောင်းတဲ့ ကစားသမားတွေကို အတုယူတာ အမှားတစ်ခုတော့ မဟုတ်ပါဘူး။ တကယ်ကောင်းတဲ့ နည်းစနစ်တွေဆိုရင် အတုယူသင့်ရင်ယူရမှာပဲ။ လေ့ကျင့်ရေးအစီစဉ်မှာလဲ သေချာအတုယူလေ့ကျင့်ခဲ့တဲ့အတွက် ပထမနေ့မှာ တော်တော်လေးကို အလုပ်ဖြစ်ခဲ့ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Espn**
**Trs : AZL**

# တိုက်စစ်မှူး တိုနေးက လုပ်ခလစာ ၅၀ ရာခိုင်နှုန်းလျှော့ယူ၍ ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ရန်ဆုံးဖြတ်

**လန်ဒန် နိုဝင်ဘာ ၂၁**

ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်အာလီအသင်းတွင် ကစားနေသည့် တိုက်စစ်မှူးတိုနေးက ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ရန်အတွက် လုပ်ခလစာ ၅၀ ရာခိုင်နှုန်းထိ လျှော့ယူမည်ဖြစ်ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အသက် ၂၉ နှစ်ရှိ တိုက်စစ်မှူး တိုနေးသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နည်းပြ တူချယ်၏ အင်္ဂလန်အသင်းလူစာရင်း၌ ပါဝင်ခွင့်ရရန် ပရီးမီးယားလိဂ် ကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရမည်ဖြစ်သောကြောင့် လက်ရှိ တစ်ပတ် လုပ်ခလစာ စတာလင်ပေါင် ၂၀၀၀၀၀ နီးပါးကို တစ်ဝက်



လျှော့ယူ၍ အသင်းပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စပါးအသင်းနည်းပြ ဖရန့်သည် တိုနေးကို အထောင်တိုက်စစ်ပိုင်းတွင် အသုံးပြုလိုသည့်အတွက် ပရီးမီးယားလိဂ်သို့ ခေါ်ယူရန် ကြိုးပမ်းနေကာ ကစားသမားအနေဖြင့်လည်း နည်းပြဖရန့်နှင့် ပြန်လည် ပူးပေါင်းသွားမည်ဖြစ်ပြီး လုပ်ခလစာလည်း လျှော့ယူမည်ဖြစ်သောကြောင့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် စပါးအသင်းသို့ ရောက်ရှိနိုင်ဖွယ်ရှိသည်။

တိုနေးသည် ဘရန့်ဖို့ဒ်အသင်းမှ အယ်အာလီအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၁ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့် ပြိုင်ပွဲစုံ ၅၉ ပွဲတွင် သွင်းဂိုး ၄၁ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ယခုနှစ် ပြိုင်ပွဲစုံ ၁၅ ပွဲတွင်လည်း ၁၁ ပွဲထိ ပါဝင်ကစားခွင့်ရထားသည်။

တိုက်စစ်မှူးတိုနေးကို ဝက်စ်ဟမ်းအသင်းနှင့် ချဲလ်ဆီးအသင်းတို့ကလည်း အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း စပါးအသင်းကသာ လက်ဦးမှုရယူနိုင်ရန် သေချာနေကြောင်း သိရသည်။ **Ref : Espn**
**Trs : ML**

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

**နေလင်းသူ**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးခိုင်မာမှုသည် ၎င်းနိုင်ငံ၏ ကုန်ထုတ်လုပ်မှု စွမ်းအားအပေါ်တွင် အဓိကမှီတည်နေသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံး အခန်းကဏ္ဍမှ ပါဝင်နေသည်။ နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များ အောင်မြင်စေရန် တည်ရှိပြီးရေမြေသဘာဝနှင့် လူသားအရင်းအမြစ်များကို ထိရောက်စွာအသုံးချ၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်တွင်းထုတ်ကုန်များနှင့် ပတ်သက်ပြီး ပမာဏများများ ထုတ်လုပ်နိုင် ခြင်း၊ မှန်မှန်ထုတ်လုပ်နိုင်ခြင်းနှင့် ထိုထုတ်ကုန်များကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်ထိ တင်ပို့နိုင်ခြင်းတို့သည် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတိုင်း၏ အခြေခံအကျဆုံး မဟာဗျူဟာများဖြစ်သည်။

နိုင်ငံတစ်နိုင်ငံအတွက် ကုန်ထုတ်လုပ်မှုသည် အရည်အသွေးမြင့်မားသည့် ထုတ်ကုန်များ မှန်မှန်ထွက်ရှိရန်နှင့် ပမာဏများများရရှိရန် လိုအပ်သည်။ ဤအချက်နှစ်ချက် ပြည့်မီမှသာ နိုင်ငံစီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့် ပြည်တွင်းစားသုံးမှု ဖူလုံရေးကို အာမခံနိုင်မည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှု မှန်မှန်ထွက်ရှိခြင်းသည် စီးပွားရေးတည်ငြိမ်မှုကို ဖော်ဆောင်ပေးသည်။ ထို့ပြင် ရာသီဥတု၊ ကပ်ရောဂါ၊ နိုင်ငံရေး မတည်ငြိမ်မှု အစရှိသည့်စိန်ခေါ်မှုများ ရှိပါက မရှိမဖြစ် လိုအပ်သည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ရုတ်တရက် ပြတ်တောက်မှု မဖြစ်စေရန် ကုန်ထုတ်လုပ်မှုကွင်းဆက်ကို ထိန်းညှိပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ကုန်ထုတ်လုပ်မှု ပမာဏများခြင်းသည် စီးပွားရေးတိုးတက်မှုကို အရှိန်မြှင့်တင် ပေးသည်။ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီစေပြီး ပိုလျှံသည့်ထုတ်ကုန်များကို ပို့ကုန်များအဖြစ် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်မည့်အခွင့်အလမ်းကို ဖန်တီးပေးသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ခြင်းဖြင့် ပြည်တွင်းဖူလုံမှုကို တည်ဆောက်ပြီး ထိုမှတစ်ဆင့် ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်သည့် စီးပွားရေးအင်အားစု ဖြစ်လာစေရန် ရည်ရွယ်သည်။

မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝပြီး လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင်နေထိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်နေကြသူများဖြစ်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှု၏ အခြေခံအုတ်မြစ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ပြီး ရေ၊ မြေ၊ သယံဇာတ ပေါများခြင်းကြောင့် သီးနှံမျိုးစုံနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများ ပိုင်ဆိုင်ထားသည်။ ထို့ပြင် နိုင်ငံတော်၏ဦးတည်ချက်များတွင် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ကိုချမှတ်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရန်အတွက် မိမိဒေသအလိုက် ကိုက်ညီသည့် စိုက်ပျိုးရေးလုပ်ငန်းများရွေးချယ်နိုင်ရန် ရာသီဥတုနှင့် ရေ၊ မြေအခြေအနေကို ဦးစွာသိရှိရန် အရေးကြီးသည်။ မြေဆီလွှာတွင်ပါဝင်သည့် အာဟာရဓာတ်များ (နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ ပိုတက်ဆီယမ်)၏ တန်ဖိုးနှင့် မြေသားဖွဲ့စည်းမှုကို ဦးစွာစစ်ဆေးရမည်။ မြေဆီလွှာ၏လိုအပ်ချက်ကို သိရှိခြင်းဖြင့် မည်သည့်သီးနှံသည် အသင့်တော်ဆုံးဖြစ်ကြောင်းနှင့် ဖြည့်စွက်ရမည့် မြေဆီဩဇာပမာဏကို သိရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် ဒေသအလိုက် ပုံမှန်မိုးရေချိန်၊ အပူချိန်၊ နေရောင်ခြည်ရရှိမှုနှင့် ရေအရင်းအမြစ် (မြစ်ချောင်း၊ မြေအောက်ရေ၊ ဆည်ရေ)ရရှိနိုင်မှု အခြေအနေများကိုလည်း လေ့လာသုံးသပ်ရမည်ဖြစ်သည်။ သီးနှံများအောင်မြင်ကြီးထွားမှုအတွက် တစ်နေ့လျှင် နေရောင်ခြည်သည် အနည်းဆုံး ၆ နာရီ လိုအပ်မည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် မျိုးကောင်းမျိုးသန့်များအသုံးပြုခြင်း၊ ခေတ်မီနည်းပညာ (စက်မှုလယ်ယာ၊ ရေသွင်းစနစ်)များဖြင့် စိုက်ပျိုးခြင်း၊ တိရစ္ဆာန်မျိုးစိတ်ကောင်းများ မွေးမြူခြင်းတို့ဖြင့် ကုန်ကြမ်းများ၏ အရည်အသွေးနှင့် ထုတ်လုပ်မှု ပမာဏကို တိုးမြှင့်နိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို အသုံးချပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီအုန်း စသည့်သီးနှံများကို စိုက်ပျိုးလျက်ရှိသော်လည်း ပြည်တွင်းစားသုံးဆီဖူလုံမှုတွင် လိုအပ်ချက်များရှိနေသဖြင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမှထွက်ရှိသည့် ဆန်၊ ပဲ၊ ဆီထွက်သီးနှံ၊ အသား၊ ငါး၊ ဥ တို့သည် ပြည်သူလူထု၏ အခြေခံစားသောက်ရေးအတွက် မရှိမဖြစ် လိုအပ်သည့် အခြေခံထုတ်ကုန်များဖြစ်သည်။ အဆိုပါ ထုတ်ကုန်များ လုံလောက်မှုရှိပါက စားနပ်ရိက္ခာဖူလုံခြင်း၊ ပြည်ပမှ စားသောက်ကုန်၊ သွင်းကုန်များကို မှီခိုအားထားမှု လျှော့ချနိုင်ခြင်း၊ ပြည်ပသို့ နိုင်ငံခြားငွေ စီးဆင်းမှုကို ကာကွယ်တားဆီးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။ ထို့ပြင် ပြည်တွင်းစားသုံးမှု ဖူလုံလာသည့်အခါ စားသုံးသူများအတွက် ဈေးနှုန်းတည်ငြိမ်မှုနှင့်အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များကို ပိုမိုရွေးချယ်ခွင့် ရရှိလာစေမည်ဖြစ်သည်။

ပြည်တွင်း၌ ကုန်ကြမ်းများ ဖူလုံစွာ ထွက်ရှိလာသည်နှင့်အမျှ နိုင်ငံ၏စီးပွားရေးကို ဒုတိယအဆင့်သို့ တက်လှမ်းရန်လိုအပ်သည်။ ထိုအဆင့်မှာ ကုန်ကြမ်းကို ကုန်ချောအဖြစ် တန်ဖိုးမြှင့်တင် ထုတ်လုပ်ခြင်းဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထုတ်ကုန်များကို ကုန်ကြမ်းအတိုင်း ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းသည် နိုင်ငံအတွက် ရသင့်ရထိုက်သည့် အကျိုးအမြတ်ကို လျော့နည်းစေသည်။ ထို့ကြောင့် ကုန်ကြမ်းကိုအခြေခံသည့်ကုန်ချောထုတ်လုပ်မှု (Agro-based Industries) စက်မှုကဏ္ဍကို တိုးမြှင့်ထူထောင်ရန် အထူးလိုအပ်သည်။ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းဆိုသည်မှာ စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် သီးနှံများ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များ၊ အမျှင်များ၊ မွေးမြူရေးထွက်ပစ္စည်းများ စသည်တို့ကို ကုန်ကြမ်းအဖြစ်အသုံးချပြီး တန်ဖိုးမြှင့်ကုန်ချောများ၊ အခြားစက်မှုလုပ်ငန်းများအတွက် သွင်းအားစုများ ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သည်။

**❖ စိုက်ပျိုးရေး၊ မွေးမြူရေးမှထွက်ရှိသော ကုန်ကြမ်းများကို အဆင့်သင့်စားသုံးနိုင်သည့် ကုန်ပစ္စည်းများ သို့မဟုတ် တန်ဖိုးမြင့်သော ကုန်ချောများအဖြစ် ပြောင်းလဲထုတ်လုပ်သည့်အခါ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါလာသည်။ ဥပမာ-စပါးကို အရည်အသွေးပြည့်မီသော ဆန်များအဖြစ် ကြိတ်ခွဲထုတ်လုပ်ခြင်း၊ ပဲကို ကုန်ကြမ်းအတိုင်း တင်ပို့မည့်အစား ပဲပြုတ်၊ ပဲကြော်၊ ပဲမှုန့်၊ ပဲငံပြာရည်၊ စည်သွပ်ဘူးများ စသည်ဖြင့် ပြောင်းလဲထုတ်လုပ်ခြင်း၊ သစ်သီးဝလံများကို ဖျော်ရည်၊ ယို၊ သစ်သီးခြောက်များအဖြစ် ထုတ်လုပ်ခြင်းတို့ဖြစ်သည်။ ❖**

စိုက်ပျိုးရေး၊ မွေးမြူရေးမှ ထွက်ရှိသော ကုန်ကြမ်းများကို အဆင့်သင့် စားသုံးနိုင်သည့် ကုန်ပစ္စည်းများ သို့မဟုတ် တန်ဖိုးမြင့်သော ကုန်ချောများအဖြစ် ပြောင်းလဲထုတ်လုပ်သည့်အခါ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါလာသည်။ ဥပမာ- စပါးကို အရည်အသွေး ပြည့်မီသော ဆန်များအဖြစ် ကြိတ်ခွဲထုတ်လုပ်ခြင်း၊ ပဲကို ကုန်ကြမ်းအတိုင်း တင်ပို့မည့်အစား ပဲပြုတ်၊ ပဲကြော်၊ ပဲမှုန့်၊ ပဲငံပြာရည်၊ စည်သွပ်ဘူးများ စသည်ဖြင့် ပြောင်းလဲထုတ်လုပ်ခြင်း၊ သစ်သီးဝလံများကို ဖျော်ရည်၊ ယို၊ သစ်သီးခြောက်များအဖြစ် ထုတ်လုပ်ခြင်းတို့ဖြစ်သည်။ ဒေသတွင်း ထွက်ရှိသည့်ကုန်ကြမ်းများကို အသုံးပြု၍ အရည်အသွေးမီ ကုန်ချောများ ထုတ်လုပ်နိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို ချေးငွေ၊ နည်းပညာနှင့် ဈေးကွက်ရှာဖွေမှုများဖြင့် အားပေးရန်လိုသည်။

နိုင်ငံတော်အနေဖြင့် တောင်သူများကို "ကောင်းမွန်သော စိုက်ပျိုးရေးနည်းလမ်း" GAP (Good Agricultural Practices) နည်းပညာဖြင့် စဉ်ဆက်မပြတ်လေ့ကျင့်ပေးခြင်း၊ အရည်အသွေး စစ်ဆေးရေးဓာတ်ခွဲခန်းများ တည်ဆောက်ခြင်း၊ ကုန်ချောထုတ် လုပ်မည့် MSME လုပ်ငန်းများအတွက် အတိုးနှုန်း သက်သာသော အထူးချေးငွေများ ဖန်တီးပေးခြင်းနှင့် ပို့ဆောင်ရေးကုန်ကျစရိတ်နှင့် ကြာမြင့်ချိန်များ လျှော့ချရန်အတွက် အခြေခံအဆောက်အအုံ စီမံ ခန့်ခွဲခြင်းတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ပေးရန် လိုအပ်သည်။

သို့မှသာ ကုန်ချောထုတ်လုပ်နိုင်ခြင်း၏ အဓိကအကျိုးကျေးဇူးဖြစ်သည့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက် ဝင်ရောက်နိုင်မည်ဖြစ်သည်။ နိုင်ငံတကာဈေးကွက်သို့ ကုန်ပစ္စည်းများ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံအတွက် အလွန်အရေးပါသည့် နိုင်ငံခြားဝင်ငွေများရရှိ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။ ထို့ပြင် ပြည်ပသို့ တင်ပို့ရန်အတွက် ကုန်ပစ္စည်းများသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ရသည့်အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများ၏ အရည်အသွေးကိုအလိုအလျောက်မြှင့်တင်ပေးရာရောက်ပြီး ပြည်တွင်းထုတ်ကုန်များ၏ အရည်သွေးနှင့် ဂုဏ်သိက္ခာကိုလည်း မြှင့်တင်ပေးရာရောက်သည်။ ထို့ပြင် ပြည်ပနိုင်ငံများ၏ လိုအပ်ချက်နှင့် စားသုံးမှုပုံစံများကိုလေ့လာပြီး မိမိတို့၏ထုတ်ကုန်များကို ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဈေးနှုန်းနှင့် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် မြန်မာ့ GDP ၏ ၃၀ ရာခိုင်နှုန်းခန့်ကို ပံ့ပိုးနေသော အဓိကကဏ္ဍကြီးဖြစ်သည်။ ၎င်းမှထွက်ရှိသော ကုန်ချောများကို ပြည်ပသို့ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ သိသိသာသာ တိုးတက်ရရှိလာမည်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ကုန်ချောထုတ်လုပ်သည့် MSME လုပ်ငန်းများနှင့် ကုန်သွယ်ပို့ဆောင်ရေးလုပ်ငန်းများတွင် အလုပ်အကိုင် အခွင့်အလမ်းသစ်များ များစွာပေါ်ပေါက်လာမည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုများပြားလာခြင်းနှင့် နိုင်ငံခြားငွေ ပိုမိုရရှိခြင်းကြောင့် နိုင်ငံ၏ဘဏ္ဍာရေးအင်အား တောင့်တင်းလာပြီး လျှပ်စစ်၊ ပညာရေး၊ ကျန်းမာရေး စသည့်လုပ်ငန်းများတွင် မရှိမဖြစ် လိုအပ်သည့် အခြေခံအဆောက်အအုံများနှင့် နည်းပညာပိုင်းဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးအတွက် စနစ်ကျသည့် ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေးစနစ်များသို့ တက်လှမ်းနိုင်ရန် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေး၊ လူမှုဘဝ အဆင်ပြေချောမွေ့စေရေးတို့တွင် နိုင်ငံတော်၏ ပံ့ပိုးကူညီဖြည့်ဆည်းမှုများဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုသည် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံပြီး တန်ဖိုးမြင့်ကုန်ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ခြင်းနှင့် ပြည်တွင်းမှသည် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ခြင်းဟူသော လုပ်ငန်းများအပေါ်တွင် မူတည်နေသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် သဘာဝ ရေခံမြေခံအခြေခံကောင်းများရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို နိုင်ငံအတွင်း ခေတ်မီနည်းစနစ်များဖြင့် အင်တိုက်အားတိုက် လုပ်ကိုင်ခြင်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အထွက်နှုန်းမြင့်မားလာပြီး ပြည်ပသို့ တင်ပို့နိုင်ခြင်းဖြင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဟူသည့်ဆောင်ပုဒ်နှင့်အညီ နိုင်ငံ၏ GDP မှာ မျှော်မှန်းထားသည့်အတိုင်း တိုးတက်မြင့်မားလာမည်မှာ ဧကန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- www.moali.gov.mm
- www.mdn.gov.mm
- www.moi.gov.mm
- www.mdn.gov.mm

# မောင့်မြဒါလီ ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ နိုဝင်ဘာ ၂၅ ရက်မှစတင်ကာ ထုတ်လွှင့်သွားမည်




ရန်ကုန် နိုဝင်ဘာ ၂၁

မောင့်မြဒါလီ ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ နိုဝင်ဘာ ၂၅ ရက်မှ စတင်ကာ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း အဆိုပါ မောင့်မြဒါလီ ရုပ်သံဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ခန့်စည်သူ ထံမှ သိရသည်။

အဆိုပါ မောင့်မြဒါလီ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းသည် စာရေးဆရာကြီး မောင်သိန်းဆိုင်၏ ထင်ရှားသည့်လုံးချင်းဝတ္ထုကို ထက်မြတ်နိုင်ဇင်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ခန့်စည်သူက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက စာရေးဆရာကြီး မောင်သိန်းဆိုင်ရဲ့ဝတ္ထုကို ဇာတ်လမ်းတွဲအဖြစ် ဖန်တီးပုံဖော်ရိုက်ကူးထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ နာမည်ကြီးစာရေးဆရာကြီးရဲ့ ဝတ္ထုဇာတ်လမ်းဖြစ်တဲ့အတွက် အကောင်းဆုံး ပုံဖော်ရိုက်ကူးထားပါတယ်။ မိသားစု ဒရာမာ ဇာတ်လမ်းကောင်းလေးပါ။ စောင့်မျှော်အားပေးကြပါအုံး"ဟု ဒါရိုက်တာ ခန့်စည်သူက ပြောပြသည်။

မောင့်မြဒါလီ ရုပ်သံဇာတ်လမ်းတွဲတွင် ခန့်စည်သူ၊ သုတအောင်၊ ကောင်းစစ်သွေး၊ ဟိန်းထက်ဇော်၊ စိုးမြတ်သူဇာ၊ နေရည်ဝင်းလှဲ့၊ မေသက်ကျော်၊ သျှား၊ မေမြတ်နိုးသွယ်၊ ဝါဝါအောင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း၊ မောင့်မြဒါလီ ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ နိုဝင်ဘာ ၂၅ ရက်မှ စတင်ကာ အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့ထိ ညစဉ်ည ၈ နာရီ မိနစ် ၅၀ တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Face of Beauty International 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ဟန်မေမြတ်ယွန်း ပါဝင်ယှဉ်ပြိုင်

ရန်ကုန် နိုဝင်ဘာ ၂၁

တရုတ်(တိုင်ပေ)တွင် ကျင်းပလျက်ရှိသည့် Face of Beauty International 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် ဟန်မေမြတ်ယွန်း ပါဝင်ယှဉ်ပြိုင်နေကြောင်း အလှမယ် ဟန်မေမြတ်ယွန်းထံမှ သိရသည်။

အဆိုပါ Face of Beauty International 2025 ပြိုင်ပွဲကို တရုတ် (တိုင်ပေ) တွင် နိုဝင်ဘာ ၂၀ ရက်မှစတင်ကာ ဒီဇင်ဘာ ၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် ပါဝင်ယှဉ်ပြိုင်သည့် အလှမယ် ဟန်မေမြတ်ယွန်းသည် Miss Universe Hakha 2023 National Costume Winner ဆုရရှိထားသူ ဖြစ်ကြောင်း သိရသည်။

"ညီမအနေနဲ့ Face of Beauty International ပြိုင်ပွဲကို မြန်မာကိုယ်စားပြုအနေနဲ့ ပါဝင်ယှဉ်ပြိုင်ရမှာမို့ အရမ်းကို စိတ်လှုပ်ရှားပါတယ်။ ညီမအနေနဲ့ ဒီပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုတွေလဲ အများကြီးလုပ်ထားပါတယ်။ Catwalk ပိုင်းရော၊ English Speaking ပိုင်းတွေရော၊ Dress တွေရော သေချာလေး ပြင်ဆင်ထားပါတယ်။ ကိုယ့်နိုင်ငံ ကိုယ်စားပြုအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ရတာမို့ ရလဒ်ကောင်းတွေ ပိုင်ဆိုင်နိုင်ဖို့ အားလုံးဝိုင်းဝန်း အားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု အလှမယ် ဟန်မေမြတ်ယွန်းက ပြောပြသည်။




အဆိုပါ Face of Beauty International 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံ အပါအဝင် ဘယ်လ်ဂျီယံ၊ ဘရာဇီး၊ အီကွေဒေါ၊ USA၊ ဂျပန်၊ ဘယ်လာရုစ်၊ ဖိလစ်ပိုင်၊ အက်စ်တိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ ဟာဝိုင်ရီ၊ အိန္ဒိယ၊ အီတလီ၊ ကိုရီးယား၊ မလေးရှား၊ မောရစ်သျှ၊ နမီးဘီးယား၊ နယ်သာလန်၊ ရုရှား၊ ဆိုက်ဘေးရီးယား၊ တောင်အာဖရိက စသည့်နိုင်ငံပေါင်း ၄၀ ကျော်မှ အလှမယ်များ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ မတော်တဆ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar တွင် ပြုလုပ်သွားမည်

ရန်ကုန် နိုဝင်ဘာ ၂၁

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ မတော်တဆ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ နိုဝင်ဘာ၂၃ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဝိုင်းစုခိုင်သိန်းထံမှ သိရသည်။

အဆိုပါ တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ မတော်တဆတစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် Transporter Music Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးကူညီ တီးခတ်ပေးသွားမည်ဖြစ်သည့်အပြင် Transporter Music Band ၏ ပင်တိုင်တေးသံရှင်များကလည်း အားဖြည့်ကူညီ သီဆိုပေး သွားမည်ဖြစ်သည်။

"Transporter Bar မှာ လာမဲ့ နိုဝင်ဘာ ၂၃ ရက် ညရှိနေပါမယ်။ Transporter ရဲ့ စင်မြင့်ထက်မှာ Transporter Music Band နဲ့ ပင်တိုင် Vocals တွေကလဲ အကောင်းဆုံး တီးခတ်သီဆိုသွားမှာဖြစ်ပါတယ်။ DJ Artists နဲ့ အမိုက်ဆုံး Dancers တွေရဲ့ Performance တွေက အသင့်စောင့်နေမှာမို့ အပြတ်လမ်းမဲ့ ဝိုင်းစုရဲ့ မတော်တဆ ဂီတညလေးတစ်ညကို ကြွခဲ့ပါလို့ဖိတ်ခေါ်လိုက်ပါတယ်" ဟု တေးသံရှင် ဝိုင်းစုခိုင်သိန်းက ပြောပြသည်။

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ မတော်တဆ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ နိုဝင်ဘာ ၂၃ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Star Trek ဇာတ်ကားသစ်ရိုက်ကူးရန် Paramount ကုမ္ပဏီစီစဉ်နေ

နယူးယောက် နိုဝင်ဘာ ၂၁

Star Trek ရုပ်ရှင်ဇာတ်ကားသစ်ကို ရိုက်ကူးရေးအတွက် Paramount ကုမ္ပဏီက စီစဉ်နေကြောင်း နိုဝင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

Star Trek ရုပ်ရှင်ဇာတ်ကားသစ်ကို တာဝန်ယူရိုက်ကူးပေးမည့် ဒါရိုက်တာအဖြစ် ဒါရိုက်တာ ဂျိုနသန်ဂိုးစတိန်းကို Paramount ကုမ္ပဏီက ရွေးချယ်ထားကြောင်း သိရသည်။

Star Trek ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဖရန်စစ်ဒါလီက တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

ဒါရိုက်တာ ဂျိုနသန်ဂိုးစတိန်းနှင့် ဇာတ်ညွှန်းရေးဆရာ ဖရန်စစ်ဒါလီတို့သည် Game Night နှင့် Dungeons and Dragons:Honour Among Thieves ဇာတ်ကားများ၌ လက်တွဲဆောင်ရွက်ခဲ့ဖူးသူများ ဖြစ်ကြပြီး လက်ရှိတွင် Star Trek ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်မည့်သူများကို Paramount ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။။

Ref : Russia Today

Trs : KKO




# Now You See Me : Now You Don't ၏ ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ ၇၅ ဒသမ ၅ သန်းရရှိ

နယူးယောက် နိုဝင်ဘာ ၂၁

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Now You See Me : Now You Don't ဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၅ သန်းထိ ရရှိခဲ့ကြောင်း နိုဝင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် Now You See Me : Now You Don't ဇာတ်ကားကို နိုဝင်ဘာ ၁၄ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် မျက်လှည့်လောကနောက်ခံ လျှို့ဝှက်သည်းဖို ဇာတ်ကားတွဲဖြစ်သည့် Now You See Me ဇာတ်ကား၏ တတိယမြောက် ဇာတ်ကားဖြစ်ပြီး Now You See Me : Now You Don't ဇာတ်ကားကို ဒါရိုက်တာ ရူဘင်ဖလက်ချာက ရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အားရစ်ဝါရန်ဆင်းဂါးနှင့် မိုက်ကယ်လက်စလီတို့က ရေးသားပေးထားသည်။

၎င်းဇာတ်ကားတွင် မင်းသား ဒေ့ဗရန်ကို၊ ဒန်နီရယ်ရက်ကလစ်၊ ဂျက်ဆီအိုင်ဆင်ဘာ့ဂ်၊ မော်ဂန်ဖရီးမင်း၊ မင်းသမီး အစ္စလာဖစ်ရှာ၊ ရိုဆာမန်ပိုက်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# 196 illegal buildings used in telecom fraud and online gambling demolished in KK Park area

## 351 more illegal foreign nationals arrested in Shwe Kokko area



Image of authorities clearing a building housing illegal immigrants.

**Nay Pyi Taw November 21**

The government of Myanmar is prioritizing the elimination of telecom fraud and online gambling as part of national duty as these criminal activities pose threat to global and international community. Joint inspection teams comprising security personnel and administrative bodies continue to conduct coordinated operations in the Shwe Kokko area and the KK Park area, where telecom fraud and online gambling activities have been most heavily based. These operations include entering and clearing targeted areas and demolishing illegal buildings and structures. Up to now, a total of 196 buildings constructed without permission were systematically demolished in Myawady-Mawhtawthalay (KK Park) area. Moreover, a total of 351 more foreign nationals who committed online gambling and frauds were exposed and detained in Shwe Kokko area.

A total of 14 buildings out of 635 buildings used in telecom fraud and online gambling in Myawady-Mawhtawthalay (KK Park) area were destroyed today. So far, the authorities have demolished 196 buildings constructed without permission, and the demolition process continues at remaining illegal buildings.

Likewise, a similar operation is being conducted in Shwe Kokko area starting from 18 November. Today, the fourth day, the combined teams searched three 12-storey buildings and three nine-storey buildings in Shinyonli compound of Shwe Kokko area. Those who operate the telecom frauds and online gambling activities were not found there but 101 Starlink satellite receivers and 21 Routers were seized from the warehouses in the compound. So, those authorities continue the operation to expose and clear the area.

Today, officials from the inspection teams scrutinized and arrested 116 Chinese nationals, 36 Vietnamese, 14 Kenyans, 75 Ethiopians, eight South Africans, 23 Indonesians, 29 Ugandans, one Zimbaberan, 14 Filipinos, three Pakistanis, one Bangladeshi, one Liberian, two Nigerians, one Moroccan, one Malawis, six Cameroonians, one Mongolian and one Chinese Taipei citizen who hidden themselves after committing telecom fraud and online gambling in Shwe Kokko area via some neighbouring countries including Thailand. So, data compiled in conducting the operation in the Shwe Kokko area showcased arrests of 1,367 foreign nationals who entered Myanmar illegal and seizures of 2,653 computers, 21,750 mobile phones, 101 Starlink satellite receivers, 21 Routers and a large number of industrial materials used in the online gambling and frauds. The authorities continue the operation of combing the area.

Those arrestee foreign nationals are being detained at the building in Lonhtin compound of Shwe Kokko Myaing Village of Pulwepu Village-tract in Myawady Township. The Illegal Foreigner Investigation Team verified 200 foreign nationals today. To enable their prompt repatriation to their respective countries, the relevant departmental combined teams are carrying out the necessary processes, including collecting personal data and recording required documentation.

During the period from 30 January to 21 November 2025, a total of 12,207 foreign nationals who entered Myanmar illegally. Of them, 11,640 foreign nationals have been verified, and 9,978 have been systematically repatriated to relevant countries under the law. At present, it is ready to transfer 2,229 more foreign nationals to relevant countries, and they are detained under systematic care.

The Government is treating the suppression of online fraud and online gambling offences as a national responsibility and will continue efforts to eliminate these activities entirely within the country in cooperation with internal mechanisms in addition to governments of neighbouring countries. 100



Record showing the arrest and detention of 351 foreigners who were fleeing and hiding.



Image of Starlink equipment seized inside a building in Shwe Kokko.




View of residential buildings slated for demolition by machinery.



View of buildings being demolished by machinery inside KK Park after the demolition.



Installing 151 kilograms of explosives to demolish the 4-story residential building C9.



View of a 4-story residential building, C9.



View after the demolition of the 4-story residential building C9.

# Traders from Pantanaw Township dispatch 75,000 viss of rohu to Yangon market


Photo shows rohu fish.

**Pantanaw November 21**

Local businesspersons and fishery entrepreneurs from Pantanaw Township of Ayeyawady Region supplied 75,000 viss of rohu to Yangon market in October, said Daw Aye Aye Thet, the owner of fishery product trading depot in Pantanaw Township.

Aquatic product trading businesses in Pantanaw Township are purchasing locally produced fishery products, systematically cleaning and packaging them, and exporting them for sale to the Yangon market. During September this year, only 55,000 viss of rohu fish were exported and sold, but in October, the export volume increased to 75,000 viss.

“We mainly export and sell fish and other aquatic products from Pantanaw Township — including rohu fish — to the Yangon market. In the past month, demand from Yangon for rohu fish was strong, and currently, in August as well, buyers are purchasing large quantities of rohu. During the last month alone, we managed to export and sell up to 75,000 viss of rohu fish. Since we’ve been able to trade large volumes of aquatic products, both business owners and traders are doing well, and job opportunities are steady. The fish prices remain at a normal level,” said Daw Aye Aye Thet.

Rohu fish exported from Pantanaw Township to the Yangon market are currently priced at around K175,000 per 10 viss, and the fish are shipped to Yangon on a regular schedule — once every two days or once every five days.

Kyaw Kyaw Lin

# Bogale Township sends large volume of Acantopsis to Yangon market last month

**Bogale November 21**

Local businesspersons from Bogale Township of Ayeyawady Region supplied a large volume of Acantopsis to Yangon market in October, said Daw Su Hlaing, the owner of fishery product depot in Bogale Township.

During the month of September, only 60,000 viss of Acantopsis fish from Bogale Township were sold to the Yangon market. However, a total of 75,000 viss of Acantopsis fish were sold in October. Acantopsis fetched around K24,500 per viss.

“In the past month, fish and other aquatic products — including Acantopsis fish — from Bogale Township were exported and sold to the Yangon market. Among them, up to 75,000 viss of Acantopsis fish were sold. Most of our aquatic products are mainly shipped to the Yangon market. At present, Yangon buyers continue to place orders for Acantopsis fish from our area, and with the increasing volume of trade, things are going smoothly for both workers and traders,” said Daw Su Hlaing.


Acantopsis seen at a market.

As exports of Acantopsis fish and other aquatic products from Bogale Township to the Yangon market have improved, it is learned that vehicle rental services, fishery workers, and cargo laborers are also benefiting from better job opportunities.

Kyaw Kyaw Lin

# Radish produced by Hinthada Township marketable with high demand

**Hinthada November 21**

Radish produced by Hinthada Township of Ayeyawady Region is in high demand at the domestic market, said Daw Thein Myint, the green grocery trader in Hinthada Township.

From the second week of November this year until now, sales of radishes in the Hinthada Township vegetable market have been strong, with good demand and trading activity. Locally produced radishes are being sold at a rate of 3,500 to 5,000 viss per day.

“At present, the Hinthada Township green market is lively with the trade of fresh, high-quality radishes. The radishes being sold are pest-free and of good quality. Demand for white radishes is strong, and sales are going well, so local growers are satisfied. The price of radishes has also risen slightly. Buyers from other areas are actively purchasing not only radishes but also other green vegetables. Since we mainly sell locally produced goods, everything, including transport, is running smoothly,” said Daw Thein Myint.

As locally produced white radishes are being actively traded in Hinthada Township, traders, growers, and laborers are enjoying good job opportunities. Radishes fetched around K28,500 per 10 viss.

Kyaw Kyaw Lin

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Yinmabin District cultivates over 28,000 acres of winter sunflowers

**Yinmabin November 21**

More than 28,000 acres of sunflowers have been planted in Yinmabin District, Sagaing Region, during this year winter crops planting season, according to the Department of Agriculture for Sagaing Region.

In the 2025-2026 winter crops planting season, Yinmabin District is planning to plant 83,650 acres of sunflowers. Planting has begun since October this year. To date, 1,335 acres have been planted in Yinmabin Township, 1,343 acres in Kani Township, 520 acres in Salingyi Township, and 2,502 acres in Pale Township, for a total of 28,218 acres.

"This year, Yinmabin District has earmarked over 83,000 acres for sunflower cultivation during the winter crops planting season. More than 28,000 acres have been planted to date. We are working to achieve the target acreage. In order to reduce the amount of palm oil imported from abroad, we will expand the cultivation of sunflower, an oil crop. Sunflower has more oil yield per acre than peanuts and sesame. Sunflower is mostly planted in the winter," said Dr. Tin Mar Mar Oo, Assistant Director of the Department of Agriculture for Sagaing Region.

206


A thriving sunflower plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်လေတပ်က အသေးစားဒရုန်းများတိုးမြှင့်အသုံးပြုရန်အတွက် Skydio ကုမ္ပဏီနှင့်စာချုပ်နှစ်ခု ချုပ်ဆိုနိုင်ခဲ့



အမေရိကန်လေတပ်သည် Tactical Air Control Party (TACP) နှင့် Explosive Ordnance Disposal (EOD)တပ်ဖွဲ့များ အသေးစားဒရုန်းများ အသုံးပြုမှုကို တိုးမြှင့်ရန်အတွက် Skydio ကုမ္ပဏီနှင့် ဒေါ်လာသန်းပေါင်းများစွာတန်ဖိုးရှိ စာချုပ်နှစ်ခုကိုချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

TACP သည် နည်းဗျူဟာမြောက် လေကြောင်းထိန်းတပ်ဖွဲ့ဖြစ်သည်။ EOD သည် ပေါက်ကွဲစေတတ်သည့်ခဲယမ်းများ (ဥပမာ မိုင်း၊ ဗုံး) ရှင်းလင်းရေး တပ်ဖွဲ့ဖြစ်သည်။

သဘောတူညီချက်များအရ Skydio X10D ဒရုန်းစနစ်များကို Air Combat Command လေကြောင်းတိုက်ခိုက်ရေး ကွပ်ကဲမှုတပ်ဖွဲ့များသို့ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး၊ ထိုတပ်ဖွဲ့များရှိ TACP လေတပ်သားများသည် ၎င်းဒရုန်းများကို စစ်မြေပြင်အခြေအနေသိရှိမှု (Battlefield awareness)၊ ထောက်လှမ်းရေးနှင့် ဆက်သွယ်ရေးပံ့ပိုးမှုများအတွက် အသုံးပြုသွားမည်ဖြစ်သည်။

ထိုဒရုန်းများကို EOD တပ်ဖွဲ့များက လည်း ပုံမှန်စခန်းစစ်ဆင်ရေးများနှင့် စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်သည့် မစ်ရှင်များအတွင်း တပ်ဖြန့်အသုံးပြုလျက်ရှိသည်။ နောက်ထပ်လွှဲပြောင်းပေးပို့မှုများကို လာမည့် ၁၈ လအတွင်း အချိန်ဇယားအတိုင်းဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

လေတပ်သည် စခန်းလုံခြုံရေးမှ လေယာဉ်စစ်ဆေးခြင်းလုပ်ငန်းများထိ လုပ်ငန်းတာဝန်များအတွက် အသေးစား ဒရုန်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ (Security forces units) သည် စခန်းပတ်ဝန်းကျင်စောင့်ကြည့်ခြင်းနှင့် တပ်ဆင်ထားသောစနစ်များ ကာကွယ်ခြင်းအတွက် Skydio ဒရုန်းစနစ်များကို တပ်ဖြန့်အသုံးပြုလျက်ရှိကြောင်း သိရသည်။

အမေရိကန်လေတပ်မှ Skydio X10D ဒရုန်းများကို TACP နှင့် EOD ယူနစ်များတွင် တိုးချဲ့အသုံးပြုရန် စာချုပ်ချုပ်ဆိုခြင်းသည်ခေတ်သစ်စစ်ပွဲတွင် သေးငယ်သောဒရုန်းများ၏ ဘက်စုံသုံးနိုင်စွမ်း (Versatility)ကို အသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်သည်။ ဤဒရုန်းများသည် နည်းဗျူဟာမြောက် လေကြောင်းထိန်းတပ်ဖွဲ့ (TACP) အတွက် ထောက်လှမ်းရေးနှင့် ပစ်မှတ်ဖော်ထုတ်မှုကဲ့သို့သော အသက်ကယ်နိုင်သည့် အခန်းကဏ္ဍများတွင် ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုကို မြှင့်တင်ပေးနိုင်သကဲ့သို့ EOD တပ်ဖွဲ့များအတွက်လည်း ပေါက်ကွဲစေတတ်သော လက်နက်များကိုအဝေးမှ စစ်ဆေးခြင်းဖြင့် အန္တရာယ်ကိုလျှော့ချပေးနိုင်သည်။ အရေးကြီးသည်မှာ၊ ဤဒရုန်းများကို လေတပ်စခန်းလုံခြုံရေးနှင့် C-17 ကဲ့သို့သော ကြီးမားသောလေယာဉ်များ၏ စစ်ဆေးရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းအသုံးပြုခြင်းက နည်းပညာကို စစ်မြေပြင်မစ်ရှင်များထက် ကျော်လွန်၍ (Beyond Frontline Missions) ကြံ့ခိုင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှု၊ လုံခြုံရေးနှင့် စစ်ဆင်ရေး အကျိုးသက်ရောက်မှုများကို ပိုမိုထိရောက်စေရန် အသုံးပြုနေခြင်းကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။ ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုသည်စစ်သည်များ၏အသက်အန္တရာယ်ကို လျှော့ချရန်နှင့် စစ်ဆင်ရေးထိရောက်မှုကို မြှင့်တင်ရန်အတွက် Autonomy (ကိုယ်ပိုင်လုပ်ဆောင်နိုင်စွမ်း) နည်းပညာကို အားကိုးလာနေသော ခေတ်မီလေတပ်၏ ဦးတည်ချက်ကို ရှင်းလင်းစွာဖော်ပြနေသည်ဟု သုံးသပ်ရရှိသည်။

**US Air Force Expands Use of Skydio Drones for TACP, EOD Units ကိုဘာသာပြန်ဆိုထားပါသည်။**

## တူကီယဲ၏ Tolga တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်သည် စမ်းသပ်ပစ်ခတ်မှုအတွင်း ဒရုန်းအားလုံးကိုတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့

တူကီယဲနိုင်ငံ၏ စက်မှုနှင့်ဓာတုဗေဒ လုပ်ငန်းကော်ပိုရေးရှင်း (MKE) သည် ၎င်း၏ Tolga တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ် (SHORAD)ဖြင့် မကြာသေးမီကပြုလုပ်ခဲ့သော တိုက်ရိုက်စမ်းသပ်ပစ်ခတ်မှုများတွင် ဒရုန်းများအားလုံးကို အောင်မြင်စွာတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာလ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Karapnar ပစ်ခတ်စမ်းသပ်ရေးနှင့် အကဲဖြတ်ရေးစင်တာတွင် ပြုလုပ်ခဲ့သော အဆိုပါ တိုက်ရိုက်ပစ်ခတ်စမ်းသပ်မှုများကို တူကီယဲနိုင်ငံတပ်မတော်နှင့် လုံခြုံရေးအေဂျင်စီများမှ စောင့်ကြည့်လေ့လာသူ ၁၀၀ ခန့်တက်ရောက်ခဲ့ကြသည်။ ပစ်မှတ်အခြေအနေရှစ်မျိုးတွင် Tolga သည် soft-kill နှင့် hard-kill နည်းလမ်းနှစ်မျိုးစလုံးကို အသုံးပြု၍ ရာခိုင်နှုန်းပြည့်အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

Soft-Kill Mode တွင် အော်ပရေတာများအနေဖြင့် သဏ္ဌာန်တူပြုလုပ်ထားသော ရန်သူ့မောင်းသူမဲ့လေယာဉ်တစ်စင်းကို ၎င်း၏ထိန်းကျောင်းအချက်ပြမှုများကို ဖြတ်ဖျက်နှောင့်ယှက်ခြင်း အီလက်ထရွန်းနစ်စစ်ဆင်ရေးစနစ်များ အသုံးပြု၍ အကွာအဝေး ၃ ကီလိုမီတာ(၁ဒသမ၈၆ မိုင်)အတွင်း တန်ပြန်တိုက်ခိုက်နိုင်ခဲ့သည်။ Hard-Kill Engagement နည်းလမ်းတွင် တောင်ပံပုံသေတပ်ဒရုန်းနှင့် first-person view – FPV ဒရုန်းများကို ပြောင်းအစားထိုး အမြန်လဲလှယ်နိုင်သော ၁၂ ဒသမ ၇ မမ စက်အမြောက်များအသုံးပြု၍ ပစ်အားဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။ ထို့နည်းလမ်းတွင် ၂၀ မမ လေယာဉ်ပစ်စက်အမြောက်များပါ အသုံးပြုခဲ့ပြီး တန်ပြန်ဒရုန်းရန်တိုက်ခိုက်ရေးအတွက် သီးသန့်ထုတ်လုပ်ထားသော ခဲယမ်းများ တပ်ဆင်ပစ်ခတ်ခဲ့ရာ ပစ်မှတ်များကို ပိုမိုထိရောက်စွာ တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။

Tolga သည် အဆင့်မြင့်ရေဒါ၊ အီလက်ထရို-အော့ပ်တီကယ်လ် အာရုံခံကိရိယာများနှင့် EW ကိရိယာများကို ပေါင်းစပ်ထားပြီး အကွာအဝေး ၁၀ ကီလိုမီတာထိ ခြိမ်းခြောက်မှုများကို ရှာဖွေထောက်လှမ်းကာ အမျိုးအစားခွဲခြားနိုင်သည်။ လက်နက်စနစ်သည် လက်ဖြင့်ကိုင်တွယ်ထိန်းကျောင်းခြင်း (manual)၊ တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်လုပ်ဆောင်နိုင်ခြင်း(semi-autonomous)နှင့် အပြည့်အဝ ကိုယ်ပိုင်လုပ်ဆောင်နိုင်ခြင်း(fully autonomous)စသည့် လုပ်ဆောင်မှုနည်းလမ်းများကို ပံ့ပိုးထားသောကြောင့် စစ်ဆင်ရေးလိုအပ်ချက်များအရ စနစ်ကို လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲနိုင်စေသည်။ အကွာအဝေး မီတာ ၃၀၀၀ (၁ဒသမ၈ မိုင်)အတွင်း ၃၅ မမ အမြောက်များ၊ မီတာ ၁၀၀၀(၀ဒသမ၆ မိုင်)အတွင်း ပစ်မှတ်များကို ၂၀ မမ စက်အမြောက်များ၊ မီတာ ၃၀၀(၀ဒသမ၁၈ မိုင်)အတွင်းရှိ ပစ်မှတ်များကို ၁၂ ဒသမ ၇ မမ စက်သေနတ်များဖြင့် ရွေးချယ်၍တန်ပြန်တိုက်ခိုက်နိုင်မည်ဖြစ်သည်။



တူကီယဲနိုင်ငံမှ မိတ်ဆက်လိုက်သည့် Tolga SHORAD တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်၏ ပစ်ခတ်စမ်းသပ်မှုများတွင် ရာခိုင်နှုန်းပြည့် အောင်မြင်မှုနှုန်းရရှိခဲ့ခြင်းသည် ဒရုန်းခြိမ်းခြောက်မှုများကို တိုက်ဖျက်ရာ၌ ခေတ်မီကာကွယ်ရေးစွမ်းရည် တိုးတက်လာမှုကို ပြသလိုက်ခြင်းဖြစ်သည်။ ဤစနစ်၏အောင်မြင်မှုသည် တူကီယဲနိုင်ငံ၏ ပြည်တွင်းကာကွယ်ရေးလုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးရုံသာမက၊ ကမ္ဘာ့စစ်တပ်များအတွက် မရှိမဖြစ်လိုအပ်လာသည့် ဒရုန်းတိုက်ဖျက်ရေးနည်းပညာနယ်ပယ်တွင် Tolga ကို ထိပ်တန်းနေရာသို့ ရောက်ရှိစေလိမ့်မည်ဖြစ်ကာ ခေတ်မီစစ်မြေပြင်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် အရေးပါသောတန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေး ဖြေရှင်းချက်တစ်ခုအဖြစ် သုံးသပ်ရရှိပါသည်။

**Turkey's New SHORAD Crushes Drones in Live-Fire Tests, Hits Perfect Kill Rate ကိုဘာသာပြန်ဆိုထားပါသည်။**

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၆၇၁၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ကသာ နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၆၇၁၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၃၈၄၉၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၆၇၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၀ ဒသမ ၂၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ စပါးဧက ၃၈၄၉၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မိုးစပါး စိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများအမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# အိမ်မဲမြို့နယ်တွင် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

အိမ်မဲ နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း အိမ်မဲမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှု ကောင်းမွန်လာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ် ကောင်းနေပါတယ်။ ဒေသထွက် ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် ဝါးခယ်မနဲ့ မြောင်းမြဒေသတွေဘက်က ဝယ်ယူမှုကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက်ကွမ်းရွက်တွေက အရည်အသွေးကောင်းပါတယ်။ ဒီဘက်က ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေက ဒေသထွက် ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံတင်ပို့ပေးနေပါတယ်" ဟု အိမ်မဲမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။



အိမ်မဲမြို့နယ်တွင် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျ ထုပ်ပိုး၍ တင်ပို့ရောင်းချနေကြောင်း၊ ဒေသထွက်ကွမ်းရွက် တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀မှ ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကွမ်းရွက်များအရောင်းအဝယ် ကောင်းလာသည့်အတွက် စိုက်ပျိုးသူများနှင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက် ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မြစ်သားမြို့နယ် ကြောင်ပန်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မြစ်သား နိုဝင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကြောင်ပန်းကုန်း ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် အင်ဂျင်နီယာဝန်ထမ်းများက စီမံကိန်းကော်မတီဝင်များနှင့်အတူ ကြောင်ပန်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ စီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကြောင်ပန်းကုန်း ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၇၇ သန်း စုစုပေါင်း ငွေကျပ် ၁၈ ဒသမ ၇၇ သန်း အသုံးပြုကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန် ၁၈ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာထံမှသိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ငဖဲမြို့နယ် မာန်အောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



ငဖဲ နိုဝင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မာန်အောင်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မာန်အောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၉ ဦးကို ငွေကျပ် ၃၇၉ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၅၁ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် လေးသိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ခုနစ်သိန်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေထံမှ သိရသည်။

ဇင်မာ


ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေဖတ်ကြစို့

# အာဆီယံ-တရုတ် ရက်သတ္တပတ်(၂၀၂၅)အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၂၁

နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူးကျန့်ပြည်နယ် ဖူကျိုးမြို့တွင် နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက်ထိကျင်းပခဲ့သည့် အာဆီယံ-တရုတ် ရက်သတ္တပတ်(၂၀၂၅)အခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အာဆီယံ-တရုတ်ရက်သတ္တပတ်(၂၀၂၅) အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ အဆင့်မြင့်အစိုးရအရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံတမန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်များနှင့် မီဒီယာများ စုစုပေါင်း ကိုယ်စားလှယ် ဦးရေ ၃၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က တရုတ်နိုင်ငံ ဖူကျိုးမြို့၌ "မိမိတို့၏တူညီသောအနာဂတ်- အာဆီယံမျှော်မှန်းချက်(၂၀၄၅)နှင့် တရုတ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ကို ချိတ်ဆက်ပေးခြင်း"ခေါင်းစဉ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ်ရက်သတ္တပတ်(၂၀၂၅)သို့ တက်ရောက်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် တရုတ်နိုင်ငံအစိုးရ ဖူးကျန့်ပြည်နယ် အာဏာပိုင်များနှင့် အာဆီယံ-တရုတ်စင်တာ(ACC)တို့ကို အခမ်းအနားကို စီစဉ်ပြုလုပ်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ အခမ်းအနားသည် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ရေရှည်တည်တံ့သော မိတ်ဖက်ဆက်ဆံရေးနှင့် တက်ကြွ၍ အားလုံးပါဝင်ပြီး ကြွယ်ဝချမ်းသာသည့် အနာဂတ်ဆီသို့ လျှောက်လှမ်းရာခရီးလမ်းကို ထင်ဟပ်လျက်ရှိကြောင်း၊ အာဆီယံ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေးဆိုင်ရာ ဘုံရည်မှန်းချက်အောက်တွင် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊စည်းလုံးမှုနှင့်အပြန်အလှန်ယုံကြည်မှုများ ပိုမိုတိုးမြှင့်လာမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးအဖြစ် မြန်မာနိုင်ငံက တာဝန်ယူစဉ်အတွင်း "အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး"သို့ အဆင့်မြှင့်တင်နိုင်ခဲ့သဖြင့် အာဆီယံ-တရုတ် ဆက်ဆံရေးတွင် သိသာထင်ရှားသော မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ကြောင်းဖြင့် ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှု၊ စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်ချိတ်ဆက်မှု၊လူငယ်နှင့်အဏ္ဏဝါစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူချင်းဖလှယ်မှုများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ အပြန်အလှန်ကတိကဝတ်ကို အလေးထား၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ AI အစီအစဉ်ကိုလည်း ကြိုဆိုပြီး နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် တန်းတူညီမျှ၍ တာဝန်ယူမှုရှိရန် အရေးကြီးကြောင်း၊ တရုတ်နိုင်ငံ၏ ခိုင်မာသောထောက်ခံအားပေးမှုနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုတို့အတွက် မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို အာဆီယံ-တရုတ်အဖြေရှာမှု၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် ဉာဏ်ရည်တုနည်းပညာဒစ်ဂျစ်တယ်စီးပွားရေးခေါင်းစဉ်များဖြင့်ပြုလုပ်သည့် အဆင့်မြင့်ဆွေးနွေးပွဲများ၊ အာဆီယံ-တရုတ် အဏ္ဏဝါစီးပွားရေးနှင့် ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလူငယ်ဖိုရမ်၊ "Two Countries, Twin Parks" Model ဖြင့် အာဆီယံ-တရုတ် စက်မှုနှင့် ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်ပေါင်းစည်းဆက်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများဖလှယ်ရေးဆိုင်ရာအခမ်းအနား၊ အာဆီယံ-တရုတ် စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဖိုရမ်တို့သို့ ပါဝင်တက်ရောက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးသည် ဖူးကျန့်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာကျောက်လောင်နှင့် အာဆီယံ-တရုတ်စင်တာအတွင်းရေးမှူးချုပ် မစ္စတာရှီကျုံးကျွင့်တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အာဆီယံ-တရုတ် ရက်သတ္တပတ်ကို ၂၀၂၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ယခုနှစ်တွင် "Our Shared Future: Bridging ASEAN 2045 and Chinese Modernization" ခေါင်းစဉ်ဖြင့် တတိယအကြိမ်အဖြစ်လည်းကောင်းကျင်းပခြင်းဖြစ်သည်။ အာဆီယံ-တရုတ် ရက်သတ္တပတ်အခမ်းအနားများသည် အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကိုမြှင့်တင်ရန်ရည်ရွယ်၍ အာဆီယံနှင့် တရုတ်ပူးပေါင်းဆောင်ရွက်မှုများ လူထုအသိပညာပေးရာတွင် ထူးခြားသောအခန်းကဏ္ဍမှပါဝင်သည့် ပလက်ဖောင်းတစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာတီထွင်ဆန်းသစ်မှု၊ ဉာဏ်ရည်တုနည်းပညာဆိုင်ရာကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရန် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ရွှေလောင်းမြို့နယ် မရမ်းချောင်ရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ၌ အခြေပြု၍ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသော တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် အဆိုပါရွာမှပြန်လည်ထွက်ခွာ၍ ညနေပိုင်းတွင် ဝါးခယ်မမြို့နယ် ညောင်ငူကျေးရွာအုပ်စု မရမ်းချောင်ကျေးရွာသို့ရောက်ရှိရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် ညောင်ငူကျေးရွာအုပ်စု မရမ်းချောင်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၇၂ ဦးကိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၁၁ ဦး၊ ခွဲစိတ်ရောဂါ ၂၆ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၅ ဦး၊ ကလေးရောဂါ ၄၂ ဦး၊ အရိုးရောဂါ ၄၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ







၁၀၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၉ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ဦးရေ ၇၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ရှစ်ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၈ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ကလေးကနှလုံးသွေးကြောတစ်ချောင်း အပိုပါလို့ ဒီမှာနယ်လှည့်ဆရာဝန်တွေလာတယ်ဆိုလို့လာပြတာပါ။နှလုံးသွေးကြောက စိုးရိမ်ရတယ်တဲ့။ ၆ ဒသမ ၅ တောင်ရှိတယ်တဲ့။ အပေါက် တော်တော်ကျယ်တယ်တဲ့။ အဲ့ဒါဒီကလေးက အရေးကြီးတယ်တဲ့။ နှလုံးက မဖြစ်မနေပိတ်ရမယ်တဲ့။ ကြာရင်တော့ မကောင်းဘူး။ စိုးရိမ်ရတယ်လို့ ပြောတယ်။ ဒီလိုမျိုး နယ်လှည့်ဆရာဝန်တွေလာတော့လဲ ကိုယ်တွေအတွက်လဲကောင်းပါတယ်။ သူများတွေအတွက်လဲ ကောင်းပါတယ်။ ဆရာဝန်ကြီးတွေလဲ ဘုန်းကြီးပါစေ။ အသက်ရှည်ကျန်းမာပါစေ။ အခုလိုမျိုး လာရောက်ပြီးတော့ အခမဲ့လာရောက်ကုသပေးတာ သူတို့လဲ ဒီထက်မက ဘုန်းကြီးအသက်ရှည်ပြီးတော့ နိုင်ငံ့တာဝန်တွေလဲ ထမ်းဆောင်နိုင်ကြပါစေ"ဟု ပြောသည်။

"ကျွန်မက ရွှေလောင်း အ.ထ.က ကျောင်းက အလယ်တန်းပြဆရာမပါ။ ဆီးချိုနဲ့ လက်မအရွတ်ရောင်တာလေ။ အဲ့ဒီရောဂါတွေ လာပြတာပါ။ ဗိုလ်ကြီးတွေကလဲ သေချာစိတ်ရှည်လက်ရှည်နဲ့ ရှင်းပြတယ်။ သေချာလဲကုပေးပါတယ်။ လိုအပ်တဲ့ဆေးဝါးတွေလဲ လိုတာတွေလုပ်ပေးလိုက်တယ်လေ။ အဲ့ဒီလိုဆိုတော့လဲ ဆရာမတို့လဲစိတ်ချမ်းသာရတာပေါ့နော်။ ကိုယ့်ရပ်ကိုယ့်ရွာနဲ့ နီးနီးနားနားမှာ ရောက်လာပြီးတော့ပြရတယ်ဆိုတော့ အခက်အခဲ မရှိဘူး။ အားလုံးအဆင်ပြေတယ်လေ။ နယ်လှည့်ဆေးကုသအဖွဲ့ဆရာဝန်ကြီးတွေ အကုန်လုံး၊ နောက်တစ်ခါ Volunteer တွေ အကုန်လုံးဝိုင်းဝန်းပြီးတော့ ကူညီပေးကြတယ်။ ရပ်ရွာရော၊ အဖွဲ့အစည်းတွေအကုန်လုံးက စေတနာပါပါနဲ့ စိတ်ပါလက်ပါနဲ့ အားတက်သရောနဲ့ လုပ်ပေးကြတာကိုတွေ့ရတယ်။ အဲ့ဒီအတွက် အများကြီးကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်"ဟု ပြောသည်။ (၅၀၁)

# ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၄) သင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၄) ရဲသူရတပ်ခွဲ၏သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် တက်ရောက်၍ သင်တန်းဆင်း ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်မျိုးမင်းထိုက်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ဒုတိယပါမောက္ခချုပ်၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးခဲ့ပြီး ဒုတိယရဲအုပ်လောင်းများ၏ အနှေးလျှောက်၊အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်သည် အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း သင်းယုလှိုင်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းကျော်လင်း၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝေယံ၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သင်းယုလှိုင်၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖြိုးဝေအောင်တို့ကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က သင်တန်းဆင်းဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြရတော့မည့်သူများအနေဖြင့် ကွပ်ကဲရသည့်တပ်ဖွဲ့ကို တက်ညီလက်ညီဖြင့် စုပေါင်းဆောင်ရွက်နိုင်စွမ်းရှိအောင် ဦးဆောင်နိုင်ရမည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်လည်းအရာရာတွင် စံပြဖြစ်အောင် လိုက်နာကျင့်ကြံနေထိုင်သွားကြရန် လိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် "နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်" ဟူသည့် အစဉ်အလာကောင်းနှင့်အညီ တပ်မတော်နှင့်အတူ နယ်မြေခံပြည်သူ့စစ်အဖွဲ့၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ ဒေသခံပြည်သူလူထုများနှင့်လက်တွဲပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားနေသည့်နေရာဒေသများတွင် တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ဆိုးရွားစွာထိခိုက်ပျက်စီးစေသည့်အကြမ်းဖက်မှုများကို နှိမ်နင်းရာတွင် ရဲစွမ်းသတ္တိအရင်းခံ၍ ရန်သူအပေါ် ပြုကျင့်ရမည့်ကျင့်ဝတ် ငါးပါးမှ ပဉ္စမအချက်ဖြစ်သည့် "ရန်သူ၏စိတ်ဓာတ်ကို ယတိပြတ်ချိုးနှိမ်၍ အပြီးသတ်အောင်ပွဲခံယူပါ"ဆိုသည့် ကျင့်ဝတ်နှင့်အညီ ကျင့်ကြံကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကလည်း တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စားတာဝန်ထမ်းရွက်ခဲ့ကြသည့်တပ်ဖွဲ့ဝင်များကို ထိုက်တန်သည့် ဂုဏ်ပြုမှုများချီးမြှင့်ပေးလျက်ရှိရာ မိမိတို့တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူကိုအလုပ်အကျွေးပြုသည့်၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်မြဲရေးကို အသက်ပေး ကာကွယ်စောင့်ရှောက်တတ်သည့် ရဲတပ်ဖွဲ့ဝင်များအဖြစ် လေးနက်စွာခံယူပြီး ကျရာတာဝန်များကို ဦးလည်မသုန်ထမ်းရွက်သွားကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ရည်မှန်းချက်တာဝန် လေးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် လက်တွဲပူးပေါင်း၍ ပြစ်မှုများမဖြစ်ပွားအောင်ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားပြီးသော ပြစ်မှုများမှ ကျူးလွန်သူများကိုလည်း ဖော်ထုတ်ဖမ်းဆီးပြီး တရားဥပဒေနှင့်အညီ ထိရောက်သည့် ပြစ်ဒဏ်ရရှိစေရေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ "မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အမြင့်ဆုံးဂုဏ်သိက္ခာသည် ပြည်သူလူထုက အားကိုးယုံကြည်မှုပင်ဖြစ်သည်"ဆိုသည့် ခံယူချက်နှင့်အညီ ပြည်သူကလေးစားပြီး အားကိုးယုံကြည်ရသည့်စွမ်းရည်ရှိသော ရဲတပ်ဖွဲ့ဖြစ်စေရေး ကြိုးပမ်းထမ်းဆောင်သွားကြစေလိုကြောင်း၊

ထို့ပြင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုံခြုံရေးကို ထိခိုက်စေသည့် လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများကျူးလွန်နေသူများကို စုံစမ်းဖော်ထုတ်အရေးယူရမည့်အပြင် ရွေးကောက်ပွဲဆိုင်ရာကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ လက်ရှိရရှိထားသည့် တိုးတက်မှုများကို အခြေခံကာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြည့်ဝထက်မြက်နေစေရန် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် လေ့ကျင့်ရေးမူဝါဒနှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ရဲလုပ်ငန်းစနစ်များ၊ စစ်နည်းဗျူဟာနှင့် မှုခင်းကျူးလွန်မှုပုံသဏ္ဌာန်များကို စဉ်ဆက်မပြတ်လေ့လာသွားကြရန်လိုအပ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်သည် ညပိုင်းတွင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဗဟိုခန်းမ၌ ကျင်းပပြုလုပ်သည့် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၄)၏ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်မျိုးမင်းထိုက်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊သင်တန်းဆင်း ဒုတိယရဲအုပ်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗဝ၁)





ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၄) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**❍ ဟိုင်းကြီးကျွန်းမြို့မှ**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါဦးရေ ၁၅၀၊ ခွဲစိတ်ရောဂါဦးရေ ၅၀၊ သားဖွားမီးယပ်ရောဂါ ၁၃ ဦး၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးရောဂါဦးရေ ၈၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဦးရေ ၂၀၊ မျက်စိရောဂါ ၈၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများက ဟိုင်းကြီးကျွန်းမြို့နယ် ကံချိုင်ကျေးရွာနေ ဦးရဲဇော်ဝင်း၏ဇနီး ဒေါ်ဖုန်းနန္ဒာမြင့်၏ ပထမဆုံးကိုယ်ဝန်ကို မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ခုနစ်ပေါင်ရှိ သမီးဦးရတနာကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

၎င်းကလေးငယ်အတွက် တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ အဆိုပါကလေးငယ်သည် ယခုခရီးစဉ်အတွင်း ဒုတိယအကြိမ်မွေးဖွားပေးခဲ့သည့်ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၁၈ ကြိမ်မြောက်ထိ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီး ယခု ၁၉ ကြိမ်မြောက်တွင် ၂၃ ဦးမြောက်နှင့် ၂၄ ဦးမြောက် ကိုယ်ဝန်ဆောင်မိခင်ကို အောင်မြင်စွာမွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကိုလည်း ယခုလိုပဲကြားသိခဲ့ရပါတယ်-

"အရင်တုန်းက အဝေးကိုကြည့်လိုက်လို့ရှိရင် မီးလုံးကိုပဲဖြစ်ဖြစ် လကိုပဲကြည့်ကြည့် ကျွန်တော်တစ်ပြုံကြီး လေးငါးဆယ်လုံးပုံစံလိုမျိုးမြင်နေရပါတယ်။ ကျွန်တော်တို့တစ်သက်လုံးမှာ ဒီမျက်စိလေးကောင်းသွားတဲ့အတွက်ကို ကျွန်တော်တို့မှာ ဘာမဆိုအကုန်လုံးကို ထူးထူးခြားခြားကျွန်တော်မြင်ရတယ်။စေတနာကောင်းကောင်းနဲ့ ကျွန်တော်တို့ကိုကုပေးပါတယ်။ ကျွန်တော်တို့ဝမ်းထဲမှာလဲ မပြောတတ်တဲ့ပီတိတွေ ကျွန်တော်တို့ခံစားရပါတယ်"ဟု ပြောသည်။

"အခုတစ်ဖက်ကပြန်ခွဲရတယ်။ ကျေးဇူးတင်ပါတယ်။ ဆရာဝန်လေးတို့ ကုသိုလ်ကတော့ ယူမကုန်အောင်ရမယ် ဝမ်းလဲသာတယ်၊ ကြည်လဲကြည်နူးတယ်၊ ကျန်းမာပါစေ ချမ်းသာပါစေနော်။ အသက်ရှည်ပါစေ၊ ဘုန်းကြီးပါစေ အဘွားကမေတ္တာပို့ပေးတာ။ ဘယ်နေရာသွားသွား စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ"ဟု ပြောသည်။

"ခုလိုမျိုး မြေးမလေးမွေးပေးတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်ရှင့်။ အခုမွေးဖွားပေးတဲ့အချိန်မှာလဲ ဆရာဝန်၊ဆရာမတွေအားလုံးက ကျန်းမာရေးဂရုစိုက်ပေးပါတယ်။ ကျန်းမာရေးလဲကောင်းပါတယ်။ အမေလဲကောင်းပါတယ်။ကလေးလဲကောင်းပါတယ်" ဟု ပြောသည်။ (ဗဝ၁)









# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါကစ္စတန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာတာရိခ်ကာရီးမ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာတာရိခ်ကာရီးမ်အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရမှုအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားပြီး နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှု၊ စိုက်ပျိုးရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍများအပါအဝင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိများနှင့်ပါကစ္စတန်သံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

**🏳 ကြိုတင်ဆန္ဒမဲပေးခြင်းမှ**

ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်ဆန္ဒမဲများ လာရောက်ပေးခဲ့ကြသည်။ သတ်မှတ်ကာလအတွင်း လာရောက်ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၈၃၃၉ ဦးရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

**☆ မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ**

အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြပွဲဆဋ္ဌမနေ့တွင်ရောင်းချမည့် ကျောက်စိမ်းအတွဲ အမှတ်(၁၀၀၁)မှ (၂၀၀၀)ထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ယနေ့ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

ယခုပြပွဲအတွင်း ပုလဲအတွဲ ၄၄၃တွဲ၊ ကျောက်မျက်အတွဲ ၆၇ တွဲ ရောင်းချခဲ့ရပြီး ယနေ့ပြပွဲ ပဉ္စမနေ့တွင် ကျောက်စိမ်းအုပ်စု အေနှင့်အုပ်စုဘီတို့မှ ကျောက်စိမ်းအတွဲ ၇၅၄ တွဲတို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့ကာ ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် နိုဝင်ဘာ ၂၆ ရက်ထိ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

---

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

---

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် နိုတင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) ၃၁ ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၁

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့မှ ၁၃၈၄-၁၃၈၅ ပညာသင်နှစ်တွင် သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ M.A ၂၄ ပါးနှင့် သာသန တက္ကသီလ ဓမ္မာစရိယဘွဲ့ B.A ၁၁၉ ပါး စုစုပေါင်းသံဃာတော်အရှင်သူမြတ် ၁၄၃ ပါးတို့ကို ဘွဲ့ဆက်ကပ်မည့် ၃၁ ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၇ ခုနှစ် နတ်တော်လပြည့်နေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်အရှင်မြတ်များထံသို့ ပင့်လျှောက်လွှာများကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်းဌာနနှင့် ပြည်တွင်းသာသနာပြုဌာနခွဲတို့မှတစ်ဆင့် ပေးပို့ဆက်ကပ်ထားပြီးဖြစ်သည်။

ပင့်လျှောက်လွှာ လက်ခံရရှိခြင်းမရှိပါကလည်း ဘွဲ့နှင်းသဘင်ခန်းမသို့ ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီ အရောက် အချိန်မီကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက နှိုးဆော်ပင့်လျှောက်ထားပါကြောင်းနှင့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြတ်စွာဘုရား တစ်ဆူအပါအဝင် ပင့်သံဃာတော် ၁၀၄ ပါး၊ ဘွဲ့ခံသံဃာတော် ၁၄၃ ပါး စုစုပေါင်း ၂၄၈ ပါးတို့ကို ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပမည်ဖြစ်ပါ၍ ဆွမ်းဆန်စိမ်းလောင်းလှူလိုသော ဌာနဆိုင်ရာများ အသင်းအဖွဲ့များနှင့် တစ်ဦးချင်း ပုဂ္ဂလိကအလှူရှင်များအနေဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဌာနခွဲ ဖုန်း ၀၉-၄၂၃၉၉၇၈၅၁၊ ၀၉-၂၅၉၆၂၈၁၆၄၊ ၀၉-၂၅၅၉၅၃၁၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

# ပြင်ဦးလွင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်



မန္တလေး နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ဦးဆောင်မှုနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ တိုင်းရင်းသားအကအဖွဲ့တို့ကို ဂုဏ်ပြုငွေများချီးမြှင့်သည်။

ဆက်လက်၍အခမ်းအနားဒုတိယပိုင်း အစီအစဉ်ကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီး ဂုဏ်ပြုသီချင်းသီဆို၍ ဖွင့်လှစ်ပေးပြီးနောက် "နိုင်ငံအကျိုးအတွက် မျှော်မှန်းရည် ခိုင်မာတိုးတက်စေရမည်" စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ Video Clip ကို ကြည့်ရှုကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ဦးဆောင်မှုနှင့်မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ၂၀၂၅ ခုနှစ် ဇွန်လမှစ၍ ဒီဇင်ဘာလထိ ခြောက်ကြိမ်ကျင်းပသွားမည်ဖြစ်ပြီး ယခုအခမ်းအနားသည် စတုတ္ထအကြိမ်ကျင်းပသည့် ပွဲတော်ဖြစ်ပါကြောင်း၊ နိုင်ငံ၏အနာဂတ်ကြယ်ပွင့်များဖြစ်သည့် လူငယ်လူရွယ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်သည့် အင်အားတစ်ခုဖြစ်ပါကြောင်း၊ လူငယ်များ ဗလငါးတန်နှင့် အသိပညာဗဟုသုတများပြည့်စုံရန်၊ စာအုပ်စာစောင်များပြည့်စုံစွာထားရှိပေးနိုင်ရန်၊ စာဖတ်ရှိန်မြှင့်တင်ပေးနိုင်ရန်တို့အတွက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ၊ စာအုပ်လှူဒါန်းပွဲများကို ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ စာတတ်ရုံ၊ အတတ်ပညာပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသူများဖြစ်လာအောင် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးနှင့် တာဝန်ရှိသူတို့က စာအုပ်စာစောင်များကို ကျောင်းအုပ်ကြီးထံသို့ ပေးအပ်လှူဒါန်းသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေး၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ပညာရေးပြခန်းများ၊ ပြပွဲ၊ ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ကြည်နူးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်



# ဝါရှောင်(တိုးချဲ့) ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆) ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ကချင်ပြည်နယ် မြစ်ကြီးနား ခရိုင် ဝိုင်းမော်မြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၃၈၉၂ ဧကရှိသောနယ်မြေကို ဝါရှောင်(တိုးချဲ့)ကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ်(၉၆/၂၀၂၅)အရ ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၆ ရက်မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် တောင်တန်းဂေဟစနစ် ရေရှည်တည်တံ့စေရန်နှင့် စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်လာစေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝလာစေရန်၊ ရေအရင်းအမြစ်ဒေသများ ထိန်းသိမ်းကာကွယ်ရန်နှင့် ဒေသခံပြည်သူများအတွက် သစ်၊ တိုင်၊ မျော၊ ထင်းများကို စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်စေရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။

ဝါရှောင်(တိုးချဲ့) ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် တောင်ပေါ်အမြဲစိမ်းတော သစ်မျိုးများဖြစ်သည့် စကားဝါ၊ ခလောင်၊ ချယ်ရီ၊ ငါးပေါက်၊ ဆေးခါး၊ ယမနေ၊ တောင်တမာ၊ ရင်းမာ၊ ကညင်၊ မအူစသည့် ဒေသသစ်မျိုးများနှင့်ကရဝေး၊ ဆင်တုံးမနွယ်၊တောရှောက်၊ ကျားမှုတ်ဆိတ်၊ ကျားလက်ဝါး၊ ကျောက်ချင်းစသည့် ဆေးဖက်ဝင်အပင်များကို ထိန်းသိမ်းပြုစုနိုင်မည်ဖြစ်ခြင်း၊ မျောက်လွှဲကျော်၊ ချေဆတ်၊ ဒရယ်နှင့် ကြက်တူရွေး၊ စွန်၊ သိန်းငှက်၊ အောင်လောင်စသော ကျေးငှက်မျိုးစုံများ၊ စပါးကြီး၊ စပါးအုန်း၊ သင်းခွေချပ်စသည့် ရှားပါးတောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသများကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ဒေသအခေါ် အင်ချွန်းတောင် ဧရိယာရှိ သဘာဝသစ်တောသစ်ပင်နှင့် ရေထွက်များ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ရေအရင်းအမြစ်ထိန်းသိမ်းမည့် ရေထိန်းတောဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်နိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး ရာသီဥတုမျှတကောင်းမွန်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၁

**ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဦးက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ဒေါက်တာခင်မောင်ဦး(ဥက္ကဋ္ဌ၊ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ)

**လေးစားအပ်ပါသော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းရှင်လူ ကျေးဇူးရှင် မိဘပြည်သူများခင်ဗျာ...**

ကျွန်တော်ကတော့ ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဦး ဖြစ်ပါတယ်ခင်ဗျာ...

ကျွန်တော်တို့ ပါတီပေါ်ပေါက်လာပုံကတော့ အဓိကဖွဲ့စည်းတည်ထောင်ရတဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ပြန်လည်ရင်ကြားစေ့ပြီး ညီညီညွတ်ညွတ်နဲ့ အတူတကွ ပူးပေါင်းနေထိုင်ကြပြီး နိုင်ငံ့ဝန်ထမ်းအားလုံးနဲ့ အခြေခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကထားပြီး ဖွဲ့စည်းတည်ထောင်ခဲ့ရခြင်းသာဖြစ်ပါတယ်...

နိုင်ငံရေးမိတ်ဖက်ပါတီတွေနဲ့ပူးပေါင်းပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံးနဲ့ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူတစ်ရပ်လုံးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရေးကဏ္ဍတွေမှာတစ်ထောင့်တစ်နေရာကနေ အတူလက်တွဲ ပူးပေါင်းဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်...

**လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ...**

ကျွန်တော်တို့ပြည်သူတွေဟာ ပဋိပက္ခအမျိုးမျိုး ရင်ဆိုင်ကြုံတွေ့ခဲ့ရတာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေးနှင့်ပတ်သက်ပြီး ပဋိပက္ခတွေဖြစ်လာပြီဆိုရင် ဦးစွာဒုက္ခခံစားရမှာကတော့ ကျွန်တော်တို့ပြည်သူတွေပဲဖြစ်ပါတယ်။ ထိုကဲ့သို့သော နိုင်ငံရေးပဋိပက္ခတွေဖြစ်မလာအောင် မိမိတို့ယုံကြည်ချက်ဖြင့် လက်နက်ကိုင်တော်လှန်ရေးလုပ်နေသော တိုင်းရင်းသားများနှင့် အဖွဲ့အစည်းအမျိုးမျိုးတို့ကို တွေ့ဆုံစည်းရုံးညှိနှိုင်းပြီး မိဘပြည်သူများနှင့်အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အေးချမ်းသာယာဝပြောသော နိုင်ငံတော်ကြီး ပြန်လည်တည်ဆောက်ရန် ကျွန်တော်တို့ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ(UADP)ဟာ ယခုကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ပါဝင်ရွေးကောက်ခံခြင်းဟာ အဓိကရည်ရွယ်ချက်ပဲဖြစ်ပါတယ်ခင်ဗျာ။

**လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ...**

ကျွန်တော်တို့ပါတီအနေဖြင့် တပ်မတော်အပေါ်ထားရှိသည့် သဘောထားကတော့......

အစဉ်အလာကြီးမားသည့် မြန်မာ့တပ်မတော်သည် ကောင်းမွန်သော ဒီမိုကရေစီစနစ် ရင့်ကျက်ခိုင်မာရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင်ပါဝင်နေပြီး အမျိုးသားရေးစည်း၊ အမျိုးသားရေးအကျိုးစီးပွားကို အစဉ်အလာမပျက်ကာကွယ်ပေးသည့် အမျိုးသားအင်အားစုကြီးတစ်ရပ်အဖြစ် သတ်မှတ်ရမှာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီရှိ ဝင်ရောက်အရွေးခံမည့် ကိုယ်စားလှယ်လောင်းတွေသာ ပါဝင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံရေးပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်းပြီး မိဘပြည်သူများ မိမိတို့၏နေ့စဉ်လူနေမှုဘဝလုံခြုံမှုပြန်လည်ရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါကြွယ်ဝစေရန်အလို့ငှာ တိုင်းရင်းသားလက်နက်ကိုင်အသီးသီး မိမိတို့၏ယုံကြည်ရာဖြင့် လက်နက်စွဲကိုင်နေကြသော အဖွဲ့အစည်းအသီးသီးတို့နှင့်တွေ့ဆုံပြီး ငြိမ်းချမ်းရေးကတိကဝတ်များပေးကာ ငြိမ်းချမ်းရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဖော်ဆောင်နိုင်သောကော်မရှင်တစ်ရပ်ဖွဲ့စည်းကာ လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးနှင့် တပ်မတော်ကြီးတို့ကို ချိတ်ဆက်ဆောင်ရွက်ပေးနိုင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းအကောင်အထည်ဖော်ဖို့ကိုလည်း တပ်မတော်ကြီးနှင့် ပူးပေါင်းဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်ခင်ဗျာ...

**လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ**

ကျွန်တော်တို့ပါတီ၏ မူဝါဒလမ်းစဉ်အနေဖြင့်......

ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး လက်နက်ကိုင်ပဋိပက္ခကို ချုပ်ငြိမ်းပြီး ငြိမ်းချမ်းစေပြီး ညီညီညွတ်ညွတ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရန်ဟူသောမူဝါဒကို လက်ကိုင်ထားရှိသည့် ပါတီအဖြစ်လည်းကောင်း၊

(Ethnic Centered Approach) ECA ဟူသော တိုင်းရင်းသားအားလုံးကို ဗဟိုပြုပြီး ဆွေးနွေးညှိနှိုင်းသော မူဝါဒကိုကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကိုတည်ဆောက်ရန်ဟူသော သန္နိဋ္ဌာန်ချထားသောပါတီအဖြစ်လည်းကောင်း၊

တိုင်းရင်းသားအားလုံးနှင့်အတူလက်တွဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရန်အတွက် တိုင်းရင်းသားများ၏လာရောက်ဆက်သွယ်လာမှုအား မစောင့်စားဘဲ ECA နည်းကိုကျင့်သုံးသွားမည့်ပါတီအဖြစ်လည်းကောင်း မိမိတို့အဖွဲ့အစည်းက လက်နက်ကိုင်တိုင်းရင်းသားများ၊ လက်နက်ကိုင်အဖွဲ့အစည်းများထံသို့သွားရောက်၍ တွေ့ဆုံဆွေးနွေးအဖြေရှာမှုမျိုးကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါတယ်ခင်ဗျာ...

ဒါ့အပြင် လက်နက်ကိုင်တိုင်းရင်းသားတို့နှင့် နိုင်ငံတော်၏ပြည်သူပြည်သားများအတွက် လုံခြုံရေးနှင့်ကာကွယ်ရေးအတွက် ကျရာနေရာမှာ တာဝန်ထမ်းဆောင်နေသော မြန်မာ့တပ်မတော်နှင့် ဆွေးနွေးညှိနှိုင်းမှုများကိုပြုလုပ်ပေးနိုင်ရန်နှင့် ခဲရာခဲဆစ်ဖြင့် တည်ဆောက်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးအောင်မြင်စေရန် ဆောင်ရွက်ကြမည့် ကျွန်တော်တို့ ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏လွှတ်တော်ကိုယ်စားလှယ်လောင်းများကို လွှတ်တော်အတွင်း ဝင်ရောက်စေဖို့ရာ နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများ၏ အသည်းကြားကမဲတစ်ပြားနှင့် ပို့ဆောင်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်ခင်ဗျာ...

**လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ...**

ကျွန်တော်တို့ပါတီအနေဖြင့်

ညီညွတ်မှုပြည်သာမည်၊ ညီညွတ်မှုအေးချမ်းမည်၊ ညီညွတ်မှုတိုးတက်မည်ဖြစ်သော -

ညီညွတ်မှုသည် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးရှုထောင့်တရားများအတွက် အခြေခံကျောက်တုံးပမာသာဖြစ်ပါတယ်။ မြန်မာပြည်သူပြည်သားများအားလုံး၏အခွင့်အလမ်းများ၊ ဂုဏ်သိက္ခာနှင့် အနာဂတ်အဆင့်မြင့်မှုတို့ကို ညီမျှစွာတည်ဆောက်သွားရန်လည်း စိတ်အားထက်သန်ရပါသည်ခင်ဗျာ...

မိမိတို့ပါတီ၏လမ်းစဉ်အနေဖြင့်

**ပထမ**ဆုံးအနေဖြင့် ညီညွတ်မှုပြည်သာမည်ဖြစ်သော - လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုမရွေး ဆင်တူညီမျှသော အခွင့်အလမ်းများဆောင်ရွက်ပေးနိုင်ခြင်း၊ အမျိုးသားညီညွတ်ရေးကိုအခြေခံ၍ အမျိုးသားအဆင့်အပြည်ပြည်ဆိုင်ရာမိတ်ဆွေများပေါ်ပေါက်နိုင်ရေး တည်ဆောက်ခြင်း၊

**ဒုတိယ**အနေဖြင့် ညီညွတ်မှုဖွံ့ဖြိုးမည်ဖြစ်သော စီးပွားရေးစနစ်တရားများအားမူတည်ပြီး MSME (အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ)ကို အားပေးခြင်း၊ အခြေခံပညာ၊ အထက်တန်းပညာနှင့် နည်းပညာ သိပ္ပံပညာစနစ်များကို တိုးတက်စေရန် အသစ်ပုံစံဖော်ဆောင်ခြင်း၊ စက်မှုလယ်ယာ၊ ကူးသန်းရောင်းဝယ်ရေးနှင့်နည်းပညာသစ်များအထိ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊

**တတိယ**အနေဖြင့် ညီညွတ်မှုအေးချမ်းမည်ဖြစ်သော - စစ်ရေးအဓိကမဟုတ်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အစည်းအဝေးအားဆောင်ရွက်ခြင်း၊ ပြည်သူများအားလုံး၏ ဘေးကင်းလုံခြုံမှုကို ဦးစားပေးဆောင်ရွက်ခြင်း၊ ငြိမ်းချမ်းသာယာသော လူမှုဘဝတည်ဆောက်ခြင်း၊




**စတုတ္ထ** အနေဖြင့် ညီညွတ်မှုတိုးတက်မည်ဖြစ်သော - လမ်းပန်းဆက်သွယ်ရေးနှင့်အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများတိုးပွားစေရန် နိုင်ငံအတွင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖွင့်လှစ်ခြင်း၊ လူငယ်နည်းပညာသိပ္ပံပညာရှင်များအတွက် နိုင်ငံအဆင့်အခွင့်အလမ်းများပေးနိုင်အောင်ဆောင်ရွက်ခြင်း၊

**ပဉ္စမ**အနေဖြင့် ညီညွတ်မှုမှ ရွှေရောင်အနာဂတ်ပန်းတိုင်ဆီသို့ဖြစ်သော တိုးတက်မှု၊ အေးချမ်းမှု၊ ညီညွတ်မှုတို့ကို ပေါင်းစည်းထားသည့် "ရွှေရောင်အနာဂတ်" သို့ ဦးတည်နိုင်ရန်အတွက် ကျွမ်းကျင်ပညာရှင်များတိုးပွားပြီး အခွင့်အလမ်းတူညီသည့် လူမှုရေးအဖွဲ့အစည်းများ တည်ဆောက်ခြင်း၊ မြန်မာပြည်ကြီး နိုင်ငံတကာတွင် ဂုဏ်သိက္ခာမြင့်မားစေရန်အတွက် တတ်သိပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်ခင်ဗျာ...

**လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ...**

ကျွန်တော်တို့ပါတီ၏ နိုင်ငံရေး**မူဝါဒ**လမ်းစဉ်အဖြစ် ......

မိမိတို့ပါတီသည် မြန်မာနိုင်ငံ၏ သမိုင်းဆိုင်ရာဖြစ်စဉ်များအပေါ် အခြေခံလျက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာလိုလားချက်များအပါအဝင် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးကို မှန်ကန်ထိရောက်စွာသယ်ပိုးဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲများတွင်ဝင်ရောက်ကာ ပြည်သူများ၏ အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ပါတယ်...

- လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးခြင်း၊
- ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်ကို ဆက်လက်ကျင့်သုံးခြင်း၊
- ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း၊
- ဒေသအတွင်းအဖွဲ့အစည်းများတွင်လည်း တက်ကြွစွာပါဝင်မည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးစွာဆောင်ရွက်မည်။ အိမ်နီးချင်းကောင်းပီသစွာ နေထိုင်ဆောင်ရွက်ခြင်း၊
- နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၏ပုံရိပ်ကောင်းမွန်ရေးကို အထူးအလေးထားဆောင်ရွက်ခြင်း၊
- နိုင်ငံတော်အချုပ်အခြာအာဏာကို ထိပါးလာသည့် မည်သည့်ပြည်ပစွက်ဖက်မှုမျိုးကိုမဆို ပြည်သူများနှင့်အတူ ဆန့်ကျင်ဆောင်ရွက်ခြင်း၊
- နိုင်ငံတော်တွင် အသိပညာရှင် အတတ်ပညာရှင်များအတွက် လွတ်လပ်စွာဖွံ့ဖြိုးတိုးတက်လာစေနိုင်သည့် အခြေအနေကောင်းများ ဖန်တီးဖြစ်ပေါ်စေရန်ဆောင်ရွက်ခြင်း၊
- ပညာရှင်များ၏ဖန်တီးမှုများနှင့်မူပိုင်ခွင့်များအား ခိုင်မာစွာအကာအကွယ်ပေးနိုင်ရေးကို ရပ်တည်ဆောင်ရွက်ခြင်း၊
- နိုင်ငံတော်၏အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများ၊ နယ်ပယ်အသီးသီးတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အရည်အချင်းနှင့်ကျွမ်းကျင်မှုများအလိုက် ထိုက်တန်စွာ တာဝန်ပေးဆောင်ရွက်နိုင်စေမည့် အခွင့်အလမ်းများကိုဆောင်ရွက်ခြင်း၊
- အသိပညာရှင်၊ အတတ်ပညာရှင်များ၏လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီမှုများပြုလုပ်ပေးသွားမည်။ နိုင်ငံတော်နှင့်အသိပညာရှင်၊ အတတ်ပညာရှင်များ၏အကျိုးစီးပွားအတွက်

**စာမျက်နှာ ၂၁ သို့**

# ဂျပန်ဝန်ကြီးချုပ် Mrs. Takaichi ၏ ထိုင်ဝမ်အရေးနှင့်ပတ်သက်၍ ပြောကြားချက်အပေါ် မီဒီယာများ၏ မေးမြန်းချက်များကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်



ဒီနေ့မှာတော့ ဂျပန်ဝန်ကြီးချုပ်အသစ်ရဲ့ ထိုင်ဝမ်အရေးနဲ့ ပတ်သက်ပြီး ပြောကြားချက်အပေါ် မြန်မာနိုင်ငံရဲ့သဘောထားကို မီဒီယာများရဲ့မေးမြန်းချက်ကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ဂျပန်ဝန်ကြီးချုပ်အသစ်ရဲ့ ထိုင်ဝမ်အရေးနဲ့ပတ်သက်ပြီးပြောကြားချက်များကို ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာမီဒီယာတွေမှာ တွေ့လိုက်ရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ သဘောထားရပ်တည်ချက်ကတော့ နံပါတ်တစ် မြန်မာနိုင်ငံအစိုးရဟာ တရုတ်နိုင်ငံရဲ့ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)ကို ခိုင်မာစွာ ထောက်ခံရပ်တည်လျက်ရှိပါတယ်။ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)အပေါ် မြန်မာနိုင်ငံက ခိုင်မာစွာထောက်ခံရပ်တည်လျက်ရှိကြောင်းကို မြန်မာနိုင်ငံယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တရုတ်နိုင်ငံခေါင်းဆောင်များနှင့်တွေ့ဆုံရချိန်တိုင်းမှာ ထပ်လောင်းအတည်ပြုခိုင်မာစွာပြောကြားခဲ့ပါတယ်။ နံပါတ်နှစ်အချက်အနေနဲ့ကတော့ တရုတ်-မြန်မာ နှစ်နိုင်ငံဟာ အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး မဟာဗျူဟာမိတ်ဖက်နိုင်ငံများနဲ့ အေးအတူပူအမျှအသိုက်အဝန်းကို တည်ဆောက်နေတဲ့နိုင်ငံများဖြစ်ပါတယ်။ ဒီအချက်အပေါ်မှာ မြန်မာနိုင်ငံက အထူးအလေးထား တန်ဖိုးထားပါတယ်။ နံပါတ်သုံးအချက်အနေနဲ့ကတော့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်ရဲ့ ပထမအချက်ပါအတိုင်း တရုတ်နိုင်ငံရဲ့ နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ်မှာ မြန်မာက လေးစားပြီး ၎င်းအချက်အပေါ်မှာကာကွယ်ခြင်းကို မြန်မာက အစဉ်အမြဲထောက်ခံရပ်တည်လျက်ရှိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**စာမျက်နှာ ၂၀ မှအဆက်**

အဖွဲ့အစည်းများ ထူထောင်နိုင်ရေးကိုဆောင်ရွက်ခြင်း၊

- နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ အခြေခံလူတန်းစားများနှင့် နယ်ပယ်အသီးသီးတွင်ရှိကြသော ပြည်သူများအားလုံးအတွက် အိမ်ရာတိုက်ခန်းများအား ဈေးနှုန်းချိုသာစွာဖြင့် အရစ်ကျစနစ်ဖြင့်သော်လည်းကောင်း၊ လက်ငင်းဝယ်ယူခြင်းဖြင့်သော်လည်းကောင်း ဆောက်လုပ်ရောင်းချနိုင်ရန် တွန်းအားပေးဆောင်ရွက်ခြင်း၊
- နိုင်ငံတော်မှ နိုင်ငံအနှံ့အပြားရှိပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်ပြည်သူများကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန် အလို့ငှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အသား၊ ငါးများကို ရောင်းချနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်ခင်ဗျာ...

သို့ဖြစ်ပါ၍ မိမိတို့၏ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီသည် နိုင်ငံရေးပါတီအဖြစ်ရပ်တည်ဖို့ရာ နိုင်ငံရေးသမားများနှင့်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၊ လူမှုရေးပရဟိတအသင်းအဖွဲ့များစုပေါင်း၍ လူထုကြားမှ ပေါ်ထွန်းလာသောနိုင်ငံရေးပါတီဖြစ်ပါသောကြောင့် မိဘပြည်သူများ၏ အသည်းကြားကမဲတစ်ပြားသည် အနာဂတ်မြန်မာနိုင်ငံတော်ကြီးအတွက် မြေသြဇာကောင်းသဖွယ်သာဖြစ်ပါကြောင်းနှင့်

ညီညွတ်မှသာ အောင်မြင်မည်
ညီညွတ်မှသာ ဖွံ့ဖြိုးမည်
ညီညွတ်မှသာ အေးချမ်းမည်
ညီညွတ်မှသာ တိုးတက်မည်ဟုပြောကြားရင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းရှင်လူ ကျေးဇူးရှင်မိဘပြည်သူများအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာနှင့်ပြည့်စုံကြပြီး စီးပွားလာဘ်လာဘများ ပွင့်လန်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ...

**ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ(UADP)**
**တိုင်းရင်းသားအားလုံးတန်းတူညီမျှရေး ရည်ရွယ်ချက်**
**(Opening Song)**

ပြည်ထောင်စု...မြန်မာနိုင်ငံသားအားလုံး ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင် ငြိမ်းချမ်းသာယာစွာနေထိုင်နိုင်စေရေး ရှေးရှုကာ လူမျိုးဘာသာ ဆင်းရဲချမ်းသာ ကျောသား၊ ရင်သားမခွဲခြားဘဲ တူညီစွာလူသားတိုင်း အခွင့်ရေးများအတွက် UADP

UADP ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီသည် အပြာရောင်နောက်ခံ မြန်မာနိုင်ငံပုံအလယ်ဗဟို၌ ညီညွတ်သောသင်္ကေတဖြစ်သည့် လက်ဆွဲနှုတ်ဆက်နေသည့်ပုံသဏ္ဌာန် ငြိမ်းချမ်းရေး ချိုးငှက်ငယ်သံလွင်ခက်အားကိုက်ချီကာရယ် မြန်မာပြည်ကြီး သာယာဝပြောစေဖို့ရယ် ပျံသန်းလာနေသည့်ဟန် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် အောင်သပြေခက်ဖြင့် ဝန်းရံလို့ထားသည်...

V1 အပြာရောင်သည်...ကောင်းကင်နှင့်ပင်လယ်ကြီးရဲ့ ငြိမ်းချမ်းရေးသက်သေအား ဖော်ညွှန်းသည်..
V2 အလံ၏အလယ်၌ အဖြူရောင်မြန်မာနိုင်ငံမြေပုံပါရှိရခြင်းမှာ... ငြိမ်းချမ်းသာယာပါစေလိုကြောင်း... အမှတ်သားဖြစ်သည်..
V3 မြန်မာနိုင်ငံကြီး ချိုးငှက်မှသံလွင်ခက်အားချီဆောင်ပျံသန်းလာခြင်းသည်... မြန်မာနိုင်ငံကြီး အမှန်ပင်ငြိမ်းချမ်းစွာနေထိုင်ကြရတော့မည်ဟု... ပုံဆောင်ခြင်းဖြစ်ပါသည်...
V4 လက်ဆွဲနှုတ်ဆက်နေသော.... သင်္ကေတသည်... စည်းလုံးညီညွတ်ရေးကို ဖော်ကျူးပါသည်..
V5 အောင်သပြေခက်သည်...အောင်မြင်ခြင်းအထိမ်းအမှတ်အားကိုယ်စားပြုပါသည်...

**ဖြူစင်စိတ်ထားအရင်းခံ (UADP) အားမာန် (Closing Song)**

V1 ဘဝဟာပြင်ဆင်နိုင်ဖို့ခက်ခဲ...အဆုံးမှာနာကျင်စေဖို့သိပ်လွယ်ရှေ့ဆက်ကြမယ့်နေ့သစ်တွေ ဒီခွန်အားများနည်းခဲ့တယ်...
V2 နေ့စဉ် လူနေထိုင်မှုဘဝရယ် မပြည့်စုံလိုအင်တွေကများတယ်ကံအကျိုးပေးမကောင်းလို့ ချို့တဲ့သူတွေအတွက်...
Per နေ့သစ်တွေမှာ ကူညီပေးမယ်..တတ်နိုင်သမျှ ကယ်တင်သွားမယ်... လူသားတိုင်း အားလုံး မပြည့်ဝတောင်... တချို့တဝက်သက်သာမယ်...
Cho ပြည်သူတွေရဲ့အခွင့်အရေးများ UADP လှုပ်ရှားသွား အများအကျိုးအတွက်လေ ကြိုးစားလို့ရယ် တာဝန်တွေယူပေးမယ်... နေ့စဉ်ရှင်သန် အချိန်များအား အများပြည်သူများအတွက် ပုံပေးထား UADP ပါတီဝင်များရယ်... လက်တွေတွဲဆက်လို့ရယ်...ကြင်နာမှုများအား မျှဝေကြမယ်.
V3 UADP ပါတီဝင်တွေ တူညီစိတ်များရွေးချယ်ပါတီရဲ့အတောင်ပံတွေ ဖြန့်လို့ရယ်... ရည်မှန်းထားတဲ့ခရီးလမ်းကို တို့တစ်တွေကြိုးစားသွားကြမယ်...
V4 UADP ပါတီဝင်တွေရဲ့အားမာန် ဖြူစင်စိတ်ထား အရင်းခံကိုယ်ကျိုးအတွက်မငဲ့တဲ့ ပေးဆပ်သူတွေမို့...

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၁ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ပသို့ပို့ကုန်များတင်ပို့ခဲ့ပြီး နိုင်ငံတော်သို့ ပို့ကုန်ရငွေအပြည့်အဝပြန်လည်ပေးသွင်းမှုမရှိသည့်အပြင် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများကို ဆဲဆို၊ ခြိမ်းခြောက်ခဲ့သူများ ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးလုပ်ငန်းရှင်အချို့မှာ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကိုသာရှေးရှုပြီး နိုင်ငံတော်၏ စီးပွားရေးနှင့် ငွေကြေးမူဝါဒများကို ကမောက်ကမဖြစ်စေရန် ရည်ရွယ်၍ မသမာသည့်နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများက သတင်းရရှိခဲ့ပြီး ၎င်းတို့ကို ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ပုလဲကွန်ဒို အမှတ်(၈၀၃-ဘီ)၌ ရုံးခန်းဖွင့်လှစ်ထားသည့် Maha Nadi International Co., Ltd မှ ဒါရိုက်တာများဖြစ်သော ဦးရဲမင်းလွင်၊ ဒေါ်ကွန်သီ၊ ဒေါ်ဖြူဖြူဇင်၊ ဒေါ်မြင့်မြင့်လှိုင်နှင့် ဒေါ်ခင်စန်းသီတို့သည် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၄၂ သန်းကျော် တန်ဖိုးရှိ မတ်ပဲများတင်ပို့ခဲ့ပြီး နိုင်ငံတော်သို့ ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာသန်း ၄၀ ကျော် ပြန်လည်ပေးသွင်းရန် ကျန်ရှိလျက်ရှိကြောင်း။

ထို့အတူ ဦးဟင်နရီခင်မောင်နှင့် ဒေါ်ဖြူဖြူဇင်တို့ နှစ်ဦး အမည်ဖြင့် တည်ထောင်ထားသည့် RK Shipping and Trading Co., Ltd အနေဖြင့်လည်း ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းကျော် တန်ဖိုးရှိမတ်ပဲများတင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ နှစ်သန်းကျော်မှာ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းခဲ့ခြင်း မရှိကြောင်း တွေ့ရှိရသည်။

**ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများမှ တရားခံများ**



ရဲမင်းလွင် (ထွက်ပြေးတိမ်းရှောင်) ဒါရိုက်တာ Maha Nadi International Co.,Ltd



ကွန်သီ(ထွက်ပြေးတိမ်းရှောင်) ဒါရိုက်တာ Maha Nadi International Co.,Ltd



ဟင်နရီခင်မောင်(ဖမ်းမိ) ဒါရိုက်တာ RK Shipping and Trading Co.,Ltd



ဖြူဖြူဇင် (ထွက်ပြေးတိမ်းရှောင်) ဒါရိုက်တာ Maha Nadi International Co.,Ltd



ခင်စန်းသီ(ဖမ်းမိ) ဒါရိုက်တာ Maha Nadi International Co.,Ltd



မြင့်မြင့်လှိုင်(ဖမ်းမိ) ဒါရိုက်တာ Maha Nadi International Co.,Ltd



ဗိုဗိုသန့်(ဖမ်းမိ) ဒါရိုက်တာ Taw Thar Gyi Co.,Ltd



ငွေးကို (ထွက်ပြေးတိမ်းရှောင်) ဒါရိုက်တာ Ocean Lion King Co.,Ltd

ထပ်မံ စစ်ဆေးတွေ့ရှိချက်များအရ ဦးဟင်နရီခင်မောင်သည် သားဖြစ်သူ ဦးရဲမင်းလွင်နှင့် ခင်မင်ရင်းနှီးသည့် ဦးဗိုဗိုသန့်၏ Taw Thar Gyi Co., Ltd အမည်ခံ၍ ၂၀၂၄ ခုနှစ်အတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် တန်ဖိုးရှိ မတ်ပဲနှင့် ပဲစင်းငုံများကို တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေအမေရိကန်ဒေါ်လာ ၉ ဒသမ ၃ သန်းကျော်မှာ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန်ကျန်ရှိနေကြောင်း၊ ထို့အတူ ဦးရဲမင်းလွင်သည် Ocean Lion King Co., Ltd အမည်ကိုအသုံးပြု၍ ပဲမျိုးစုံတင်ပို့လျက်ရှိကြောင်း သတင်းရရှိသဖြင့် ထပ်မံစိစစ်ခဲ့ရာ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းကျော်တန်ဖိုးရှိ မတ်ပဲများကို တင်ပို့ခဲ့ပြီး နိုင်ငံတော်သို့ ပို့ကုန်ရငွေများ ပြန်လည်ပေးသွင်းရန် ကျန်ရှိလျက်ရှိကြောင်း တွေ့ရှိရသည်။

ထို့ပြင် ဦးရဲမင်းလွင်သည် နိုင်ငံတော်သို့ ပို့ကုန်ရငွေများ ပြန်လည်ပေးသွင်းမှုမရှိသောကြောင့် ၎င်း၏ကုမ္ပဏီများကို ပို့ကုန်၊ သွင်းကုန်လိုင်စင် ပိတ်သိမ်းခံရမှုအပေါ် ကျေနပ်မှုမရှိသဖြင့် ပဲမျိုးစုံရောင်းဝယ်သည့်လုပ်ငန်း လုပ်ကိုင်ရန်အတွက် ကုန်သည်များ၊ ပွဲစားများ၊ တောင်သူများ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် Online Pulses Myanmar Association အမည်ရှိ Viber Group ၌ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများကို ရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်သည့် စာသားများ ရေးသားဖော်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

သို့ဖြစ်၍ ပြည်ပသို့ ပို့ကုန်များတင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်းမရှိခဲ့သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများဖြစ်သည့် ဦးရဲမင်းလွင်(ထွက်ပြေးတိမ်းရှောင်)၊ ဒေါ်ကွန်သီ(ထွက်ပြေးတိမ်းရှောင်)၊ ဒေါ်ဖြူဖြူဇင်(ထွက်ပြေးတိမ်းရှောင်)၊ ဒေါ်မြင့်မြင့်လှိုင်(ဖမ်းမိ)၊ ဒေါ်ခင်စန်းသီ(ဖမ်းမိ)၊ ဦးဟင်နရီခင်မောင်(ဖမ်းမိ)၊ ဦးဗိုဗိုသန့်(ဖမ်းမိ)နှင့် ဦးငွေးကို(ထွက်ပြေးတိမ်းရှောင်)တို့ ရှစ်ဦးနှင့် အသင်းမှ တာဝန်ရှိသူများကို ရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်ခြင်းများ ဆောင်ရွက်ခဲ့သူ ဦးရဲမင်းလွင် (ထွက်ပြေးတိမ်းရှောင်)တို့အပေါ် ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအလိုက် ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းတို့သည် နိုင်ငံတော်သို့ပေးသွင်းရမည့် ပို့ကုန်ရငွေများကို ပေးသွင်းရန် ပျက်ကွက်ခဲ့သည့်အပြင် ရရှိသည့်ပို့ကုန်ရငွေများကို ဖျောက်ဖျက်ဆောင်ရွက်ထားကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရ၍ ၎င်းတို့၏ပိုင်ဆိုင်မှုများအပေါ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရလည်း ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးနှင့် ငွေကြေးမူဝါဒများ တည်ငြိမ်စေရေးအတွက် ပို့ကုန်ရငွေပြန်လည်ပေးသွင်းရန် ပျက်ကွက်သည့် အခြားကုမ္ပဏီများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---


**❐ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့မှု**


စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေ အတွင်း၌ Online လောင်းကစားမှုနှင့် လိမ်လည်မှုများ ကျူးလွန်ခဲ့သည့် ပြည်ပနိုင်ငံသား ၃၅၁ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ-မယ်ထော်သလေး (KK Park) နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် အဆောက်အအုံ ၆၃၅ လုံးရှိသည့်အနက် ယနေ့တွင် ၁၄ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ တရားမဝင် အဆောက်အအုံ ၁၉၆ လုံး ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် တရားမဝင် အဆောက်အအုံများကို ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ စတုတ္ထနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေ ရှင်းယုံလီဝင်းအတွင်းရှိ ၁၂ ထပ် အဆောက်အအုံ သုံးလုံးနှင့် ကိုးထပ် အဆောက်အအုံ သုံးလုံးတို့ကို ရှာဖွေစစ်ဆေးခဲ့ရာ Online လိမ်လည်မှုနှင့် လောင်းကစားမှု စာမျက်နှာ ၂၃ သို့

**ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်နိုင်ငံခြားသားများ ဖမ်းဆီးစစ်ဆေးမှုမှတ်တမ်း(၂၁.၁၁.၂၀၂၅)**





တရားမဝင်နိုင်ငံခြားသားများ ထားရှိသည့် အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းနေမှု မှတ်တမ်းဓာတ်ပုံ။





ရွှေကုက္ကိုလ်အဆောက်အအုံတစ်ခုအတွင်း ဖြုတ်သိမ်းထားသည့် Star Link များ တွေ့ရှိရမှု မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၂ မှအဆက်**

လုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ ဝင်းအတွင်းရှိ ဂိုဒေါင်အတွင်းမှ Star Link ဗန်း ၁၀၁ လုံး နှင့် Router ၂၁ လုံးတို့ကို စိစစ်တွေ့ရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ Online လိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်း နေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၁၁၆ ဦး၊ ဗီယက်နမ်နိုင်ငံသား ၃၆ ဦး၊ ကင်ညာနိုင်ငံသား ၁၄ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၇၅ ဦး၊ တောင်အာဖရိကနိုင်ငံသား ရှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၂၃ ဦး၊ ယူဂန်ဒါနိုင်ငံသား ၂၉ ဦး၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၄ ဦး၊ ပါကစ္စတန်နိုင်ငံသား သုံးဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တစ်ဦး၊ လိုက်ဘေးရီးယားနိုင်ငံသား တစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား နှစ်ဦး၊ မော်ရိုကိုနိုင်ငံသား တစ်ဦး၊ မာလာဝီနိုင်ငံသား တစ်ဦး၊ ကင်မရွန်းနိုင်ငံသား ခြောက်ဦး၊ မွန်ဂိုလီးယားနိုင်ငံသား တစ်ဦးနှင့် တရုတ်(တိုင်ပေ) တစ်ဦး စုစုပေါင်း ၃၅၁ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ နိုဝင်ဘာ ၁၈ ရက်မှ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၃၆၇ ဦးနှင့် Online လိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၆၅၃ လုံး၊ မိုဘိုင်းဖုန်း အလုံး ၂၁၇၅၀၊ Star Link ဗန်း ၁၀၁ လုံး၊ Router ၂၁ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ယနေ့တွင် ပြည်ပနိုင်ငံသား ဦးရေ ၂၀၀ ကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၂၀၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ဦးရေ ၁၁၆၄၀ ကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၂၂၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



လူနေအဆောက်အအုံ လေးထပ် C 12 ကို တွေ့ရစဉ်။



လူနေအဆောက်အအုံ လေးထပ် C 12 ကို ဖောက်ခွဲရန် ယမ်း ၁၅၁ ကီလိုဂရမ် တပ်ဆင်နေစဉ်။



လူနေအဆောက်အအုံ လေးထပ် C12 ကို ဖောက်ခွဲပြီး တွေ့ရစဉ်။



ယန္တရားဖြင့် ဖြိုဖျက်မည့် လူနေအဆောက်အအုံများကို တွေ့ရစဉ်။



K K Park အတွင်း ယန္တရားဖြင့် ဖြိုဖျက်မည့် အဆောက်အအုံများ ဖြိုချပြီး တွေ့ရစဉ်။



လူနေအဆောက်အအုံ လေးထပ် C 3 ကို တွေ့ရစဉ်။



လူနေအဆောက်အအုံ လေးထပ် C 3 ကို ဖောက်ခွဲရန် ယမ်း ၁၅၁ ကီလိုဂရမ် တပ်ဆင်နေစဉ်။



လူနေအဆောက်အအုံ လေးထပ် C 3 ကို ဖောက်ခွဲပြီး တွေ့ရစဉ်။

**မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်**

၂၁ - ၁၁ - ၂၀၂၅

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




(၁)

"ဟေ့ ယောကျ်ားဆိုတာ လှေကားသုံးထစ်ဆင်းရင် လူပျိုပဲကွ။ အဲဒါ မင်းမြဲမြဲမှတ်ထားလိုက်"တဲ့။

ဟင်း အဲဒီလို ဟိတ်ကြီးဟန်ကြီး တစ်ခွဲသားနဲ့ ပြောပြီး အောင်ဘွား အိမ်ပေါ်က ဆင်းသွားတာပဲ။ အခုဆို တစ်ပတ်ရှိသွားပြီပေ့ါ။

"အေး အေး ဆင်း ဆင်း။ တစ်သက်လုံး ပြန်မလာလဲရတယ်"လို့တောင် ဒီက အော်ပြောလိုက်သေးတယ်။

တော်ပြီ။ ဒီလို ယောကျ်ားမျိုးတော့။ အဟုတ်ကို စိတ်ကုန်ပြီ။ အဟုတ်ကို စိတ်ပျက်ပြီ။ အဟုတ်ကို သံယောဇဉ်ပြတ်ပြီ။ တကယ်။

စဉ်းစားကြည့်လေ။ အိမ်ထောင်သက် ၁၀ နှစ်ရှိလို့ ကလေးပဲ သုံးယောက်ရနေပြီ။ ခုထိ သူ့မှာ ပြစရာ အလုပ်အကိုင် မည်မည်ရရမရှိသေးဘူး။ ဆိုက်ကားကျတော့မနင်းတတ်လို့တဲ့။ ရေသန့်ကျတော့ မထမ်းနိုင်ဘူးတဲ့။ စံပြငါးဈေးမှာ ငါးရွေးဖို့ သူ့အစ်ကိုဝမ်းကွဲ လာခေါ်တုန်းကလဲ တစ်ရက်လိုက်သွားပြီး နောက်နေ့မသွားတော့ဘူး။ ငါးညှီနံ့ မခံနိုင်လို့တဲ့တော်။ ဇဟန်းထဲက ဆောက်လုပ်ရေးဆိုက်တစ်ခုမှာ ညစောင့်အလုပ်ရပြန်တော့ အရက်မူးပြီးအိပ်ပျော်နေတာကို ဂျာကြီး(မန်နေဂျာ)မိသွားလို့ နှစ်လ၊ ခြောက်ရက်နဲ့ အလုပ်ပြုတ်လာပြန်ရောလား။ ကဲ... ဘယ်နေရာ သုံးစားလို့ရလို့တုံး။ ဘယ်မလဲ သားကျွေးမှု၊ မယားကျွေးမှု။ ဘယ်မတုံးလင့်ဝတ္တရား။

အမေနဲ့အတူရောင်းနေတဲ့ မုန့်ဟင်းခါးဆိုင်ကလေးသာမရှိရင် ဘယ်လိုလုပ်မလဲ။ ငတ်ပြီပေ့ါ တစ်မိသားစုလုံး။ တော်သေးတယ် ဆိုင်က နာမည်လေးရပြီး မနက်၊ ညရောင်းတာ မုန့်အချိန် ၁၀ နီးပါး ကုန်နေလို့။ ဒီဆိုင်လေးကြောင့် ကိုယ့်ကလေးတွေ လူလူသူသူ နေနေရတာပေ့ါ။

အိမ်မှာရော၊ ဆိုင်မှာရော ဘာမှကူဖော်လောင်ဖက်မရပါဘူး။ အဲဒါကြောင့် အမေက မယူခင်ကတည်းက "ညည်းလူ မဟန်ဘူးနော်။ လက်ကြောတင်းတဲ့ပုံမပေါ်ဘူးနော်"ဆိုပြီး တဖွဖွတားခဲ့တာ။ အမေ့စကားနားမထောင်ခဲ့မိလို့ ခုတော့ လင်ယူတာအဖတ်တင်ပြီး လင်ကို ပြန်ရှာကျွေးရတဲ့ဘဝရောက်ရတယ်။ သင်းကတော့ အားမနာလျှာမကျိုး လိုသမျှပိုက်ဆံ မိန်းမဆီ လက်ဖြန့်ခံတောင်းနေတော့တာပဲ။ မိန်းမထဘီနားခိုစားနေတာ ရှက်ပုံလဲမရပါဘူး။

ကဲ...ထားတော့။ ဘာမှ မရှာတတ်မဖွေတတ်၊ မလုပ်တတ်မကိုင်တတ်လို့ အိမ်မှာ အေးအေးဆေးဆေးနေသလားမေး။ မနေပါဘူး။ အပေါင်းအသင်းနဲ့တွေ့ရင် အရက်ကလေးတမြမြက သောက်ချင်သေးတယ်။ ဘောလုံးပွဲရှိတဲ့နေ့ဆိုရင် ညလုံးပေါက် လက်ဖက်ရည်ဆိုင်ထိုင်ပြီး လောင်းချင်၊ ကစားချင်သေးတယ်။ ဘေးအိမ်က. အပျိုပေါက်မလေး ရေချိုးတာ ထရံကြားက ချောင်းချင်သေးတယ်။

အဲဒါထက်ဆိုးတာက ဒလဘက်ကမ်းက မိန်းမတစ်ယောက်နဲ့ဖြစ်နေတဲ့ကိစ္စ။ အဲဒီမိန်းမနဲ့က အပျော်အပြက်လိုလိုဘာလိုလိုနဲ့ ရုံးတက်လက်မှတ်ထိုးပြီးတောင် ယူလိုက်ကြပြီတဲ့။ ဘယ်လိုက ဘယ်လိုဖြစ်ပြီး မြစ်တစ်ဖက်ကမ်းက မိန်းမနဲ့မှ သွားရှုပ်သလဲမသိ။

သူထွက်သွားတဲ့ညက ရန်ဖြစ်တာလဲ အဲဒီကိစ္စပါတာပေ့ါ။ သူ မူပျက်နေတာ စောစောကတည်းက ရိပ်မိသားပဲ။ အမေနဲ့ကလေးတွေရှေ့ မပြောချင်တာရယ်၊ အဲဒီတစ်လောက နာရေးရက်လည် မုန့်ဟင်းခါး အော်ဒါတွေစိပ်ပြီး မပြောအားတာရယ်ကြောင့် လွှတ်ထားလိုက်မိတာ။ ပိုက်ဆံတောင်းတောင်းပြီး အိမ်က သုံး၊ လေးရက်ပျောက်ပျောက်သွားတာ လေး၊ ငါးခါမှ မကဘဲ။ အကြောင်းပြတာက သီလဝါဘက် အလုပ်သွားရှာတာတဲ့။ အလုပ်ရှာသွားတယ်သာ ပြောတယ်။ အလုပ်က တစ်ခါမှလဲ ရမလာဘူး။ သံသေတ္တာထဲ အသေအချာသော့ခတ်သိမ်းထားတဲ့ နှစ်ကျပ်ခွဲသားဆွဲကြိုး ပျောက်နေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သင်းကို စစ်ဆေးမေးမြန်းတော့မှ အဲဒီ မယားငယ်ကိစ္စလဲ ဘူးပေါ်သလိုပေါ်လာတာ။

ဒေါသထွက်လိုက်တာမပြောပါနဲ့တော့။ ကလေးသုံးယောက်နဲ့ အမေသာမရှိရင် သင်းကို ဓားနဲ့ နုပ်နုပ်စဉ်းပြီး ထောင်ထဲတစ်သက်လုံး သွားနေလိုက်ချင်တာ။

လင်မယားနှစ်ယောက် တစ်ညလုံးရန်ဖြစ်ပြီး မနက်လင်းတော့ သူ အိမ်ပေါ်ကဆင်းသွားတာပါပဲ။

သိပါတယ်။ ဘယ်သွားမလဲဆိုတာ။ ဟိုဟာမဆီကိုပဲပေ့ါ။ ဟို...မိန်းမဆီကိုပဲပေ့ါ။ ဟိုမယားငယ်မဆီကိုပဲပေ့ါ။

ရတယ်။ ခင်မာမြင့်တို့က တစ်သက်လုံး ကိုယ့်ထူးကိုယ်ချွန်လာတဲ့မိန်းမ။ ကိုယ့်ဘာသာကိုယ် ရှာစားနိုင်တယ်။ ကိုယ့်သားသမီး ကိုယ်ရှာကျွေးနိုင်တယ်။ သင်းကလဲ ကလေးတွေအပေါ် ဂရုမစိုက်သလို ကလေးတွေကလဲ သင်းကို မခင်ပါဘူး။ ဒီတော့ သင်းလိုယောကျ်ားမျိုးကို တစ်သက်မလွမ်းသေးဘူး။ သင်းပြန်မလာလဲ ဘာမှမဖြစ်ဘူး။ နားလည်လား အောင်ဘွား။

(၂)

စတွေ့တုန်းက ပြောတာကတော့ သူ့ကိုယ်သူ လူပျိုတဲ့။ အစ်မ အပျိုကြီးနှစ်ယောက်နဲ့ မောင်နှမသုံးယောက်အတူနေကြတာတဲ့။ မိဘတွေတော့ မရှိတော့ဘူးတဲ့။ မောင်နှမသုံးယောက်က သိပ်ချစ်ကြတာတဲ့။ သုံးယောက်စလုံး အိမ်ထောင်မပြုကြေးကတိပြုထားလို့ ခုချိန်ထိ လူပျိုကြီးဖြစ်နေတာတဲ့။ ကိုယ်နဲ့တွေ့မှ လူပျိုဘဝကိုစွန့်လွှတ်ဖို့ သူစိတ်ကူးမိတာပါတဲ့။ အပြောကတော့ ရွှန်းရွှန်းကိုဝေနေတာပဲ။

ပြောရရင် ကိုယ်က ကွမ်းယာသည်ပါ။ ကွမ်းယာဝယ်စားတဲ့သူ အများစုက ယောကျ်ားတွေဆိုတော့ ယောကျ်ားတကာနဲ့ ဒီလိုပဲအမြဲပြောဆို ဆက်ဆံနေရတာပေ့ါ။ လူတွေကလဲ အမျိုးမျိုးပါ။ တချို့က ရိုးရိုးသားသားကွမ်းစားချင်လို့ ဝယ်စားတယ်။ တချို့ကျတော့ ကွမ်းလေးတစ်ယာဝယ်ပြီး ပါးစပ်အရသာခံ ထိကပါးရိကပါးပြောသွားတယ်။ တချို့ကျတော့ ကိုယ့်အပေါ် နှမလေးလို၊ တူမလေးလို စာစာနာနာ ပြောဆိုဆက်ဆံတာလဲ ရှိပါတယ်။

အဲဒီလို ယဉ်ယဉ်ကျေးကျေး၊ စာစာနာနာပြောဆိုဆက်ဆံတဲ့လူတွေထဲမှာ သူလဲပါတယ်။ ခေါ်တာကိုက ညီမလေးတဲ့။ ထွေးမြလေးတဲ့။ ဆိုင်ဘေးက သစ်ငုတ်တိုပြတ်ပေါ်ထိုင်ပြီး ပြုံးပြုံးပြုံးပြုံးနဲ့ စကားတွေပြောတာ စုံနေတာပဲ။ နိုင်ငံရေးတွေလဲပါရဲ့။ ဘာသာရေးတွေလဲပါရဲ့။ စီးပွားရေးတွေလဲပါရဲ့။ ရုပ်ရှင်မင်းသား၊ မင်းသမီးအကြောင်းတွေလဲပါရဲ့။ နာမည်ကြီးအဆိုတော်တွေရဲ့ ကိုယ်ရေးကိုယ်တာတွေလဲပါရဲ့။ မလေးရှားသွား အလုပ်လုပ်တဲ့လူတွေရဲ့ ဒုက္ခတွေလဲပါရဲ့။

ကွမ်းစားတော့ အဆိမ့်။

"စမုံစပါး၊ နွယ်ချို၊ ဖာလာ၊ အာမွှေး"ကနေ "စမုံစပါး၊ နွယ်ချို၊ ဖာလာ၊ အာဘွား"ဖြစ်သွားတာကတော့ အချိန်တိုတိုလေးအတွင်းမှာပါပဲ။

ရန်ကုန်တစ်ဖက်ကမ်းမှာနေတယ်။ ဘာအလုပ်လုပ်လဲမေးတော့ ဘာမှမလုပ်ဘူးတဲ့။ ဆိုက်ကားငါးစီးထောင်ပြီး အုံနာခထိုင်စားသတဲ့။ ဟုတ်မှာပါ။ လူပုံက ပင်ပင်ပန်းပန်းအလုပ်လုပ်စားတဲ့ရုပ်မထွက်ပါဘူး။ လည်ပင်းမှာက ရွှေဆွဲကြိုးတဝင်းဝင်းနဲ့။

ချစ်တယ်လို့ပြောလာတုန်းက အတည်ကြံတာလားမေးတာကို ဘာလဲ၊ မယုံဘူးလား။ လာ အခု ရုံးတက်လက်မှတ်ထိုးမယ်၊ မှတ်ပုံတင်ပြန်ယူဆိုပြီး တကယ့်ကို ရုံးတက်လက်မှတ်ထိုးဖြစ်လို့ ညားခဲ့ကြတာ။ အဲဒီနေ့ပဲလေ သူ အိမ်ပေါ်ရောက်လာတာ။

တကယ်တော့ ကိုယ်က အပျိုမဟုတ်ပါဘူး။ တစ်ခုလပ်ပြောပါတော့။ လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်က အိမ်ထောင်ကျဖူးတယ်။ ကိုဝင်းစိန်က ကားသမား။ ခြောက်လလောက်ပေါင်းပြီး ပျောက်သွားလိုက်တာ ဘာသတင်းအစအနမှကို မရတော့တာ။ သူ့ရဲ့ပေါင်းဟောင်းသင်းဟောင်းတွေ ပြောတာကတော့ မူဆယ်ဘက်တက်သွားသလိုလို၊ ဖားကန့်ရောက်နေသလိုလို၊ အောက်လမ်းနဲ့ ထိုင်းပဲ ထွက်သွားသလိုလိုနဲ့။ ပေါ်မလာတာသုံးနှစ်ကျော်တော့ မမျှော်တော့ဘူး။ ထပ်တွေ့တဲ့လူက ဆိုက်ကားငါးစီးပိုင်တဲ့ လူပျိုကြီးဆိုတော့ ဘာဖြစ်လဲ၊ ယူလိုက်တာပေ့ါ။

ယူလိုက်ကြပြီး ရန်ကုန်က အစ်မတွေ၊ အမျိုးတွေကို တွေ့ချင်တယ်ပြောတော့ မဖြစ်သေးဘူးတဲ့။ အစ်မတွေစိတ်ဆိုးပြေအောင် စောင့်ရအုံးမှာ၊ အစ်မတွေသဘောတူအောင် ဖျောင်းဖျရအုံးမှာဆိုပြီး သူပဲ ရန်ကုန်ကိုသွားလိုက်ပြန်လိုက်လုပ်နေတာ သုံး၊ လေး၊ ငါးခါ။ အဲဒီအချိန်ထိ သူ့အပေါ် သံသယမရှိဘူး။ ယုံနေတုန်းပဲ။

သုံးလလောက်နေမှ သဘော်ာစာရေး ကိုအံ့ကျော် မိန်းမ မကြီးလှက–

"ဟဲ့ ထွေးမြ၊ ညည်းယူတဲ့ လင်က လူပျိုမဟုတ်ဘူး ကောင်မရဲ့။ မိန်းမနဲ့ ကလေးသုံးယောက်ဖအေ" လို့ပြောမှ မယုံနိုင်စရာအံ့သြပြီး ခေါင်းနားပန်းကြီးသွားတာ။

"ဟုတ်ရဲ့လား မကြီးလှရယ်"လို့ ထပ်မေးတော့–

"ငါက ညည်းကို မဟုတ်ဘဲ ပြောပ့ါမလားအေ" ဆိုပြီး ဇာတ်စုံခင်းတယ်။ ကိုအံ့ကျော်ရဲ့ ညီမ အထွေးဆုံးက ရန်ကုန်သားနဲ့ အိမ်ထောင်ကျပြီး သာကေတမှာ နေတာတဲ့။ ကိုအံ့ကျော် ညီမအိမ်နဲ့ သူတို့အိမ်က မျက်စောင်းထိုးတဲ့။ သူ့မိန်းမနာမည်က ခင်မာမြင့်တဲ့။ မုန့်ဟင်းခါး ရောင်းသတဲ့။ သမီးလေးနှစ်ယောက်နဲ့ သားလေးတစ်ယောက်ရှိသတဲ့။ သူက ဘာအလုပ်မှ မလုပ်ဘဲ မိန်းမလုပ်စာထိုင်စားပြီး လတ်လျားလတ်လျားနေတာတဲ့။ ရပ်ကွက်ထဲမှာ "လတ်လျားအောင်ဘွား"ဆိုရင် မသိတဲ့လူမရှိဘူးတဲ့။ ဘာဆိုက်ကားတစ်စီးမှလဲ မပိုင်ပါဘူးတဲ့။ ဘာ အစ်မ အပျိုကြီးမှလဲ မရှိပါဘူးတဲ့။

သွားပြီ။ ထွေးမြတို့ ခံလိုက်ရပြန်ပြီ။ အယုံလွယ်လို့ ထိပြန်ပြီ။ ဟူး တွေ့ကြသေးတာပေ့ါ လူပျိုအတုကြီးရယ်။

အဲဒီနေ့ နေ့ခင်းဘက်ကြီး သူရောက်လာတယ်။ သိပ်တွေ့ချင်နေတာနဲ့အံကိုက်ပဲပေ့ါ။ တောက်တစ်ချက်ခေါက်၊ ဆိုင်ပစ်ပြီး သူ့ကို အိမ်ဆွဲခေါ်လာတယ်။ အိမ်ရောက်တော့ မကြီးလှပြောတာတွေ ဟုတ်၊ မဟုတ် မေးတာပေ့ါ။ တစ်ချက်ချင်း၊ တစ်ချက်ချင်းစီကို မေးတာ။

မေးတော့ ဘာတစ်ခွန်းမှ ပြန်မဖြေဘူးလေ။ ကြက်ကြီးလည်လိမ်ထားသလို ငေါ်ပြီးထိုင်နေတယ်။

"ကဲ... ကျွန်မ အခုပြောတာတွေ အကုန်လုံးဟုတ်နေတယ်ပေ့ါ။ အားလုံး အမှန်တွေချည်းပဲပေ့ါ။ ဟုတ်လား ကိုအောင်ဘွား၊ ဟင် ဟုတ်လားလို့။ မေးနေတာဖြေစမ်းပါ ကိုအောင်ဘွားရဲ့၊ မေးနေတာဖြေစမ်းပါ"

မဖြေဘူး။ ပါးစပ်မပါတဲ့အတိုင်း လုံးဝမဖြေဘူး။ အရင်က ရေပက်မဝင်အောင် စကားများတဲ့လူက တုတ်တုတ်မလှုပ်ဘူး။

ကြည့်နေရင်း အသည်းတွေယားပြီး ဒေါသကငယ်ထိပ်ရောက်လာတယ်။ အဲဒါနဲ့ သူ့တစ်ကိုယ်လုံးကို စိတ်ရှိတိုင်း အားရပါးရထုရိုက်ပစ်လိုက်တယ်။ ထုရိုက်နေရင်းမျက်ရည်တွေလဲ ပိုးပိုးပေါက်ပေါက်ကျလာတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကလေးဝ နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၇၁၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၃၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ မြေပဲ ၃၇၁၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၃၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်း၍ အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်တွင် ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ

ဖျာပုံ နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ငါးတန်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ယခုနှစ် နိုဝင်ဘာလဒုတိယပတ်မှ ယနေ့ထိ ငါးတန်များ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် နေ့စဉ် ငါးတန်ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ဘက်က ထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေပါတယ်။ ဒီဘက်ကနေထွက်တဲ့ ဒေသထွက်ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ ရေထွက်ကုန်တွေထဲမှာ ငါးတန်က အရောင်းအဝယ်အဖြစ်ဆုံးပါ။ ငါးတန်တွေ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေနဲ့ ငါးမွေးမြူသူတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်။ ဖျာပုံမြို့နယ်ဘက်က ထွက်တဲ့ ငါးတန်တွေက အရည်အသွေးကောင်းမွန်ပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။



ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးတန်များကိုဝယ်ယူပြီး ရောင်းတန်းဝင်သည့် အနေအထားထိ ထည့်သွင်းထုတ်လုပ်ပြီး ပြန်လည်ဖြန့်ဖြူး ရောင်းချနေကြောင်း၊ အဆိုပါဒေသမှ ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# အုတ်ဖိုမြို့နယ် ညောင်ပင်ကွင်းကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

အုတ်ဖို နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ကွင်းကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို အသေးစိတ် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ညောင်ပင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၀၉ ဦးကို ငွေကျပ် ၄၉ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၁ ဒသမ ၆ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးထံမှ သိရသည်။

အေးမြတ်

# လမြတ်နတ်တော်

- လနတ်တော် နှင်းမြူဆိုင်းလို့
ရှစ်ခွင်တိုင်း မှိုင်းမှုန်ရီ၊
ပန်းရောင်စုံ ရနံ့မွှေးလို့
သင်းပျံ့ထုံအီ၊
နက္ခတ်က မိဂသီ
ထွန်းပညီ ကောင်းကင်နန်း၊
လေးကိုင်ကာ ယောက်ျားရုပ်
ထင်ရှားအသွင်ဆန်း။

- လရာသီ ရောင်စုံပန်းတို့
ပွင့်လန်းလို့ သင်းရနံ့ဖြာ၊
ပန်းတော်ဝင် သဇင်ပန်း
ပွင့်လန်းဝေဆာ၊
ဂမုန်းပန်း ဂေါ်သဇင်ခိုင်ညွှာ
တော်ဝင်ပန်းပြိုင်ကာ ပွင့်ကာဖူး၊
မြောက်ပြန်လေ ကလူနွဲ့လို့
သိုင်းဖွဲ့သုတ်ဖြူး။

- ရှေးစာဆို ဂုဏ်ကျေးဇူး
အထူးသိကြ ဂုဏ်ပြုကာ၊
စာဆိုသဘင် ပွဲတော်ခင်းလို့
ကျင်းပချိန်ခါ၊
ဆန်းတစ်ရက် နတ်တော်မှာ
ကျင်းပကာ စာကဗျာရွတ်ဖတ်ကြ၊
ဓလေ့အစဉ်လာ မမေ့အပ်သည့်
မြတ်နတ်တော်လ။ ။

ပန်းမာလာ

# မြဝတီမြို့နယ် မယ်ထော်သလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မြဝတီ နိုဝင်ဘာ ၂၁

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ မယ်ထော်သလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသူရလွင်၊ မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မယ်ထော်သလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စာရင်းဇယားပုံစံများ မှန်ကန်စွာဖြည့်သွင်းထားခြင်း ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးသူရလွင်က စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ပိုင်ဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မယ်ထော်သလေးကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၂၂ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၄ ဒသမ ၅ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၁၈ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ၅၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုသက်

# ဒိုးပတ်အက

ကိုဇော်ဌေး(ယဉ်ကျေးမှု)



ဒိုးပတ်သည် အသံထွက်ကောင်းသော သားရေတူရိယာဖြစ်ပြီး မြန်မာတူရိယာစစ်စစ်ဖြစ်သည်။ ဒိုးပတ်ကို အကြောင်းပြုကာ ဒိုးပတ်သီချင်း၊ ဒိုးပတ်အကများပေါ်ပေါက်လာခဲ့သည်။ ခပ်ရွှင်ရွှင်၊ ခပ်ဆတ်ဆတ်အတီး၊ အကကြောင့် လူကြိုက်များသည်။ ဒိုးပတ်သည် တီးစရာ "ဗုံ" ငယ်တစ်မျိုးဖြစ်သည်။ လည်ပင်း၌လွယ်ကာ လက်နှင့်ရိုက်ပုတ်၍ တီးရသောတူရိယာဖြစ်သည်။ ဒိုးပတ်၏ မျက်နှာနှစ်ဖက်သည် မတူချေ။ အရပ်ဒေသအလိုက် ဒိုးပတ်အရွယ်အစားလည်း ကွာခြားတတ်သည်။ အညာဒိုးပတ်သည် မျက်နှာဝအချင်း(အမ) ရှစ် လက်မ၊ မျက်နှာဝ(အဖို)ခုနစ်လက်မ၊ အလျား ၂၂ လက်မရှိသည်။ ရန်ကုန်ဒိုးပတ်သည် မျက်နှာဝအချင်း(အမ)သည် ရိုးရိုးဒိုး၌ ရှစ် လက်မ၊ ကဒိုး၌ ခုနစ်လက်မရှိပြီး မျက်နှာဝအချင်း(အဖို)သည် ရိုးရိုးဒိုး၌ ခုနစ် လက်မ၊ ကဒိုး၌ ခြောက် လက်မရှိသည်။ အလျားမှာ ရိုးရိုးဒိုး၌ ၁၇ လက်မ၊ ကဒိုး၌ ၁၂ လက်မ ရှိကြသည်။

ဒိုးပတ်ကို အများအားဖြင့် ပိတောက်သားဖြင့် ပြုလုပ်ကြသည်။ ပိတောက်သားသည် အသားကျစ်ကာ အသံစီ၍ ထွက်စေသည်။ ကျွဲသားရေ၊ နွားသားရေဖြင့် ပြုလုပ်သည်။ မျက်နှာဝ သားရေကို အမဘက် အပါး၊ အဖိုဘက်အထူ ပြုလုပ်သည်။ ယနေ့ခေတ်တွင်မူ ပိတောက်သားဟူ၍ စွဲစွဲမြဲမြဲ မရှိကြသကဲ့သို့ ကျွဲသားရေ၊ နွားသားရေဟူ၍လည်း မှတ်မှတ်ထင်ထင် မသုံးစွဲကြတော့ချေ။ အသံစီ၍ ထွက်စေရန်သာ ပြုလုပ်လာကြသည်။

ဒိုးပတ်ဟူသော စကားလုံးကို မည်သည့်ခေတ် အခါက စတင်သုံးစွဲခဲ့ကြောင်း ဂီတဆရာဦးဂုဏ်ဘဏ် ရေးသားသောအနုပညာလောက-၂စာအုပ်စာမျက်နှာ-၉၁၊ မြန်မာ့ရေးသံဆန်းတွင် "မြန်မာသက္ကရာဇ် ၁၂၄၁-၁၂၄၂ ခုနှစ်လောက်ကပင် ဒိုးပတ်သံပေါ်ခဲ့သည်"ဟုဖော်ပြထားသည်။ ဖော်ပြပါသက္ကရာဇ်အရ ရတနာပုံခေတ်တွင် ဒိုးပတ်ပေါ်ပေါက်လာပြီး ဒိုးပတ်သံလည်းပေါ်လာခြင်းဖြစ်သည်။ ဒိုးပတ်ပညာရှင်များကမူ ရတနာပုံခေတ်ထက်စောစွာ ပုဂံခေတ်ကတည်းက ပေါ်ပေါက်ခဲ့ပြီဟု နံရံဆေးရေးပန်းချီတချို့ကို ဖော်ပြကာ ကောက်ချက်ချသည်။

ညောင်ဦးမြို့ ရွှေစည်းခုံဘုရား နံရံအုတ်ခွက်တွင် လူတစ်ယောက်သည် ခုံမြင့်ပေါ်ထိုင်လျက် ဒိုးပတ်ရွယ်ပမာဏမျှရှိသော သားရေကြက်တူရိယာတစ်ခုကိုတီးဟန်ရှိသည်။ ပုဂံမြို့ မြင်းကပါရွာ တောင်ဘက်တွင်ရှိသော နဂါးရုံဘုရား နံရံဆေးရေးရုပ်တွင် အလားတူ ဒိုးပတ်အရွယ်ပမာဏမျှရှိသော သားရေကြက်တူရိယာများကို လူနှစ်ဦးက တီးနေသည့်ဟန်နှင့် တစ်ဦးက ကနေသည့်ဟန်ရေးဆွဲထားသည်။

ထိုခေတ်က ဒိုးပတ်သဏ္ဍာန်ရှိတူရိယာကို မည်သို့ ခေါ်ကြောင်းမသိရချေ။

သထုံမြို့၊ ပဲခူးမြို့ပတ်လည်တစ်ဝိုက်၌ ကမ္ဘည်း ကျောက်စာဌာနမှ တူးဖော်ရရှိသော စဉ့်ကွင်းတို့တွင် သီဆို၊ တီးမှုတ်၊ ကခုန်ဟန်အမူအရာတို့ကို အထင် အရှားမြင်နိုင်သည်။ ထိုသူတို့၏ အမူအရာများသည် ယခုခေတ်ဒိုးပတ်အကနှင့် ဆင်ဆင်တူသည်။ ထိုခေတ် ထိုအခါက ဘုရားပွဲ၊ အလှူပွဲတို့၌ အရပ်သူ၊ အရပ်သား များ လှည့်လည်သီဆိုကခုန်သော အရပ်အက၊ အရပ် သီချင်းမျိုးထွန်းကားပြီဟု ယူဆကြသည်။

ဦးပုည၏ မောင်ကင်းထံပေး မေတ္တာစာတွင် "အကြင်နာတိုးပွား၍၊ ယိုးဒယားဇာတ်သိမ်းတွင် ဒိုးကြီးဟိန်းသောကြောင့် ဘိတ်ပိတ်ပိန်းမြည်သံလို ကြည်နူးယင်း မေတ္တာနှင့် ချစ်ပဏ္ဏာ ကျောက်ဆူးချ လျှင် ဂါထာရှင်မောင်ကင်းမှာ တော်သလင်းလ ပွဲတော်တွင် ကံချော်သည့် ခွေးကဲ့သို့" ဟု ဒိုးပတ် အကြောင်းကို ထည့်သွင်းရေးသားခဲ့သည်ကို တွေ့ရသည်။

၁၂၄၄ ခုနှစ်တွင် မောင်စံသူရေးသားသည့် "ဘိန်းပုံရာဇာနှင့် ကွမ်းပုံကုမ္မာပြဇာတ်"နှင့် ၁၂၄၉ ခုနှစ် ဆရာသင်ရေးသားသော "ဝံသူတော်ပြဇာတ်" တို့တွင် "ဒိုးပတ်ဆက်" ဟု ပြဇာတ်တွင် ဒိုးပတ်နှင့် ဆိုင်သောစကားကို ထည့်သွင်းရေးသားခဲ့သည်။

ဒိုးပတ်တီးရာ၌ အငြိမ့်တီး သို့မဟုတ် အလှတီးနှင့် အယိုင်တီးဟူ၍ နှစ်မျိုးရှိသည်။ ထိုအတီးကို ပင်မှီ၍ ဒိုးပတ်အလှက သို့မဟုတ် အငြိမ့်ကနှင့် ဒိုးပတ်အယိုင်ကဟု ဖြစ်ပေါ်လာသည်။

ဒိုးပတ်အငြိမ့်တီးမှာ ယိုးဒယားသီချင်းကြီး တစ်ပုဒ်ကိုသော်လည်းကောင်း၊ စည်းချက်နှေးသော သီချင်းတစ်ပုဒ်ကိုသော်လည်းကောင်း တီးမှုတ်ကြခြင်းဖြစ်သည်။ ဒိုးပတ်ကသူမှာ စည်းချက်ကို လိုက်၍ ယဉ်ကျေးသိမ်မွေ့စွာ ကပြရသည်။ အဝတ်အစားမှာ မင်းသားအဝတ်အစားပင်ဖြစ်သည်။ နှဲမှုတ်သူက သူ၏သမ္ဘာဖြင့် နှဲစိမ်၍မှုတ်လျှင် ကပြသူသည် တေးသွားအလိုက်အတိုင်း သာယာစွာပင် ကပြရသည်။

ဒိုးပတ်အယိုင်တီးမှာ လူတိုင်း၏စိတ်ကို တက်ကြွစေသကဲ့သို့ အယိုင်ကသည်လည်း လူတိုင်း၏စိတ်ကို ပျော်ရွှင်စေသည်။ အယိုင်တီးရာ၌ စည်းချက်သွက်လက်စွာတီးမှုတ်လိုက်ပါကပြသူကလည်း ဖျတ်လတ်စွာဖြင့် ကပြသည်။ ထို့ကြောင့် ကြည့်ရှုရသည်မှာ မြိုင်ဆိုင်လှသည်။ ဒိုးပတ်သံကို ကြားပါက မကပြတတ်သူပင် ကချင်စိတ်ဖြစ်လာရသည်။ အနည်းငယ် ကပြတတ်သူဆိုပါက ဒိုးပတ်ဝိုင်းအတွင်း ဝင်ရောက်ကပြသည်ထိ ရှိတတ်သည်။

ဒိုးပတ်အယိုင်တီးကို ကရာတွင် အများအားဖြင့် အပြောင်ကများသာ ကပြလေ့ရှိသည်။ အပြောင်အကကို ကပြရာ၌ ခြေနင်းရာတွင်လည်းကောင်း၊ ခေါင်းလှုပ်ရာတွင်လည်းကောင်း စည်းဝါးကိုက်ရသည်။ ရယ်စရာဖြစ်အောင်လည်း ကပြနိုင်စွမ်းရှိရသည်။ အရွှင်၊ အဆတ်၊ အပြောင်မပီသခဲ့ပါက ဒိုးပတ်အက၏ အနှစ်သာရ မပြည့်ဝသည့်နှယ် ရှုမြင်ရသည်။ ဒိုးပတ်ကနေဟန်ကို ကြည့်ရင်း ကြည့်သူလည်း ပြုံးပျော်ဟန်ပေါက်လာပါက ပြီးပြည့်စုံတော့သည်။

အယိုင်ကရာတွင် ဝတ်စားဆင်ယင်ကြပုံမှာ အပြောင်၊ အဆတ် ကပြရသဖြင့် ကပြသူကို ပံ့ပိုးနိုင်သည့်၊ ကြည့်ရှုသူတို့က ဝတ်စားဆင်ယင်မှုကို ကြည့်ကာ ရယ်မောနစ်ခြိုက်နိုင်သည့် ဆင်ယင်မှုကို ဝတ်ဆင်ကြသည်။ အရွှင်၊ အဆတ်၊ အပြောင်အကကို ဦးစားပေးကသူများက ဦးရွှေရိုးဝတ်သည့် အဝတ်အစားမျိုးဝတ်ကြသည်။ ဒိုးပတ်ဝိုင်းများ၌မူ ကြက်တောင်စည်း၍ သနပ်ခါးကွက်ကျားရိုက်ပြီး ဘယက် ကြီးလည်ပင်းဆွဲကာ ခပ်ရွှင်ရွှင်၊ ခပ်သောသော ကပြသည့်ဟန်ဖြင့် အယိုင်က ကပြကြသည်ကများသည်။ ဦးရွှေရိုးအကနှင့် သူငယ်တော်အကများသည်လည်း ဒိုးပတ်ဝိုင်းတွင် ပါဝင်ကပြတိုင်း အယိုင်က ကကြသည်။ စစ်ကြိုခေတ်အခါက ဒိုးပတ်အယိုင်အတီး အကများတွင် ခေတ်ကိုသရော်သည့် စုံတွဲအကများနှင့် လမ်းလျှောက်၍ တီးမှုတ်ရသောပွဲများတွင် ပါဝင် ကပြတတ်ကြသည်။ လက်ရှိကာလတွင်လည်း လမ်းလျှောက်၍ တီးမှုတ်ရသောပွဲများတွင် ဒိုးပတ် အပြောင်အကများကို တွေ့မြင်နိုင်ကြသေးသည်။ တီးချက်သည် အယိုင်တီးချက်သာဖြစ်သဖြင့် ကပြသူသည် အရွှင်၊ အဆတ်၊ အပြောင်ကိုသာ ကပြသည်။ ကရာ၌ ခြေနင်းရာတွင်လည်းကောင်း၊ လက်လှုပ်ရာတွင်လည်းကောင်း၊ ခေါင်းလှုပ်ရာတွင် လည်းကောင်းစည်းဝါးကိုက်ကြသည်။ ရယ်စရာ ဖြစ်အောင်လည်း ကပြနိုင်စွမ်းရှိသည်။

ဒိုးပတ်အကသည် ဒိုးပတ်သံကြောင့်ပင် ပျော်ရွှင် တက်ကြွစေသည်။ ပုံမှန်အားဖြင့် ဒိုးပတ်ဝိုင်း တစ်ဝိုင်းတွင် နှဲ၊ ပလွေမှုတ်သူမှအပ လင်းကွင်းတီးသူ၊ ဝါးလက်ခုပ်တီးသူ၊ ဒိုးပတ်တီးသူတို့သည် ဒိုးပတ်ဝိုင်း အက၌ စီးမျောလိုက်ပါ ကကြသူများဖြစ်သည်။ ခုနစ်ထွေအက၏ ဒိုးပတ်အက၌မူ ကပြသူသည် ကိုယ်ကိုညွတ်ကာညွတ်ကာဖြင့် ဒိုးပတ်၏ မျက်နှာပြင် ဘယ်၊ ညာကိုတီးဟန်ပြုသည့် အကကို ဖန်တီးကပြထားသည်။ ကပြသူ၏ ဒိုးပတ်တီးဟန် အကများသည် နောက်ခံဒိုးပတ်သံနှင့် ထပ်တူ ပြုကြသည်။ ဒိုးပတ်ကို လွယ်မထားသော်လည်း လွယ်ထားဟန်ပြုရသည်။ ဒိုးပတ်မပါဘဲ ကပြနေသော်လည်း ကသူကိုယ်တိုင်က ဒိုးပတ်တီးနေဟန် ပုံသဏ္ဍာန်အထိရောက်အောင် ကပြနိုင်ကြသဖြင့် ဒိုးပတ်အကဟူ၍ ကကြိုးတစ်ရပ်အဖြစ် ထင်ရှားနေခြင်းဖြစ်သည်။

ဒိုးပတ်သည် မျက်နှာနှစ်ဖက်ရှိသည့် သားရေတူရိယာဖြစ်သည်နှင့်အညီ မျက်နှာနှစ်ဖက်စလုံးကို တီးခတ်ကြသည်။ အဖိုဘက်က ပတ်စာနည်းသည်။ အမဘက်က ပတ်စာများများ ကပ်ရသည်။ တီးခတ်ပုံ အနေအထားတူသော်လည်း အသံနှစ်မျိုး ထွက်နိုင်သည်။ ထို့ကြောင့် သံဖို၊ သံမဟူ၍ နှစ်မျိုးဖြစ်လာရသည်။ ဒိုးပတ်နှစ်လုံးအပြိုင်တီးရာတွင် ထွက်ပေါ်လာသောအသံစုံကိုလည်း သံဖို၊ သံမဟု ခေါ်ကြသည်။

❖ ဒိုးပတ်အကသည် ဒိုးပတ်သံကြောင့်ပင် ပျော်ရွှင်တက်ကြွစေသည်။ ပုံမှန်အားဖြင့် ဒိုးပတ်ဝိုင်းတစ်ဝိုင်းတွင် နှဲ၊ ပလွေမှုတ်သူမှအပ လင်းကွင်းတီးသူ၊ ဝါးလက်ခုပ်တီးသူ၊ ဒိုးပတ်တီးသူတို့သည် ဒိုးပတ်ဝိုင်းအက၌ စီးမျောလိုက်ပါကကြသူများဖြစ်သည်။ ခုနစ်ထွေအက၏ ဒိုးပတ်အက၌မူ ကပြသူသည် ကိုယ်ကိုညွတ်ကာညွတ်ကာဖြင့် ဒိုးပတ်၏မျက်နှာပြင် ဘယ်၊ ညာကိုတီးဟန်ပြုသည့်အကကို ဖန်တီးကပြထားသည်။ ကပြသူ၏ ဒိုးပတ်တီးဟန်အကများသည် နောက်ခံဒိုးပတ်သံနှင့် ထပ်တူပြုကြသည်။ ဒိုးပတ်ကို လွယ်မထားသော်လည်း လွယ်ထားဟန်ပြုရသည်။ ❖

ဒိုးပတ်ကို ကြိုးဖြင့် ပခုံးတွင် စလွယ်သိုင်းလျက် တီးသူ၏ ရှေ့တွင်ထားကာ တီးခတ်သည်။ ဒိုးပတ်၏ အမကို တီးသူ၏ ဘယ်ဘက်လက်ဖြင့်လည်းကောင်း၊ အဖိုကို ညာဘက်လက်ဖြင့်လည်းကောင်း တီးကြသည်။ တီးခတ်ရာတွင် အမဘက်တစ်လှည့်၊ အဖိုဘက် တစ်လှည့် တီးခတ်ခြင်းနှင့် တစ်ခါတစ်ရံတွင် အဖိုအမ တီးခတ်ခြင်းတို့ဖြင့် တီးကြသည်။ တစ်ခါ တစ်ရံတွင် အဖိုဘက်အတီးများ၍ တစ်ခါတစ်ရံတွင် အမဘက်အတီးများသည်။ တီးခတ်သော တီးလုံး တီးကွက်ပေါ်တွင်မူတည်ကာ တီးခတ်ပုံပြောင်းလဲ လေ့ရှိသည်။ အဖိုဘက်ကို အပေါ်ဘက်အနည်းငယ် ထောင်၍ အမဘက်ကို အောက်ဘက်ခပ်စိုက်စိုက် ထားကာ တီးကြသည်။

ဒိုးပတ်အတီးနှင့် ဒိုးပတ်အကကို ပိုမိုမြိုင်ဆိုင် စေရန် ဒိုးပတ်သီချင်းတို့ကိုလည်း သီကုံးစပ်ဆိုခဲ့ကြ သည်။ ဒိုးပတ်သီချင်းတို့သည် မြန်မာ့ရိုးရာကျေးလက် သီချင်းများအဖြစ်မှတ်တမ်းဝင်ခဲ့ကြသည်။

**ကောက်စိုက်မဒိုးပတ်သံ**

ပျိုလေးတို့ကောက်စိုက်ရာ၊ လိုက်လာနှင့်လေး။ လိုက်လာရင် ရွှံ့စဉ်ရော့မယ်၊ ဖောင်းကျော့ရင်သွေး။ မဲ့ပန်းညို ပတ်လည်ဝိုက်လို့၊ ထိပ်စိုက်တဲ့ မရိုးခိုင်ငယ်၊ ကိုးတိုင်ကမွှေး။ လယ်ပွဲတော်ဝင်၊ ပန်ချင်လျှင် ပုံတော်တီးငယ်၊ ခေါင်းဖြီးခဲ့လေး။ ပျိုစိုက်တဲ့လယ် ကန်သင်းက၊ ရွှေရင်းမာပင်၊ မပွင့်ခင်က ငုံတံသေး၊ ချိုးပန်ခဲ့လေး။ မိုးချုပ်လို့ချိန်တန်၊ ပြန်ချိန်မှာ မျှော်ကွဲ့လေး၊ ရွှေဖိုးခေါင် ညီနောင်အိပ်တဲ့၊ တောင်ထိပ်ကို နေစွယ်ခကာမှ၊ ချစ်တဲ့သူ ရွှေယောင် ပွရယ်၊ ကြိုပကွဲ့လေး။

(နန်းခလေ့မှတ်တမ်းများမှ)

ခုနစ်ထွေအကတွင် ဒိုးပတ်အကကို လူ သို့မဟုတ် ရုပ်သေးရုပ်ဖြင့် အရုပ်တစ်ရုပ်ချင်းကပါက ဝတ်စားဆင်ယင်ပုံမှာ သင့်သလိုဝတ်စားကြသည်က များသည်။ တချို့က မင်းသားလတ်အဝတ်အစားမျိုးဝတ်သည်။ လည်ပင်း၌လွယ်ကာ လက်နှင့် ရိုက်ပုတ်၍ တီးရသော ဒိုးပတ်တူရိယာတီးဟန်ကို တုပကာ ဒိုးပတ်အကဟု သီးခြားခွဲထွက်လာပြီး အဆင့်ဆင့်သော အကဖွံ့ဖြိုးမှုဖြင့် ဒိုးပတ်အကသည် အများကြိုက်ဖြစ်လာခဲ့သည်။


**ကိုးကား**

၁။ မြန်မာအကသမိုင်း(ပန်တျာမြင့်အောင်)

၂။ မြန်မာ့သားရေတူရိယာ(မန်းညွန့်တင်)

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၁၂၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီဧက ၁၂၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၂၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင် ၄၄၃ ဧက၊ ဘုတလင်မြို့နယ်တွင် ၂၄၉ ဧက၊ အရာတော်မြို့နယ်တွင် ၁၆၇ ဧက၊ ချောင်းဦးမြို့နယ်တွင် ၃၉၁ ဧက စုစုပေါင်းဧက ၁၂၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ပုံမှန်အတိုင်း အဆင်ပြေပြေ စိုက်ပျိုးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် ကြက်သွန်နီ စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၇၃၅၀၊ ဘုတလင်မြို့နယ်တွင် ဧက ၃၁၀၀၊ အရာတော်မြို့နယ်တွင် ၂၆၃ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၅၂၀ စုစုပေါင်း ၁၁၂၃၃ ဧက ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဒိုက်ဦးမြို့နယ် သပြေတောကျေးရွာ၌ ကျေးရွာရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး နိုဝင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဒိုးတန်းကျေးရွာအုပ်စု သပြေတောကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက သပြေတောကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း၊ လျှပ်စစ်မီတာသုံး ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် သပြေတောကျေးရွာ၌ တွင်းအကျယ် ၄ ဒသမ ၅ လက်မ၊အနက် ပေ ၄၀၀ ရှိစက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်း၊ လျှပ်စစ်သုံးရေမြှုပ်ပန့် တပ်ဆင်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း၊ တစ်နာရီရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၉ ဒသမ ၇ သန်းဖြင့် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ဇူလိုင် ၂၂ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ကိုညို

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရံ့ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငါးရံ့ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များအပါအဝင် ဒေသရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိကြောင်း ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးရံ့ပိသာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးရံ့ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အောက်တိုဘာလထဲမှာ ငါးရံ့တွေ ရန်ကုန်ဈေးကွက်ထဲကို သိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရံ့တွေတင်ပို့ရောင်းချအား တက်ခဲ့တာက ပြည်တွင်းဈေးကွက်က ဝယ်လိုအားကောင်းနေလို့ ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ အခုလို ဝယ်ယူအားကောင်းလာတော့ ပွဲရုံပိုင်ရှင်နဲ့ရေလုပ်သားတွေ အဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရံ့အသေး တစ်ပိသာလျှင် ငွေကျပ် ၁၄၅၀၀၊ ငါးရံ့အလတ် တစ်ပိသာလျှင် ငွေကျပ် ၁၇၅၀၀၊ ငါးရံ့အကြီး တစ်ပိသာလျှင် ငွေကျပ် ၂၈၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇေယျာသီရိမြို့နယ် သာယာဝှမ်းကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျည်တောင်ကျေးရွာအုပ်စု သာယာဝှမ်းကျေးရွာ၌ ပထမအကြိမ် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က သာယာဝှမ်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ကြသူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်၊ အဆိုပါလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက သာယာဝှမ်းကျေးရွာ RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သာယာဝှမ်းကျေးရွာရှိ အသားတိုးနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် အဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူများကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF)ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။

**နေဘ်လူး**

# သံဖြူဇရပ်မြို့နယ် ကဒါတ်ထောက်ကျေးရွာ၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သံဖြူဇရပ် နိုဝင်ဘာ ၂၁**


မွန်ပြည်နယ်မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ကဒါတ်ထောက်ကျေးရွာ၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၀ ရက်နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းလွင်၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုသန္တာလင်းနှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကဒါတ်ထောက်ကျေးရွာရှိ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပြည်နယ်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကဒါတ်ထောက်ကျေးရွာ၌ လမ်းအရှည်ပေ ၂၅၃၀၊အကျယ် ၁၂ ပေ၊အမြင့် ၉ လက်မရှိကတ္တရာခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၁၄၅ ဒသမ ၆၇ သန်းဖြင့် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သုတ**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

M L

# တနင်္ဂနွေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ ဥရောပအမှတ်ပေးပွဲစဉ်တွေထဲက အိမ်ကွင်းနိုင်ပွဲ ဆက်လက်ရယူလာအုံးမဲ့ အာဆင်နယ်၊ အင်တာမီလန်၊ ပဲရစ်အသင်းတို့ကို အားပေးရမှာပါ



ဒီတစ်ပတ် တနင်္ဂနွေနေ့ညမှာလဲ ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ပုံမှန်အတိုင်း ပြန်လည်ကစားလာကြမှာဖြစ်တဲ့အပြင် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေလဲ ပါဝင်လာတာကို တွေ့ရပါတယ်။ ပရီးမီးယားလိဂ်ပြိုင်ပွဲမှာဆိုရင် အမှတ်ပေးဇယားအဆင့်(၂)နေရာက မန်စီးတီးအသင်းနဲ့ ရမှတ်လေးမှတ်သာ ကွာဟပြီး အဆင့်(၁)နေရာမှာ ရပ်တည်နေတဲ့ အာဆင်နယ်အသင်းက အိမ်ကွင်းမှာ စပါးအသင်းကို ဧည့်ခံကစားရမှာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ လာမဲ့ဒီဇင်ဘာဘောင်ဆင်ဒေးမတိုင်ခင် ဘိုင်ယန်မြူးနစ်၊ ချဲလ်ဆီးအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားကြမှာဖြစ်တာကြောင့် သူတို့အသင်းအတွက် ပွဲကျပ်ကာလလို့တောင်ဆိုနိုင်ပြီး လက်ရှိမှာ နည်းပြအာတီတာအနေနဲ့ အသင်းကို ဘယ်လိုကိုင်တွယ်ကျော်ဖြတ်နိုင်မလဲဆိုတာ ဘောလုံးပရိသတ်တွေအနေနဲ့ စိတ်ဝင်စားနေကြတာပဲဖြစ်ပါတယ်။ ဒ့ါပြင် ဒီတစ်ပတ်စီးရီးအေပြိုင်ပွဲမှာလဲ အမှတ်ပေးဇယားအဆင့်(၄)နေရာက နာပိုလီအသင်းအနေနဲ့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ အတ္တာလန်တာအသင်းနဲ့ ဆုံတွေ့နေသလို အင်တာမီလန်အသင်းကလဲ ထိပ်တန်းပြိုင်ဘက် အေစီမီလန်အသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာပဲဖြစ်ပါတယ်။ လာမဲ့ကြားရက်မှာ ချန်ပီယံလိဂ်ပွဲစဉ်တွေအနေနဲ့ အုပ်စုပွဲစဉ်ငါးပွဲထိ ရောက်ရှိလာခဲ့ပြီဖြစ်သလို ယူရိုပါလိဂ်၊ ကွန်ဖရန့်လိဂ်ပွဲစဉ်တွေအနေနဲ့လဲ ဆက်လက်ယှဉ်ပြိုင် ကစားလာကြမှာဖြစ်လို့ ဥရောပထိပ်သီးကလပ်အသင်းတွေဟာ ဥရောပနဲ့ ပြည်တွင်းပြိုင်ပွဲတွေကြားမှာ ပွဲဆက်များနေမှုနဲ့ ကစားသမားပွဲပန်းမှုတွေ၊ ဒဏ်ရာရရှိမှုတွေ အများအပြားရှိလာတတ်တဲ့ ဘောလုံးရာသီကာလလို့ဆိုရမှာပါ။ ဒါကြောင့် အခုတစ်ပတ်မှာ အကောင်းဆုံးဖြစ်လာမဲ့ ပွဲစဉ်တချို့ကို လေ့လာရွေးချယ်တင်ပြလိုက်ရပါတယ်။

### အာဆင်နယ်အသင်းပဲ အနိုင်ရသွားပါလိမ့်မယ်

အာဆင်နယ်အသင်းနဲ့စပါးအသင်းဟာ ပရီးမီးယားလိဂ်ပွဲစဉ်(၁၂)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး လက်ရှိမှာ အာဆင်နယ်အသင်းအနေနဲ့ ပွဲစဉ် ၁၁ ပွဲကစားပြီး ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၁) နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ နိုင်ငံတကာရက်သတ္တပတ်မတိုင်ခင် ပရီးမီးယားလိဂ်ပွဲစဉ်(၁၁)မှာ ဆန်းဒါးလန်းအသင်းကို နှစ်ဂိုးစီသာသရေကစားနိုင်ခဲ့ကြပြီး အဆင့်(၂)နေရာက မန်စီးတီးအသင်းနဲ့ ရမှတ်လေးမှတ်သာ ကွာဟခဲ့ပြီဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ ဆန်းဒါးလန်းအသင်းနဲ့ပွဲစဉ်မှာဆိုရင် အသင်းရဲ့တိုက်စစ်ပိုင်းက ဆာကာ၊ အက်ဇီး၊ ထရော့ဆတ်တို့ ခြေစွမ်းပြကစားနိုင်ခဲ့ကာ ဒုတိယပိုင်းပွဲပြီးဆုံးခါနီးအချိန်ထိ နှစ်ဂိုး၊ တစ်ဂိုးနဲ့ ဦးဆောင်ကစားနိုင်ခဲ့ပေမဲ့ ဒီရာသီအကောင်းဆုံးခြေစွမ်းပြကစားနေတဲ့ ဆန်းဒါးလန်းအသင်းက နာကျင်အချိန်ပို လေးမိနစ်မှာ သွင်းယူခဲ့တဲ့ချေပဂိုးနဲ့ သရေရလဒ်သာရရှိခဲ့တာပဲဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းရဲ့ ပြိုင်ပွဲစုံ ၁၀ ပွဲဆက်နိုင်ပွဲဆက်ခဲ့တဲ့ စံချိန်ရပ်တန့်ခဲ့ရတာပဲဖြစ်ပါတယ်။ လက်ရှိမှာ အာဆင်နယ်အသင်းအနေနဲ့ လာမဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာလဲ လေးပွဲကစားလေးပွဲနိုင်နဲ့ အုပ်စုအဆင့်(၂) နေရာမှာ ရပ်တည်နေတာကြောင့် သူတို့အသင်း အခုပွဲစဉ်မှာ အာရုံစိုက်ကစားနိုင်ပြီး အကောင်းဆုံး ပြင်ဆင်လာပါလိမ့်မယ်။

လက်ရှိဘောလုံးရာသီမှာ ပွဲစဉ် ၁၁ ပွဲကစားအပြီး ငါးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၅)နေရာမှာ ရပ်တည်နေတဲ့ စပါးအသင်းဟာ ပြီးခဲ့တဲ့ မန်ယူအသင်းနဲ့ပွဲစဉ်မှာ ပုံစံကောင်းတွေပြသနိုင်ခဲ့ပြီး နှစ်ဂိုးစီသရေရလဒ်ရရှိခဲ့ပါတယ်။ သူတို့အသင်းအနေနဲ့ ဒီနှစ်ဘောလုံးရာသီမှာ ခြေစွမ်းပိုင်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းတည်ငြိမ်မှုမရှိဘဲ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနဲ့ တစ်ပွဲသရေကျထားတာပါ။ လက်ရှိမှာ စပါးအသင်းအနေနဲ့ ပရီးမီးယားလိဂ်အဝေးကွင်းပွဲစဉ်ငါးပွဲမှာ ရှုံးပွဲမရှိသေးတဲ့ တစ်သင်းတည်းသော အသင်းအဖြစ်ရပ်တည်နေတာကြောင့် အဝေးကွင်းခြေစွမ်းပိုင်း အကောင်းဆုံးဖြစ်နေတယ်လို့ ဆိုရမှာပါ။ ဒါပေမဲ့ စပါးအသင်းအနေနဲ့ အာဆင်နယ်အသင်းရဲ့ အိမ်ကွင်းပြိုင်ပွဲစုံတွေ့ဆုံမှု နောက်ဆုံးငါးပွဲမှာ တစ်ပွဲမှ အနိုင်ရခဲ့ခြင်းမရှိတာကြောင့် အခုပွဲစဉ်မှာ အာဆင်နယ်အသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

**အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၁ | - | ၀ | ပဲလေ့စ် |
| အာဆင်နယ် | ၂ | - | ၀ | ဘရိုက်တန် |
| ဘန်လေ | ၀ | - | ၂ | အာဆင်နယ် |
| ဆလားဗီးယားပရာဟာ | ၀ | - | ၃ | အာဆင်နယ် |
| ဆန်းဒါးလန်း | ၂ | - | ၂ | အာဆင်နယ် |

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၀ | - | ၃ | စပါး |
| နယူးကာဆယ် | ၂ | - | ၀ | စပါး |
| စပါး | ၀ | - | ၁ | ချဲလ်ဆီး |
| စပါး | ၄ | - | ၀ | ကိုပေဟေဂင် |
| စပါး | ၂ | - | ၂ | မန်ယူ |

### အင်တာမီလန်အသင်းကိုပဲ အားပေးရမှာပါ

အင်တာမီလန်နဲ့ အေစီမီလန်အသင်းတို့ဟာ ပြီးခဲ့တဲ့စီးရီးအေပွဲစဉ်(၁၁)မှာ ရှုံးနိမ့်မှုမရှိဘဲ လက်ရှိမှာတော့ အင်တာမီလန်အသင်းက အမှတ်ပေးဇယားအဆင့်(၁)နေရာမှာ ရပ်တည်ပါတယ်။ အေစီမီလန်အသင်းကတော့ အဆင့်(၃)နေရာမှာ ရပ်တည်နေကြပြီး ပြီးခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာ ပါးမားအသင်းကို နှစ်ဂိုးစီသရေကစားထားခဲ့ပါတယ်။ အင်တာမီလန်အသင်းကတော့ လာဇီယိုလိုအသင်းကို တိုက်စစ်ပိုင်းအကောင်းဆုံးပုံစံပြသနိုင်ခဲ့ပြီး နှစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် စီးရီးအေပွဲစဉ်(၁၁) ပွဲကစားအပြီးမှာ ရှစ်ပွဲနိုင်၊ သုံးပွဲရှုံးရလဒ်နဲ့ အဆင့်(၁)နေရာမှာ ရပ်တည်နေတာပဲဖြစ်ပါတယ်။ အင်တာမီလန်အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းအကောင်းဆုံးဖြစ်နေပြီး ပြိုင်ပွဲစုံနောက်ဆုံးလေးပွဲဆက် အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်တွေမှာဆိုရင် ဖီအိုရင်တီးနား၊ ဗီရိုနာ၊ ကိုင်ရတ်နဲ့ လာဇီယိုအသင်းတို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ အေစီမီလန်အသင်းနဲ့ အခုမီလန်ဒါဘီပွဲစဉ်မှာလဲ သူတို့အသင်းအနေနဲ့ အကောင်းဆုံးဖိအားပေးကစားလာနိုင်မှာပါ။

အေစီမီလန်အသင်းကတော့ လက်ရှိဘောလုံးရာသီ ပွဲစဉ် ၁၁ ပွဲကစားအပြီးမှာ တစ်ပွဲသာရှုံးပွဲရှိထားတယ်ဆိုပေမဲ့ အသင်းရဲ့ရလဒ်ပိုင်းကတော့ တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာနှစ်ပွဲနိုင်၊ သုံးပွဲသရေကျထားတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ ဒီနှစ်ဘောလုံးရာသီမှာ ဥရောပပြိုင်ပွဲယှဉ်ပြိုင်ကစားခွင့်မရှိတာကြောင့် အခုအမှတ်ပေးချန်ပီယံဆုကိုသာ ပစ်မှတ်ထားပြီး ယှဉ်ပြိုင်ကစားနေတာလို့ဆိုရမှာပါ။ ဒါကြောင့် သူတို့အသင်းအနေနဲ့ နာပိုလီ၊ ရိုးမားတို့လိုအသင်းတွေကို အနိုင်ကစားခဲ့တဲ့ထိ ခြေစွမ်းပိုင်းထက်မြက်နေတာကြောင့် အခုပွဲစဉ်မှာလဲ အင်တာမီလန်အသင်းရဲ့ခံစစ်ပိုင်းကို ဖိအားပေးကစားလာအုံးမှာပါ။ ဒါပေမဲ့ သူတို့နှစ်သင်းရဲ့လက်ရှိခြေစွမ်းပိုင်းမှာတော့ ဒီရာသီမှာ သွင်းဂိုး ၂၆ ဂိုးထိသွင်းယူထားနိုင်ခဲ့တဲ့ အင်တာမီလန်အသင်းရဲ့ တိုက်စစ်ပိုင်းက ပိုမိုအသာရနေသလို အခုလို ပြိုင်ဆိုင်မှုပြင်းထန်တဲ့ မီလန်ဒါဘီပွဲစဉ်မှာ အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာတတ်တဲ့ အင်တာမီလန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နာပိုလီ | ၃ | - | ၁ | အင်တာမီလန် |
| အင်တာမီလန် | ၃ | - | ၀ | ဖီအိုရင်တီးနား |
| ဗီရိုနာ | ၁ | - | ၂ | အင်တာမီလန် |
| အင်တာမီလန် | ၂ | - | ၁ | ကိုင်ရတ် |
| အင်တာမီလန် | ၂ | - | ၀ | လာဇီယို |

**အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၂ | - | ၁ | ဖီအိုရင်တီးနား |
| အေစီမီလန် | ၂ | - | ၂ | ပီဆာ |
| အတ္တာလန္တာ | ၁ | - | ၁ | အေစီမီလန် |
| အေစီမီလန် | ၁ | - | ၀ | ရိုးမား |
| ပါးမား | ၂ | - | ၂ | အေစီမီလန် |

### ပဲရစ်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ

လိုင်လီအသင်းဟာ ပြင်သစ်လီဂူးပွဲစဉ်(၁၃)အဖြစ် ပဲရစ်အသင်းကို အိမ်ကွင်းမှာ လက်ခံကစားရမှာပဲဖြစ်ပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာ လိုင်လီအသင်းက ပွဲစဉ် ၁၂ ပွဲယှဉ်ပြိုင်ကစားထားပြီး ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ ရမှတ် ၂၀ ရရှိထားကာ အမှတ်ပေးဇယားအဆင့်(၅)နေရာမှာ ရပ်တည်နေပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ နိုင်ငံတကာရက်သတ္တပတ်ပွဲစဉ်တွေမတိုင်ခင်မှာ ယူရိုပါလိဂ်ပြိုင်ပွဲမှာ ဇီဗတ်ဒါအသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ထားသလို အမှတ်ပေးပွဲစဉ်မှာလဲ စထရာဘော့ဂ်အသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ထားတာကြောင့် လက်ရှိခြေစွမ်းပိုင်းကျဆင်းနေတယ်လို့ ဆိုရမှာပါ။ ဒ့ါပြင် သူတို့အသင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲမှာလဲ နိုင်ပွဲနှစ်ပွဲသာ ရရှိထားပြီး လာမဲ့ကြားရက်မှာလဲ ဒိုင်နမိုဇာဂရက်လို ခရိုအေးရှားထိပ်သီးအသင်းနဲ့ ယူရိုပါလိဂ်ပွဲစဉ်ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် နောက်တစ်ဆင့်တက်ရောက်ဖို့ ရလဒ်ကောင်းဖို့ လိုအပ်နေပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ အခုပဲရစ်အသင်းနဲ့ အမှတ်ပေးပွဲစဉ်ကို အာရုံစိုက်လာနိုင်ပါ့မလားဆိုတာ သတိထားရမှာပါ။

ပြီးခဲ့တဲ့ဘောလုံးရာသီမှာ လိဂ်(၂)ကနေ အဆင့်(၂)အဖြစ် တန်းတက်လာခဲ့တဲ့ ပဲရစ်အသင်းကတော့ လက်ရှိခြေစွမ်းပိုင်းအကောင်းဆုံးစွမ်းဆောင်ထားနိုင်တယ်လို့ ဆိုရမှာပါ။ သူတို့အသင်းအနေနဲ့ ပွဲစဉ် ၁၂ ပွဲကစားထားအပြီးမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ အဆင့်(၁၁)နေရာမှာ ရပ်တည်နေတာဟာ ပဲရစ်အသင်းအတွက် အကောင်းဆုံးရပ်တည်မှုလို့ ဆိုရမှာပါ။ ပဲရစ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ လီဂူးနောက်ဆုံးသုံးပွဲမှာ လိုင်ယွန်အသင်းကို သရေ၊ မိုနာကိုအသင်းကို တစ်ဂိုး ဂိုးမရှိနဲ့အနိုင်ကစားခဲ့ပြီး ရင်းနစ်အသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ လိုင်လီအသင်းရဲ့တိုက်စစ်ပိုင်းကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်မယ်လို့ ယူဆမိပါတယ်။ ဒ့ါပြင် လိုင်လီနဲ့ ပဲရစ်အသင်းတို့ဟာ အမှတ်ပေးပွဲစဉ်တွေ့ဆုံမှုမရှိထားတဲ့အပြင် ပဲရစ်အသင်းအနေနဲ့လဲ ယူရိုပါလိဂ်ပြိုင်ပွဲယှဉ်ပြိုင်ကစားဖို့ရှိနေတဲ့ လိုင်လီအသင်းကို တိုက်စစ်ထက် ခံစစ်ပိုင်းဦးစားပေးကစားလာနိုင်ပါတယ်။ ဒါကြောင့် အဝေးကွင်းမှာ အနည်းဆုံးသရေရလဒ်ရယူလာမဲ့ ပဲရစ်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**လိုင်လီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်လီ | ၆ | - | ၁ | မက်ဇ် |
| နိုက် | ၂ | - | ၀ | လိုင်လီ |
| လိုင်လီ | ၁ | - | ၀ | အန်းဂါး |
| ဇီဗတ်ဒါ | ၁ | - | ၀ | လိုင်လီ |
| စထရာဘော့ | ၂ | - | ၀ | လိုင်လီ |

**ပဲရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လန့် | ၂ | - | ၁ | ပဲရစ် |
| ပဲရစ် | ၁ | - | ၂ | နန့်တက်စ် |
| ပဲရစ် | ၃ | - | ၃ | လိုင်ယွန် |
| မိုနာကို | ၀ | - | ၁ | ပဲရစ် |
| ပဲရစ် | ၀ | - | ၁ | ရင်းနက်စ် |

# ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၅၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဟုမ္မလင်း နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၅၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟုမ္မလင်းမြို့နယ်တွင် ၁၁၂၉ ဧက၊ မိုပိုင်းလွတ်မြို့တွင် ၁၂၂ ဧက စုစုပေါင်း ၁၂၅၁ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက၂၀၀၀ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေစိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းခရိုင်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ဧက ၂၈၅၀၊ မိုပိုင်းလွတ်မြို့တွင် ဧက ၁၀၀ စုစုပေါင်း ဧက ၂၉၅၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဟုမ္မလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကိုသက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးပြေမပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးပြေမပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် စက်တင်ဘာလအတွင်းက ငါးပြေမ ပိဿာချိန် ၆၆၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးပြေမပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးပြေမပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ဘိုကလေးမြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့ အများဆုံးတင်ပို့ခဲ့ရတာပါ'' ဟု ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေး ငါးပြေမနှစ်မျိုးထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၀၀၀၀ မှ ၁၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငါးပြေမများသည် ဈေးကွက်အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များက ငါးပြေမငါးများကို တိုးချဲ့မွေးမြူလာကြကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်ကပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့်ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကိုပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များရေးမှတ်ရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။
- မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm











## အရောင်းဝန်ထမ်း အမျိုးသမီး ၁၀ ဦး အလိုရှိသည်

ပညာအရည်အချင်းမလို၊ လုပ်ငန်းအတွေ့အကြုံမလို၊
အလုပ်လုပ်ချင်စိတ်ရှိရမည်။
နယ်မှ လာရောက်လျှောက်ထားသူများအတွက်
နေထိုင်စားရိတ်စီစဉ်ပေးမည်။
၇၉လမ်း၊ ၂၇-၂၈ လမ်းကြား၊ 35 CORNER မျက်မှန်ဆိုင်၊
မန္တလေးမြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်- ဖုန်း ၀၉-၇၅၀၅၆၇၆၉၄**

### မွေးသက္ကရာဇ်အမှန်

မြန်မာ့စီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ လွှစက်ရုံမှ ဦးဝင်းကျော်၊ အလုပ်အမှတ်(၁၂၈၆)၊ စက်မှုကျွမ်းကျင်(၅)လွှကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(၉/အမရ(နိုင်)၁၄၂၄၈၆)၏ မွေးသက္ကရာဇ်မှာ ၂၈-၃-၁၉၆၇ ဖြစ်ပါကြောင်း။

ဦးဝင်းကျော်
(၂၈-၃-၁၉၆၇)

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဘယ်လင်းကျေးရွာအုပ်စု၊ ဘဏ္ဍာကျေးရွာအခြေခံပညာမူလတန်းကျောင်း Grade-5 တွင် ပညာသင်ကြားနေသော မဒီမြတ်မိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဝင်း ဖြစ်ပါကြောင်း။

ဦးအောင်ဆန်းဝင်း
(၉/စကတ(နိုင်)၀၈၄၅၂၇)

### ပျောက်ဆုံးကြောင်း

ကျောက်မဲမြို့ အမှတ်(၂)ရပ်ကွက်နေ စိုင်းဝင်းလှိုင် (ဘ) ဦးလုဖေ ၁၃/ကမန(နိုင်)၀၀၀၇၉၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် MQ-11729 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
09-258604611

### ပျောက်ဆုံးကြောင်း

သီပေါမြို့ ရွှေကျောင်းရပ်ကွက်နေ စိုင်းအောင်အောင် (ဘ) ဦးစိုင်းရွှေလု ၁၃/သပန(နိုင်)၀၄၄၃၆၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
09-952210538

**အဖိုးတန်ရေချိုကို ချွေတာပါ**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ နိုင်ငံတော်၏စီးပွားရေးကို လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် စိုက်ပျိုးမွေးမြူရေးသည် မိမိတို့နိုင်ငံတွင်ရှိသည့် တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးမြှင့်ဖော်ဆောင်ပေးခြင်းသည် အထိရောက်ဆုံးဖြစ်...

(ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅) တွင် ပြောကြားသော ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# KK Park နယ်မြေအတွင်း Online လိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၉၆ လုံး ဖြိုချဖျက်ဆီးပြီးဖြစ် ရွှေကုက္ကိုလ်နယ်မြေအတွင်းမှ တရားမဝင်ပြည်ပနိုင်ငံသား ၃၅၁ ဦး ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့



နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး Online လိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများကို ဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ မြဝတီ-မယ်ထော်သလေး(KK Park)နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၉၆ လုံးကို စာမျက်နှာ ၂၂ ကော်လံ ၁ ❑

ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်နိုင်ငံခြားသားများ ဖမ်းဆီးစစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ။

## ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြပါရှိပါသည်။ ရတနာပုံ

## အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၁

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုး သားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်ထိ လက်ခံကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၂၂ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် မြန်မာU-17 အမျိုးသားဘောလုံးအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲ ၇၅၄ တွဲ ရောင်းချရ

နေပြည်တော် နိုဝင်ဘာ ၂၁

၂၀၂၅ ခုနှစ် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့်ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်း(အုပ်စုအေနှင့်အုပ်စုဘီ)တို့မှ အတွဲ ၁၀၀၀ အနက် ကျောက်စိမ်းအတွဲ ၇၅၄ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို စာမျက်နှာ ၁၈ ကော်လံ ၄☆



၂၀၂၅ ခုနှစ် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့တွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြစဉ်။

